# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၃)ရက် ၊ တနင်္ဂနွေနေ့ ၊ (2-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၈၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ရက်အတွင်း မြန်မာ့မီးရထားက ရှုခင်းကြည့်(Sight Seeing)အပျော်စီးရထားကို တောင်ကြီး-ပေါ်မူ-တောင်ကြီးခရီးစဉ်အဖြစ် နိုဝင်ဘာ ၁ ရက်မှ ၄ ရက်ထိ စတင်ပြေးဆွဲလျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ တောင်ကြီးမြို့၏သာယာလှပသောရှုခင်းများအား စိတ်ချမ်းမြေ့စွာကြည့်ရှုခံစားနိုင်ရန် တောင်ကြီး–ပေါ်မူ–တောင်ကြီး (အသွား၊ အပြန်) ရထားခရီးစဉ်ကို တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကာလဖြစ်သည့် နိုဝင်ဘာ ၁ ရက်မှစတင်၍ ၄ ရက်ထိ ပြေးဆွဲပေးလျက်ရှိသည်။

တောင်ကြီး–ပေါ်မူခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင်ကွာဝေးပြီး ပြေးဆွဲချိန် ၁ နာရီခွဲခန့်ကြာမြင့်ကာ လမ်းခရီးတွင် ဘဝသံသရာအဝိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီးသိမ်ဘူတာ၌ ၁၅ မိနစ်ရပ်တန့်ပေးပြီး ပေါ်မူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိ၍

**စာမျက်နှာ ၁၆ ကော်လံ ၁**

## ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၁၈


## ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၁၈

## ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေ

**နေပြည်တော် နိုဝင်ဘာ ၁**

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area)ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။






ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂ ရက်
အယ်ဒီတာ့အာဘော်

# အကြမ်းဖက်လုပ်ရပ်များကို ဝိုင်းဝန်းရှုတ်ချဆန့်ကျင်ကြ

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုသည် အခရာကျသည်။ တည်ငြိမ်အေးချမ်းမှုမရှိပါက ဖွံ့ဖြိုးတိုးတက်မှုသည် အလှမ်းကွာဝေးနေဦးမည်ဖြစ်သည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် တည်ငြိမ်အေးချမ်းမှုရရှိစေရန် ဦးစွာလုပ်ဆောင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် တည်ဆောက်ပေးထားသည့် လမ်းများ၊ တံတားများ၊ ဆည်တာတမံများ၊ စာသင်ကျောင်းများ၊ လျှပ်စစ်ဓာတ်အားတာဝါတိုင်များ၊ ဆက်သွယ်ရေးတာဝါတိုင်များ၊ အုပ်ချုပ်ရေးဆိုင်ရာရုံးအဆောက်အအုံများ စသည်တို့သည် ပြည်သူများ၏ အခွန်ဘဏ္ဍာများဖြင့် တည်ဆောက်ပေးထားခြင်းဖြစ်သည်။ အဆိုပါပြည်သူပိုင်ပစ္စည်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးနေသူ အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများက နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများပျက်ပြားစေရန် ရည်ရွယ်၍ ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ဖျက်ဆီးမှုများကျူးလွန်နေကြခြင်းဖြစ်သည်။

လတ်တလောတွင်လည်း ရွှေဘို-ကျောက်မြောင်း-စဥ့်ကူး-မန္တလေးသွား ကားလမ်းပေါ်ရှိ ဧရာဝတီမြစ်ကူးတံတားတစ်စင်းဖြစ်သည့် ဧရာဝတီတံတား(ရတနာသိခ်)ကို PDF အမည်ခံအကြမ်းဖက်သမားများနှင့်ပူးပေါင်းအဖွဲ့များက အောက်တိုဘာ ၂၉ ရက် နံနက် ၆ နာရီ ၁၀ မိနစ်ခန့်တွင် ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြသည်။ ဧရာဝတီတံတားသည် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတား၏အရှည်မှာ ပေ ၂၄၈၀၊ အကျယ် ၂၅ ပေနှင့် လူသွားလမ်း ဘယ်/ညာသုံးပေရှိသည်။

အဆိုပါတံတားသည် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဥ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့ကိုဆက်သွယ်ထားသည့် တံတားဖြစ်ပြီး ပြည်သူများ၏လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အဓိကအရေးပါသည့်တံတားတစ်စင်းဖြစ်သည်။ မိုင်းပေါက်ကွဲမှုကြောင့် တံတား၏ရေလယ်တိုင်များဖြစ်သည့် တိုင်အမှတ် RP4 နှင့် RP5 တို့အကြား ကျိုးကျပျက်စီးခဲ့သည့်အပြင် RP6-A2 ချဉ်းကပ်လမ်းနေရာတို့တွင် ကျိုးကျပျက်စီးခဲ့ရသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များ၏ စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ဧရာဝတီတံတားကို အမြော်အမြင်မဲ့စွာဆင်ခြင်မှုမရှိသော ဖျက်လိုဖျက်ဆီးလုပ်ရပ်များကြောင့် လက်ရှိအချိန်တွင် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများဖြတ်သန်းသွားလာနိုင်ခြင်းမရှိတော့ဘဲ ကုန်စည်စီးဆင်းမှုများရပ်တန့်လျက်ရှိသည်။ ထို့ကြောင့် ဒေသခံပြည်သူများက PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များ၏ ဒေသတွင်းကောင်းစားရေးဟု ခေါင်းစဉ်တပ်သုံးနှုန်းနေသော်လည်း လက်တွေ့တွင် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ၊ လူအခွင့်အရေးများ များစွာဆုံးရှုံးအောင် လုပ်ဆောင်နေကြသည့်အပေါ် သိရှိနားလည်သဘောပေါက်လာကြပြီး ရွံရှာမုန်းတီးစွာ ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

လက်ရှိတွင် ဧရာဝတီတံတား(ရတနာသိခ်)ကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း အတူတကွပူးပေါင်းကာ ပြည်သူလူထုတို့ ပူပင်ကြောင့်ကြမှုကင်းစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ ပြည်ထောင်စုတစ်ဝန်းလုံးအကြမ်းဖက်လုပ်ရပ်များ လျော့နည်းပပျောက်စေရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုနှောင့်နှေးစေကာ ပြည်သူ့အကျိုးစီးပွားကို ဖျက်လိုဖျက်ဆီးစိတ်ဖြင့် ထိခိုက်အောင်ဆောင်ရွက်သည့် PDF အမည်ခံအကြမ်းဖက်သမားများနှင့်ပူးပေါင်းအဖွဲ့များ၏ အဖျက်လုပ်ရပ်များကို ပြည်သူအပေါင်းက လက်မခံဘဲ ဝိုင်းဝန်းရှုတ်ချဆန့်ကျင်တိုက်ဖျက်ကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၅၆ ရက် သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေး နည်းဥပဒေ ၂၆(၂)နှင့်နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ(၁၀) သို့မဟုတ် (၉၀/၁/နငသ)နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကိုပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က)ဖြင့် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ယင်းသို့ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ(၄-ခ)ကို ယင်းရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)နှင့်ပုံစံ(၄-ခ)တို့ပူးတွဲ၍ တောင်းဆိုလွှာပုံစံ (၃)ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက အောင်မြေသာစံမြို့နယ်အတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော နေအိမ်များအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ပံ့ပိုးငွေများပေးအပ်



မန္တလေး နိုဝင်ဘာ ၁

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီက မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီးခဲ့သည့်နေအိမ်များနှင့် တိုက်ခံအိမ်များအတွက် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ လူသေဆုံးသူများ၏ မိသားစုဝင်များအတွက် ပံ့ပိုးငွေများပေးအပ်လျက်ရှိရာ အောင်မြေသာစံမြို့နယ်အတွင်း ဌာနဆိုင်ရာရုံးများ၊ အိမ်ရာများ၊ နေအိမ်အဆောက်အအုံများ၊ ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ လမ်းတံတားများထိခိုက်ပျက်စီးခြင်း၊ လူသေဆုံးခြင်းများဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့်နေအိမ်များအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးပေးအပ်ခြင်းနှင့် ပံ့ပိုးငွေများပေးအပ်ခြင်းကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ ဘုရားနီဘုရားဝင်းနိုင်လွန်ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီက တိုင်းဒေသကြီးအတွင်းမှ တစ်စိတ်တစ်ပိုင်းပျက်စီးနေသော နေအိမ်များအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့်ပံ့ပိုးငွေများကို ပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

## ဇလွန်မြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ

ဇလွန် နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စမ်းစမ်းဌေးက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်တွင် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ စားတော်ပဲများအဝယ်လိုက်လာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ စားတော်ပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင် အိတ်ရေ ၁၅၀၀ မှ ၄၀၀၀ ထိ အရောင်းအဝယ်ဖြစ်လာကြောင်း သိရသည်။

"စားတော်ပဲက အရင်ကထက် တော်တော်လေး အရောင်းအဝယ် ဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးမှု အားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ စားတော်ပဲတွေက ဆောင်းကာလကကျန်တဲ့ ပဲအဟောင်းတွေပါ။ အရောင်းအဝယ် ကောင်းလာတော့ ပဲလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာတာ တွေ့ရပါတယ်။ လက်ရှိ ဒေသထွက် စားတော်ပဲတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူအားကောင်းလာတာဖြစ်ပါတယ်"ဟု ဇလွန်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စမ်းစမ်းဌေးက ပြောပြသည်။

ဇလွန်မြို့နယ်တွင် စားတော်ပဲများအပါအဝင် အခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် MYDA တို့ပူးပေါင်း၍ VOTER EDUCATION FOR YOUTH အသိပညာပေးဟောပြောပွဲကျင်းပ



**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲနှင့် မြန်မာလူငယ် ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MYDA)တို့ ပူးပေါင်းကျင်းပပြုလုပ်သည့် "VOTER EDUCATION FOR YOUTH" အသိပညာပေးဟောပြောပွဲကို မန္တလေးမြို့ ဗထူးအားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမကြီး၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်း၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MYDA) အသင်းဥက္ကဋ္ဌ ဦးဇော်မျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက မြန်မာနိုင်ငံတွင် ပါလီမန်ဒီမိုကရေစီစနစ်မှစ၍ ရွေးကောက်ပွဲများ ကျင်းပခဲ့သည့် သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MYDA) အသင်းဥက္ကဋ္ဌ ဦးဇော်မျိုးအောင်က "VOTER EDUCATION FOR YOUTH" ခေါင်းစဉ်ဖြင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို လူငယ်များ၏ရွေးကောက်ပွဲစနစ်နှင့် မဲပေးခြင်းအခြေခံအချက်များကို သိရှိနားလည်စေရန်၊ မဲဆန္ဒရှင်အဖြစ် မိမိတို့၏ တာဝန်နှင့်အခွင့်အရေးများကို သိရှိနားလည်စေရန်၊ မှန်ကန်သော မဲပေးမှုစနစ်များကို သိရှိနားလည် အကောင်အထည်ဖော် ဆောင်ရွက်တတ်စေရန်၊ လူငယ်များအနေဖြင့် ဒီမိုကရေစီစနစ်တွင် မဲဆန္ဒနယ်၏အရေးပါမှုကို သိရှိနားလည်လာစေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်း ဖြစ်ကြောင်း သိရသည်။

(၁၅၂)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ မျက်ပါးရပ်နေ ဦးစိုင်းဝဏ္ဏ-ဒေါ်သင်းသင်းထွေး "စိန်သီဟ"ရွှေဆိုင်းမိသားစုက ငလျင်ကြောင့်ပျက်စီးသွားသောအဆောက်အအုံများ ပြန်လည်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ နာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်း၊ ဆေးရုံကြီးကြပ်ရေးနှင့်အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဦးစိုးလင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၂၄၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ထီးချိုင့် နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲပုပ် ၂၄၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် ပဲပုပ် ၄၆၀၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ပဲပုပ် ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပိုးမွှားကျရောက်မှု မရှိစေဖို့၊ လိုအပ်တဲ့မျိုးစေ့ရရှိဖို့ အတွက် တောင်သူတွေကို အသိပညာပေးဆောင်ရွက်နေပါတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ကုန်းတဲ(တောင်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မလှိုင် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းတဲ(တောင်)ကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကုန်းတဲ(တောင်)ကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းမှာကြားသည်။

ကုန်းတဲ(တောင်)ကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများမှ ဦးဆောင်၍ ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဇရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၀၁၂ ဧက စိုက်ပျိုးမည်

**ငပုတော နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဇရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၀၁၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဇရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၀၁၂ ဧက လျာထားစိုက်ပျိုးမည်ဖြစ် ပြီး ယခုနှစ် နိုဝင်ဘာလဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါသီးနှံစုံ ၆၀၁၂ ဧကတွင် မြေပဲ ၃၄၄၈ ဧက၊ နှမ်း ၁၁၉ ဧက၊ နေကြာ ၉၃ ဧက၊ မတ်ပဲ ၂၀၄ ဧက၊ ပဲတီစိမ်း ၁၅၃ ဧက၊ ဗိုလ်ကိတ်ပဲ ၇၁၆ ဧက၊ ဖူးစားပြောင်း ၂၈၇ ဧက၊ ဇရုတ် ၆၄ ဧက၊ ဟင်းသီးဟင်းရွက် ၇၂၈ ဧက စုစုပေါင်း ၆၀၁၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ သီးနှံစုံဧက ၆၀၀၀ ကျော် လျာထားစိုက်ပျိုးဖို့ရှိပါတယ်။ သီးနှံစုံလျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနဲ့ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ သီးနှံစုံတွေ အထွက်နှုန်းကောင်းမွန်ဖို့ကိုလဲ တောင်သူပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

သီးနှံစုံကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံစုံကို ဒေသမရွေး တိုးချဲ့စိုက်ပျိုး နိုင်ရေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



မျိုးသူ(ကုန်သွယ်မြှင့်)

# များများထုတ် များများရှာ၊ များများသုံးမလား၊ ခြိုးခြံချွေတာမလား

**❖ အဓိကအားဖြင့် များများထုတ် များများသုံး အယူအဆ၏ အခြေခံမှုကို တိုက်ရိုက်ဆန့်ကျင်သည့် လူမှု-နိုင်ငံရေး အတွေးအခေါ် မျိုးလည်း ပေါ်ထွန်းလာသည်။ ဂေဟစနစ် ထိန်းသိမ်းလိုသူများ၊ သဘာဝသယံဇာတများကို ထိန်းသိမ်းလိုသူများ၊ ကမ္ဘာကြီးပူနွေးလာမှုကို စိုးရိမ်သူများသည် အဆိုပါစနစ်ကို ဆန့်ကျင်လာကြသည်ကို တွေ့ရသည်။ ထို့ပြင် Frugal Lifestyle ကဲ့သို့ အသစ်အဆန်းများနောက်မလိုက်သည့် ခြိုးခြံချွေတာသည့် နည်းလမ်းများသည်လည်း များများထုတ်များများဝယ် အယူအဆနှင့် ဆန့်ကျင်သည့် အယူအဆ ဘဝနေနည်းများ ရှိလာသည်။ ❖**

ကမ္ဘာပေါ်တွင် ကုန်ပစ္စည်းအသစ်အဆန်းများ၊ တီထွင်ဖန်တီးမှုများနှင့် ဆန်းကြယ်မှုများကြောင့် စားသုံးသူအများစုသည် ဝယ်ပြီးရင်းဝယ်ချင်သည့် အခြေအနေကို ရောက်လာသည်ဟု ဆိုနိုင်သည်။ အသစ်အဆန်းများမှာ ဆက်တိုက်ဆိုသကဲ့သို့ထုတ်လုပ်နေသကဲ့သို့ ဝယ်ယူသူများသည်လည်း အသစ်အဆန်းများကို ပေါ်တိုင်းဝယ်လိုတတ်ကြသည်။ အထူးသဖြင့် လူငယ်များကြားတွင် အသစ်အဆန်းများဖြင့် လူရာဝင်မှုကို ရှာတတ်ကြသည်ဟု ဆိုချင်သည်။ စမတ်ဖုန်းများကို တွင်တွင်ကျယ်ကျယ်အသုံးပြုလာကြသည်နှင့်တစ်ပြိုင်နက် အိုင်ဖုန်းများသည် လူငယ်များကြားတွင် မရှိမဖြစ် အသုံးအဆောင်တစ်ခု၊ ချမ်းသာမှုပြယုဂ်တစ်ခုအဖြစ်ရှိလာသည်ဟု ဆိုချင်သည်။ အိုင်ဖုန်းများနှင့် ဆမ်ဆောင်းဖုန်းများ နှစ်စဉ်လိုလို စီးရီးလိုက်အသစ်အဆန်းများ ထွက်ပေါ်လာနေသည်ကိုကြည့်လျှင် ပေါ်သည်နှင့် တန်းစီဝယ်ယူနေကြသည့်လူများကို တွေ့နေရသည်။ ထိုသူများလက်ထဲကို ကြည့်လျှင်လည်း ယခင်နှစ် အိုင်ဖုန်းများ ရှိနေတတ်သည်။ ထိုသူတို့အား လက်ထဲမှဖုန်းအကောင်းစားကို မပျက်စီးသေးဘဲနှင့် မည်သည့်အတွက် ထပ်မံဝယ်ယူချင်ပါသနည်းဟု မေးကြည့်ပါ။ အာမခံမပျက်ခင် ဝယ်ယူခြင်းဖြင့် တန်ဖိုးအနည်းငယ်သာလျော့ပြီး အနည်းငယ်သာ ထပ်မံကုန်ကျပြီး အသစ်တစ်ခု ဝယ်နိုင်၊ ကိုင်နိုင်သည်ဟုပြောကြသည်။ Trade in လုပ်သည်၊ တစ်နည်းအားဖြင့် ကောင်းသေးသောအဟောင်းပေး၍အသစ်ယူလုပ်သည်ဟုပြောကြသည်။ အလိုက်ပေးရပါသည်။ အလိုက်ပေးရသည့်ငွေမှာ မနည်းလှပါ။ သို့သော် မိမိ၏လူနေမှုအဆင့်အတန်းကိုမြင့်သယောင် ပြသလိုခြင်း၊ ဝယ်ယူနိုင်စွမ်း Purchasing Power ကို ပြသနိုင်ခြင်း စသည်တို့ကြောင့် ဝယ်နေကြသည်ဟု ထင်မိသည်။ ထိုကဲ့သို့ပင် အခြားသော အသုံးအဆောင်ပစ္စည်းများကိုလည်း အသစ်အသစ်များပေါ်တိုင်း လိုက်ပါဝယ်ယူချင်စိတ်ဖြစ်အောင် ထုတ်လုပ်ရောင်းဝယ်သူများက ကြိုးစားကြသည်။ ထိုနည်းလမ်းဖြင့် ကုန်ထုတ်လုပ်မှုတိုးလာပြီး ဂျီဒီပီ တက်လာသည် စီးပွားရေးဖွံ့ဖြိုးလာသည်ဟု ယူဆကြသည်။ ထို့ကြောင့် စားသုံးသူများကို ဝယ်ယူချင်စိတ်မြင့်အောင်၊ ဆက်တိုက်ဝယ်ယူနေအောင် လုပ်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်ချက်ဖြစ်သည်ဟု ယူဆထားကြသည်။ အဆိုပါအယူအဆသည် ချမ်းသာသောနိုင်ငံများအတွက် ရည်ရွယ်သလားဟု ယူဆသည်များလည်း ရှိလာသည်။ အသစ်အဆန်းများကို ဆက်တိုက်ထုတ်လုပ်ပြီး အသစ်ပေါ်တိုင်း ဝယ်ယူစားသုံးကြခြင်းသည် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေသလားဟု သံသယဖြစ်သူများလည်း ရှိလာသည်။ စားသုံးသူများသည် အသစ်အဆန်းများနောက်လိုက်ရင်း မူလဝင်ငွေတိုးလာအောင် မစွမ်းဆောင်နိုင်သည့်အခါတွင် မသမာသော ဝင်ငွေများကို ရှာဖွေလာတတ်ကြသည်။ အဆိုးဆုံးမှာ ကောင်းရောင်းကောင်းဝယ်မဟုတ်သောနည်းလမ်းများကို သုံးစွဲလာခြင်းနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းကဲ့သို့ ဖြတ်လမ်းနည်းများ၊ ခိုးနှိုက်လုယက်သည့် နည်းလမ်းများကို လုပ်ကိုင်လာတတ်ကြသည်။ တစ်နည်းအားဖြင့် ရာဇဝတ်မှုများ များပြားလာတတ်သည်။

**များများထုတ် များများသုံးရေးဝါဒ**

Consumerism ဆိုသည်ကို များများထုတ် များများသုံးရေးဝါဒဟု ဘာသာပြန်ထားသည်ကို တွေ့ရသည်။ ကျွန်တော်တို့သည် ကုန်ထုတ်လုပ်မှုများ တိုးတက်ရမည် သို့မှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဟု ယူဆထားသည်။ များများထုတ် များများသုံး အယူအဆမှာ ကုန်ပစ္စည်းပိုင်ဆိုင်မှုနှင့် ကုန်စည်များ ဝယ်ယူမှုပမာဏများနှင့် ဝန်ဆောင်မှုများကို တိုးမြှင့်ဝယ်ယူအသုံးပြုခြင်းကို လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဦးတည်ချက်တစ်ခုအဖြစ် အားပေးသည့် အတွေးအခေါ်တစ်ခုဖြစ်သည်။ လူတို့၏ပျော်ရွှင်မှု၊ လူမှုအဆင့်အတန်းနှင့် လူမှုရေးနေရာတို့ကိုပိုင်ဆိုင်ပစ္စည်းများနှင့် ဝယ်ယူနိုင်သည့်ပမာဏတို့ဖြင့် တိုင်းတာသည့် အတွေးအမြင်ပေါ်တွင် အခြေခံသည်။ တစ်နည်းအားဖြင့် ထိုအတိုင်း ယနေ့ခေတ်ကမ္ဘာထိ အများစုသုံးစွဲအောင်မြင်နေသည်ကို တွေ့နိုင်သည်။

စီးပွားရေးဆိုင်ရာအဓိပ္ပာယ်အနေဖြင့် ဤအယူအဆသည် စီးပွားရေးဖွံ့ဖြိုးကြီးထွားမှုအတွက် စားသုံးသူများ၏ ဝယ်ယူမှုကို လှုံ့ဆော်ပေးသောကိစ္စတစ်ခု ဖြစ်လာသည်။ ထုတ်လုပ်မှုနှင့် ဝယ်ယူစားသုံးမှုစက်ဝန်း မရပ်မနားလည်ပတ်နေပြီး တဖြည်းဖြည်းကြီးမားလာခြင်းဖြင့် ဖွံ့ဖြိုးမှုတိုးတက်လာ မည်ဟု ယူဆခြင်းဖြစ်သည်။ လူမှုရေးဆိုင်ရာဘက်တွင်မူ ယဉ်ကျေးမှု၊ ရုပ်ဝတ္ထုအယူဝါဒအရ ပိုင်ဆိုင်မှုပစ္စည်းများနှင့် အမှတ်တံဆိပ်ကောင်းများကို ချမ်းသာကြွယ်ဝမှုလက္ခဏာ၊ လူနေမှုအဆင့်အတန်းပြယုဂ်တစ်ခုအဖြစ် မှတ်ယူကြခြင်းမျိုးဖြစ်သည်။ ထိုသို့ လူနေမှုအဆင့်အတန်းကို ပိုင်ဆိုင်မှုများဖြင့် ဖော်ပြကြခြင်းသည် လူတို့အား ပစ္စည်းဥစ္စာအပေါ်တွင် စိတ်ဝင်စားမှုလွန်ကဲစေပြီး အရင်းရှင်စနစ် တစ်နည်းအားဖြင့် ချမ်းသာသောနိုင်ငံများ၏ ဈေးကွက်ကျယ်ပြန့်ရေးအတွက် လူတို့၏လိုအင်ဆန္ဒများကို ဖန်တီးခြင်းဟု ရှုမြင်ဝေဖန်ကြခြင်းများလည်းရှိသည်။

Wants and Needs ဟူသော လိုအင်ဆန္ဒနှင့် လိုအပ်ချက်တို့တွင် လိုအပ်ချက်ထက် လိုအင်ဆန္ဒအတိုင်း ပြည့်စုံစေရန်အတွက် ဈေးဝယ်ခြင်းအလေ့အထ Shopping Culture အဖြစ် မြှင့်တင်ပေးခြင်း၊ လိုအပ်ချက်ထက် ဆန္ဒပြည့်ဝစေရန် ဈေးဝယ်ခြင်းကို အားပေးမြှင့်တင်ပေးခြင်းမျိုးဖြစ်သည်။ ထို့ပြင် အမှတ်တံဆိပ်၏ ဩဇာလွှမ်းမိုးမှုကို မြှင့်တင်ထားခြင်းဖြင့် များများထုတ်၊ များများဝယ်လာစေပြီး ကုန်ပစ္စည်းအရည်အသွေးထက် အမှတ်တံဆိပ်၏ ပုံရိပ်ကို ပိုမိုတန်ဖိုးထားအောင် လုပ်ကိုင်ပေးခြင်းမျိုးလည်း ပါဝင်သည်။ အသုံးပြုပြီးလျှင် စွန့်ပစ်သည့်အလေ့အထကိုလည်း စွဲမြဲလာစေရန်လေ့ကျင့်ပေးသည်။ ပစ္စည်းများကို ဝယ်ယူပြီးလျှင် ပြင်ဆင်၍ ဆက်လက်သုံးစွဲခြင်း၊ ပြန်လည်အသုံးပြုခြင်းတို့ထက် အသစ်ဖြင့် လဲလှယ်ဝယ်ယူမှုပြုစေရန် စည်းရုံးအားပေးခြင်း၊ ကြော်ငြာများဖြင့် လူတို့၏လိုအင်ဆန္ဒကို ပိုမိုလာစေရန်လှုံ့ဆော်ပေးခြင်းနှင့် ငွေလက်ငင်းချေ ဝယ်ယူခြင်းမျိုးအပြင် အရစ်ကျဝယ်ယူနိုင်ခြင်း၊ အကြွေးဝယ်ကတ်ဖြင့်ဝယ်ယူမှုကို အားပေးမြှင့်တင်ပေးခြင်းမျိုးများပါဝင်သည်။ ထိုသို့ နည်းလမ်းများဖြင့် အလိုရှိတိုင်း ဝယ်ယူနိုင်စေရန် အားပေးထားခြင်းဖြင့် အနောက်နိုင်ငံများတွင် လူတိုင်းအကြွေးမကင်းသည့် အခြေအနေမျိုးသို့ ရောက်ရှိလာသည်။

**ကောင်းကျိုးဆိုးကျိုးများ**

ကောင်းကျိုးများကို ဦးစွာတင်ပြရမည်ဆိုပါက စီးပွားရေးဖွံ့ဖြိုးကြီးထွားလာမှုကို တွေ့နိုင်သည်။ ဝယ် ယူမှုများပြားခြင်းက ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လှုံ့ဆော်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးသည်။ နည်းပညာတိုးတက်မှုနှင့်ပတ်သက်၍ ဈေးကွက်ပြိုင်ဆိုင်မှုကြောင့် ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ဆန်းသစ်တီထွင်မှုကို မြှင့်တင်ပေးသည်။ စားသုံးသူများအတွက် ရွေးချယ်စရာများ ပိုမိုများပြားလာခြင်းကြောင့် စားသုံးသူအခွင့်အရေးများလည်း တိုးတက်လာသည်ဟု ဆိုနိုင်သည်။

ဆိုးကျိုးများအနေဖြင့် ဖော်ပြရမည်ဆိုလျှင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုများပြားလာစေသည်။ ထုတ်လုပ်မှုနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ညစ်ညမ်းမှုများ၊ သယံဇာတခန်းခြောက်မှုများနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို တိုးပွားလာစေသည်။ ထို့ပြင် လူများတွင် ကိုယ်ကျိုးစီးပွားတိုးတက်ရေးကိုသာ အဓိက စဉ်းစားလာကြပြီး မိမိလိုအင်ဆန္ဒပြည့်ရန်အတွက် မည်သည့်အရာကိုမဆိုလုပ်ကိုင်ရဲလာသည်များ တွေ့လာရသည်။ ရောင့်ရဲမှုမရှိသလောက်ဖြစ်လာနိုင်သည်။ မိမိအတွက်သာ စဉ်းစားလာတတ်ပါသည်။ ထို့ပြင် ဝင်ငွေထက်ပိုသော အသုံးစရိတ်များကြောင့် အကြွေးများပိလာတတ်သည်။ အကြွေးများကျေရန် လောဘတကြီးရှာဖွေရမှုများ ရှိလာကြသည်။ ဝယ်ယူနိုင်စွမ်းရှိသူနှင့် ဝယ်ယူမှုမပြုနိုင်သူများကြားတွင် ကွာဟမှုသည် ကြီးမားနက်ရှိုင်းလာနိုင်သည်။ ထို့ပြင် လူတစ်ဦးချင်းစီသည် ဝယ်ပြီးရင်းဝယ်နေရင်းမှပင် အလိုမပြည့်ခြင်း၊ စိတ်ပိုင်းဆိုင်ရာက ပြည့်စုံမှုကို မခံစားရခြင်းများကိုလည်း ကြုံတွေ့လာပြီး စိတ်ဓာတ်ကျဆင်းမှုများကိုလည်း ကြုံတွေ့လာရသည်။

စားသုံးမှုဦးစားပေးဝါဒဟု များများထုတ်များများသုံးအယူအဆကို ခေါ်နိုင်မည်ထင်သည်။ လူတစ်ဦးချင်းစီ၏ လိုချင်စိတ်ကို မရပ်မနားတိုးချဲ့နေစေရန် အသစ်အသစ်များကို တီထွင်ထုတ်လုပ်ပြီးလူတို့ကို ဝယ်ဖြစ်အောင် ဆောင်ကြဉ်းပေးနေခြင်းဖြစ်သည်။ အခြေခံလိုအပ်ချက်များထက်ကျော်လွန်ပြီး ပိုဝယ် ပိုသုံး ပိုစားချင်စိတ်များ၊ ပိုမိုပိုင်ဆိုင်လိုစိတ်များဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိလာအောင် ဆောင်ရွက်သည့် နည်းလမ်းဖြစ်သည်။ ထို့ကြောင့် လူ့ဘဝအဓိပ္ပာယ်သည် ပိုင်ဆိုင်မှုများပြားလာခြင်းနှင့် ပတ်သက်သွားသည်။ ယခု လူနေမှုပုံစံသည် အဆိုပါအယူအဆပေါ်တွင် တည်ဆောက်ထားသကဲ့သို့ရှိသည်။ လူများသည် ဘဝတွင် ပိုင်ဆိုင်မှုများ များနိုင်သမျှ များရမည်၊ အသစ်အသစ်များကို ပိုင်ဆိုင်နိုင်ရမည်၊ ဝယ်ယူခြင်းနှင့် အတွေ့အကြုံသစ်များကို ရယူခြင်းအပေါ် အဓိကဦးတည်ရှာဖွေလာသည်။ ဝယ်ယူခြင်းများဖြင့်ပြီးသော ဘဝလူနေဘဝပုံစံ ဖြစ်လာသည်။ ထိုသို့ လုပ်ကိုင်သဖြင့် လူတို့သည် အသက်ရှင်ရပ်တည်ရေးအတွက် လိုအပ်သော စားဝတ်နေရေးကိစ္စများတွင် အသက်ရှင်ရပ်တည်ရေးနှင့်ယှဉ်တွဲပြီး လူနေမှုအဆင့်မြင့်ရေး တစ်နည်းအားဖြင့် ပိုင်ဆိုင်မှုများနိုင်သမျှ များရေးကိုဦးတည်ချက်အဖြစ် ချမှတ်ဆောင်ရွက်လာကြသည်။ ထိုသို့ ဝယ်ပြီးရင်းဝယ်ခြင်း၊ စားသုံးပြီးရင်း စားသုံးခြင်းအလေ့အထကြောင့် စိတ်ကျေနပ်မှုနှင့် ပျော်ရွှင်မှုကို ထိုအထဲမှရရှိနိုင်သည်ဟု ယုံကြည်လာကြသည်။ စီးပွားရေးသမားများ၏ လှုံ့ဆော်မှုများက အဓိက အခန်းမှပါဝင်လာသည်။

**စီးပွားရေးတစ်ခုတည်းဖွံ့ဖြိုးခြင်းက ကောင်းပါသလား**

စားသုံးသူများဘက်တွင်မူ အသစ်အဆန်းပေါ်သမျှနောက်လိုက်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်ပါသလားဟု ယူဆစရာဖြစ်လာသည်။ ထို့ကြောင့် များများထုတ် များများသုံးရေးဝါဒကို လက်မခံသူများလည်း ထွက်ပေါ်လာသည်။ အထူးသဖြင့် မလိုအပ်သော ကုန်ထုတ်လုပ်မှုကိုလျှော့ချခြင်းဖြင့် ကမ္ဘာကြီး ကျန်းမာရေးပိုမိုကောင်းမွန်ရန်၊ ပတ်ဝန်းကျင်ဂေဟဗေဒစနစ်ကို ပိုမိုကောင်းမွန်စေရန်၊ သယံဇာတပစ္စည်းများကို အများအပြားသုံးစွဲနေခြင်းကို လျှော့ချနိုင်ရန် စသည့်အချက်များကို လုပ်ဆောင်သင့်သည်ဟု အယူအဆများ ပေါ်ထွက်လာသည်။ ထို့နောက်တွင် Degrowth ဟူသော ဖွံ့ဖြိုးမှုကို မှန်မှန်သာ တိုးတက်စေရေး၊ အလုပ်ချိန်လျှော့ချရေး၊ ပတ်ဝန်းကျင်ကို ထိခိုက်သည့်ကိစ္စဖြစ်သော ယာဉ်ယန္တရားများ သုံးစွဲမှုကို လျှော့ချရေး၊ တစ်နှစ်လျှင် တစ်ရက် ယာဉ်ယန္တရားမသုံးရေး၊ ဝယ်ယူမှုကို တစ်နှစ်လျှင်တစ်ရက် ရပ်ဆိုင်း ရေး စသည့်အယူအဆများ လုပ်ဆောင်ချက်များ ပေါ်ပေါက်လာသည်။

**များများထုတ် များများသုံး အယူအဆကို ဆန့်ကျင်သည့် အယူအဆများ**

အဓိကအားဖြင့် များများထုတ် များများသုံးအယူအဆ၏ အခြေခံမှုကို တိုက်ရိုက်ဆန့်ကျင်သည့် လူမှု-နိုင်ငံရေး အတွေးအခေါ်မျိုးလည်း ပေါ်ထွန်းလာသည်။ ဂေဟစနစ်ထိန်းသိမ်းလိုသူများ၊ သဘာဝသယံဇာတများကို ထိန်းသိမ်းလိုသူများ၊ ကမ္ဘာကြီးပူနွေးလာမှုကို စိုးရိမ်သူများသည် အဆိုပါစနစ်ကို ဆန့်ကျင်လာကြသည်ကို တွေ့ရသည်။ ထို့ပြင် Frugal Lifestyle ကဲ့သို့ အသစ်အဆန်းများနောက်မလိုက်သည့် ခြိုးခြံချွေတာသည့် နည်းလမ်းများသည်လည်း များများထုတ် များများဝယ် အယူအဆနှင့်ဆန့်ကျင်သည့် အယူအဆ ဘဝနေနည်းများရှိလာသည်။ အဆိုပါ အယူအဆများမှာ များများဝယ်လိုခြင်း၊ အသစ်အဆန်းများ ဝယ်ယူလိုခြင်း ပိုင်ဆိုင်လိုခြင်းတို့ကိုလျှော့ချရန်နှင့် ကုမ္ပဏီများ၏စီးပွားရေးပန်းတိုင်များကိုသာ ဦးတည်ပြီး ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကောင်းကျိုးများကို လစ်လျူရှုခြင်းအား ကန့်ကွက်ကြခြင်းဖြစ်သည်။ ကြော်ငြာများသည် များသောအားဖြင့် လူများအား အတုအယောင် လိုအပ်ချက်များကို ဖန်တီးထားပြီး ပျော်ရွှင်မှုကို ပစ္စည်းဝယ်ယူခြင်းဖြင့် ရရှိနိုင်သည်ဟု တွေးထင်ကြစေခြင်းဖြစ်သည်ကို သိရှိလာစေရန် ပြောကြားလာကြသည်။

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၆၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၆၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၀၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၆၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

အလွန်အကျွံစားသုံးခြင်း၊ သုံးစွဲခြင်းများသည်လည်း သဘာဝပတ်ဝန်းကျင် ပြုန်းတီးခြင်းနှင့် သယံဇာတကုန်ခမ်းခြင်းတို့အား ဖြစ်ပေါ်စေသည်။ ထို့ကြောင့် များများထုတ် များများဝယ်ယူခြင်းသည် ဆင်းရဲသောနိုင်ငံများထက် ဖွံ့ဖြိုးပြီးနိုင်ငံများကိုသာ ပိုမိုအကျိုးဖြစ်စေသည်၊ ဆင်းရဲသည့်နိုင်ငံများအား ပိုမိုဆင်းရဲစေသည်ဟုလည်း ယူဆကြသည်။ ထို့ကြောင့် ကျွန်တော်တို့အနေဖြင့် နိုင်ငံနှင့်ပြည်သူပြည်သားအားလုံး ချမ်းသာရေးအတွက် ပြည်ပမှမလိုအပ်သော အသုံးအဆောင်များ၊ ဇိမ်ခံပစ္စည်းများကို လျှော့ချတင်သွင်း ခြင်း၊ပြည်တွင်းဖြစ်ကိုအားပေးခြင်း၊ ခြိုးခြံချွေတာခြင်း၊ အကြွေးနည်းစေခြင်း၊ မရှိမဖြစ်ပစ္စည်းများမှလွဲ၍ မလိုအပ်သော လိုချင်ဆန္ဒဖြင့် ဝယ်လိုခြင်းကိုမပြုခြင်း၊ နိုင်ငံအစိုးရများနှင့် လူထုလှုပ်ရှားများက တစ်နှစ်လျှင်တစ်ရက် "ဝယ်ယူခြင်းကင်းသောနေ့များ"အဖြစ် လုံးဝမဝယ်သည့်နေ့များ သတ်မှတ်ကျင်းပခြင်း၊ ကျွန်လုပ်သားပြုခြင်း၊ ကလေးလုပ်သားများကင်းစေရန်အတွက် Fair Trade နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဖြစ်သည့် ထုတ်ကုန်များကို ရွေးချယ်ဝယ်ယူအားပေးခြင်း၊ 3-R ကဲ့သို့ ပြန်ပြုပြင်သုံးစွဲခြင်း၊အဟောင်းများကို ဆေးကြောပြန်သုံးခြင်း၊ စသည်တို့ကို ကျင့်သုံးခြင်းတို့ကို ဆောင်ရွက်ပေးသင့်သည်။ ကျွန်တော်တို့ကဲ့သို့ ဆင်းရဲသောနိုင်ငံနှင့် နိုင်ငံသားများသည် အသစ်အဆန်းများနောက်သို့သာ လိုက်မနေဘဲ ခြိုးခြံချွေတာ၍ အဟောင်းကို အကောင်း လုပ်သော Kintsugi, Wabi Sabi စသည့် ဂျပန်များ၏အဟောင်းကို ကောင်းအောင်လုပ်သည့် နည်းလမ်းများကိုလည်း လေ့လာသုံးစွဲသင့်သည်။

**နည်းလေကောင်းလေ အယူအဆ**

ကျွန်တော်တို့သည် များများထုတ် များများဝယ် အယူအဆနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် နည်းလေကောင်းလေဟူသော အယူအဆတစ်ရပ်ကို ကျင့်သုံးကြည့်သင့်သည်။ Minimalism ဟုခေါ်သည်။ မိမိဘဝ ရှင်သန်ရေးအတွက် အမှန်တကယ်တန်ဖိုးရှိသော အရာများ၊ (ဥပမာအားဖြင့် အတွေ့အကြုံများ၊ ပေါင်းသင်းဆက်ဆံရေး ကောင်းခြင်း၊ ကျန်းမာရေး ကောင်းခြင်း...စသည်တို့)ကိုသာ အာရုံစိုက်နေထိုင်ခြင်းမျိုးဖြစ်ပါသည်။ အထူးသဖြင့် ကျန်းမာရေးကိုတန်ဖိုးထားပြီး နေထိုင်ခြင်းဖြစ်သည်။ အသုံးမလိုသောအရာများ၊ အသစ်အဆန်းများနောက်လိုက်နေခြင်းများ၊ ပျော်ရွှင်မှုအစစ်အမှန်ကိုမပေးစွမ်းနိုင်သော ကုန်ပစ္စည်းရုပ်ဝတ္ထုများ၊ ဝန်ထုပ်ဝန်ပိုဖြစ်စေသောပစ္စည်းများကို ဖယ်ရှားပြီး ရိုးရိုးကျင့်မြင့်မြင့်ကြံ နည်းလမ်းမျိုးကို ကျင့်သုံးခြင်းဖြင့် မိမိဘဝနှင့် ကမ္ဘာကြီးကျန်းမာရေးအတွက် ဆောင်ရွက်သင့်သည်။ ထိုသို့ ဆောင်ရွက်နိုင်ပါက လောဘများစေရာနောက်သို့ လိုက်ပါမှုနည်းပါးပြီး စိတ်ဖိစီးမှုလျှော့ချနိုင်ခြင်း၊ ငွေကြေးများမှ လွတ်လပ်ခွင့်ရရှိခြင်း၊ ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာမှုကိုရရှိခြင်းများ ဖြစ်ပေါ်လာနိုင်ကြောင်း တင်ပြလိုက်ရပါသည်။ ကျွန်တော်တို့သည် ချမ်းသာလိုသည်၊ ပျော်ရွှင်လိုသည်၊ ဝမ်းသာလိုသည်ဆိုခြင်းများကို များများထုတ် များများဝယ်အယူအဆမှ ရနိုင်မရနိုင်နှင့် ချမ်းသာပျော်ရွှင်မှုအစစ်အမှန်ကို ရှာဖွေရရှိနိုင်ကြပါစေကြောင်း အသိပေးအပ်ပါသည်။

## ခဝဲပွင့်ချိန်

- ခဝဲပွင့်ခါ ဇာတိရွာတွင်
  ဝေဖြာနှင်းဦး ဝတ်ရည်လူးကာ
  သွင်ထူးအေးအေး ဖွေးတော့မည်။

- ခဝဲပွင့်ခါ ဇာတိရွာတွင်
  မုန်စွာလယ်ကွင်း အနံ့သွင်းလျက်
  ခက်ချင်းယှက်လုံး ဖုံးတော့မည်။

- ခဝဲပွင့်ခါ ဇာတိရွာတွင်
  သံသာတေးဆက် ရောင်စုံငှက်တို့
  လည်ယှက်ဝဲပျံ ညံတော့မည်။

- ခဝဲပွင့်ခါ ဇာတိရွာတွင်
  သံဃာရည်မှန်း မြတ်သင်္ကန်းကို
  စိတ်ဝမ်းဖြူဖြူ လှူတော့မည်။

- ခဝဲပွင့်ခါ ဇာတိရွာတွင်
  သွားလာမစဲ ကထိန်ပွဲက
  ခြိမ့်သဲကျင်းပ လှတော့မည်။

- ခဝဲပွင့်ခါ ဇာတိရွာကို
  စိတ်မှာရည်မှန်း မျှော်ကာတမ်းသော်
  အလွမ်းပွင့်ဝေ လွမ်းမိုးစေကာ
  အနေကွာဝေး တစ်နယ်ကျေးမှ
  အပြေးခိုကာ ဇာတိရွာကို
  ပြန်လာချင်ဆဲ စွဲတုန်းကို...။

**မန်းတင့်မော်**

# ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကဝ နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF)ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း RBF စီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မကျက်ကြီးကျေးရွာ၌ စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ကို မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော ရောင်နီဦး၊ တိုးတက်အောင်၊ အားမာန်နှင့် ကြီးပွား စသည့်အဖွဲ့လေးဖွဲ့အား တစ်ဖွဲ့လျှင် ငွေကျပ် ၇ ဒသမ ၅သန်း ထုတ်ချေးထားကြောင်း ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

**အေးမြတ်**

# နိုင်ငံတကာ သတင်းများ

## နျူကလီးယားစမ်းသပ်မှု ပြန်စမည့်အစီအစဉ် အမေရိကန်သမ္မတ ထပ်လောင်းအတည်ပြု



**နယူးယောက် နိုဝင်ဘာ ၁**

နျူကလီးယား လက်နက်များ စမ်းသပ်မှုပြန်လည်စတင်ရန် စီစဉ်ထားမှုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာ ၃၁ ရက်တွင် ထပ်လောင်းအတည်ပြုခဲ့သည်။

သို့ရာတွင် နျူကလီးယား လက်နက်များစမ်းသပ်မှု ပြန်လည်စတင်ရာတွင် မြေအောက်နျူကလီးယား ဖောက်ခွဲစမ်းသပ်မှုများ ပါဝင်ခြင်း ရှိမရှိကို သမ္မတ ဒေါ်နယ်ထရမ့်က တိုက်ရိုက်ဖြေကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

မိမိတို့အနေဖြင့် နျူကလီးယား စမ်းသပ်မှုများ ပြန်လည်စတင်မည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာ ၃၁ ရက်တွင် သတင်းထောက်များနှင့်တွေ့ဆုံစဉ် အတည်ပြု ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းအပြင် အမေရိကန်နိုင်ငံက ပြုလုပ်မည့် နျူကလီးယား စမ်းသပ်မှုများ၌ စစ်အေးတိုက်ပွဲခေတ်အတွင်း လုပ်လေ့ရှိသည့် မြေအောက် နျူကလီးယား ဖောက်ခွဲမှုများပါဝင်ခြင်း ရှိ၊ မရှိ မေးခွန်းကို သမ္မတ ဒေါ်နယ်ထရမ့်က တိုက်ရိုက်ဖြေကြားခြင်းမရှိဘဲ မကြာမီ တွေ့ရလိမ့်မည်ဟူ၍သာ ဖြေကြားခဲ့သည်။

ပြီးခဲ့သည့် ၂၅ နှစ်တာကာလအတွင်း မြောက်ကိုရီးယားနိုင်ငံမှလွဲ၍ ကျန်ကမ္ဘာ့နျူကလီးယား အင်အားကြီး နိုင်ငံများအနေဖြင့် နျူကလီးယား စမ်းသပ်မှု ပြုလုပ်ခဲ့ခြင်း မရှိခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် မြေအောက်နျူကလီးယား စမ်းသပ်ဖောက်ခွဲမှု ပြုလုပ်ခဲ့ဖူးကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်သမ္မတနှင့် တောင်ကိုရီးယားသမ္မတတို့ ယောင်ဂျူးမြို့၌ တွေ့ဆုံဆွေးနွေး




**ယောင်ဂျူး နိုဝင်ဘာ ၁**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်တို့သည် ယနေ့တွင် ယောင်ဂျူးမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်တို့သည် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်) ထိပ်သီးညီလာခံ နောက်ဆုံးနေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံနှင့် တောင်ကိုရီးယား နိုင်ငံတို့ကြား ထိတွေ့ ဆက်ဆံရေးအတွက် ကြိုးပမ်းရာတွင် အကူအညီပေးရန် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံစဉ် တောင်ကိုရီးယားသမ္မတလီဂျေးမြောင်က တိုက်တွန်းခဲ့သည်။

တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် နိုင်ငံတကာ စိန်ခေါ်မှုများကို ပူးတွဲရင်ဆိုင်ရန် မိမိအနေဖြင့် ဆန္ဒရှိကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က တောင်ကိုရီးယားသမ္မတနှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

ယနေ့ ထိပ်သီးဆွေးနွေးပွဲသည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်တို့၏ ပထမဆုံးတွေ့ဆုံဆွေးနွေးပွဲဖြစ်သည်။

အေပက်ထိပ်သီးညီလာခံခရီးစဉ်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်အတွက် ၁၂ နှစ်တာကာလအတွင်း ပထမဆုံးတောင်ကိုရီးယားခရီးစဉ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နှစ်ပေါင်း ၂၀ ကျော်ကြာ အချိန်ယူတည်ဆောက်ခဲ့ရသည့် မဟာအီဂျစ်ယဉ်ကျေးမှုပြတိုက် တရားဝင်ဖွင့်လှစ်



**ကိုင်ရို နိုဝင်ဘာ ၁**

အီဂျစ်နိုင်ငံသည် နှစ်ပေါင်း ၂၀ ကျော်ကြာ အချိန်ယူတည်ဆောက်ခဲ့ရသည့် မဟာအီဂျစ်ပြတိုက် အမည်ရှိ အီဂျစ်ယဉ်ကျေးမှုပြတိုက်ကို ယနေ့တွင် တရားဝင်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ တစ်ဘီလီယံ အကုန်အကျခံ တည်ဆောက်ထားသည့် မဟာအီဂျစ်ပြတိုက်သည် အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုနှင့်ပတ်သက်၍ ကမ္ဘာ့အကြီးဆုံး ရှေးဟောင်းသုတေသန ပြတိုက်ဖြစ်သည်။

မဟာအီဂျစ် ပြတိုက်တွင် အလေးချိန် ၈၃တန်ရှိပြီး သက်တမ်း နှစ်ပေါင်း ၃၂၀၀ရှိသည့် ရမ်မဆေး -၂ ဘုရင်၏ ရုပ်တုအပါအဝင် အီဂျစ်ရှေးဟောင်း ယဉ်ကျေးမှုလက်ရာ ၅၀၀၀၀ကျော်ကို ပြသထားမည်ဖြစ်သည်။

ယင်းအပြင် တူတန်ခမန်ဘုရင်၏ ရုပ်အလောင်း ထည့်ထားရာ အုတ်ဂူကိုလည်း မဟာအီဂျစ်ပြတိုက်၌ ပထမဆုံးအကြိမ်ပြသထားမည်ဖြစ်သည်။

အီဂျစ်နိုင်ငံသည် မဟာအီဂျစ်ပြတိုက်ကို ကိုင်ရိုမြို့ပြင် ဇီဇာ ပိရမစ်ကြီးများအနီးတွင် ၂၀၀၅ ခုနှစ်ကပင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မဟာအီဂျစ်ပြတိုက်၌ ပြသထားသည့် အီဂျစ်ယဉ်ကျေးမှုလက်ရာအများအပြားမှာ ကိုင်ရိုမြို့လယ်ရှိ အီဂျစ်ယဉ်ကျေးမှုပြတိုက်မှ ရွှေ့ပြောင်းထားသည့် ရှေးလက်ရာများ ဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အိန္ဒိယနိုင်ငံ၌ လူပြုံမှုဖြစ်ပွားခဲ့သောကြောင့် အနည်းဆုံး ကိုးဦးသေဆုံး

**ဒေလီ နိုဝင်ဘာ ၁**

အိန္ဒိယနိုင်ငံ တောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ် ဘုရားကျောင်းတစ်ကျောင်း၌ ယနေ့တွင် လူပြုံမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူကိုးဦးသေဆုံးခဲ့ရသည်။

ဆရီကာကူလစ်မြို့မှ ဆရီဗင်ကာတက်ဆွာရာဆွာမီ အမည်ရှိ ဟိန္ဒူဘုရားကျောင်း၌ ဝတ်ပြုပူဇော်သူများစုရုံးနေစဉ် လူပြုံမှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆရီဗင်ကာတက်ဆွာရာဆွာမီ ဘုရားကျောင်း လူပြုံမှုအတွင်း ဒဏ်ရာရသူများလည်း အများအပြားရှိခဲ့ကြောင်း သိရသည်။

လူပြုံမှုဖြစ်ပွားချိန်တွင် ဘုရားကျောင်းဝင်းအတွင်း ဘုရားဖူးညေ့်သည် ၂၅၀၀၀ထိ စုရုံးရောက်ရှိနေကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဘုရားကျောင်းဝင်းမှာ ဘုရားဖူးညေ့်သည် ၂၀၀၀ခန့်ထိသာ လက်ခံနေရာပေးနိုင်သည်ဖြစ်ရာ လာရောက်သူညေ့်ပရိသတ်များပြားလွန်းမှုကြောင့် လူပြုံမှုဖြစ်ပွားခဲ့ရခြင်း ဖြစ်နိုင်ကြောင်း တာဝန်ရှိသူများက သုံးသပ်ထားသည်။

လူပြုံမှုအတွင်း သေဆုံးသူများ၏ ကျန်ရစ်သူမိသားစုဝင်များကို ကရုဏာကြေးအဖြစ် ရူပီးငွေ ၂၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၃၀၀)ထိ ပေးရန် အိန္ဒိယအစိုးရက စီစဉ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ပိုခရော့ဗ်မြို့သို့ရောက်ရှိလာသည့် ယူကရိန်းအထူးတပ်ဖွဲ့များကို တိုက်ခိုက်ရှင်းလင်းခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်

**မော်စကို နိုဝင်ဘာ ၁**

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း ဒွန်းနက်ဒေသ ပိုခရော့ဗ်မြို့သို့ ရောက်ရှိလာသော ယူကရိန်း အထူးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရှင်းလင်းခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပိုခရော့ဗ်မြို့သည် ရုရှားတပ်များ တစ်နှစ်ကျော်ကြာ ပိတ်ဆို့တိုက်ခိုက်နေသည့် ယူကရိန်း အရှေ့ပိုင်းမြို့တစ်မြို့ဖြစ်သည်။

ရုရှားတပ်များ၏ ဝန်းရံပိတ်ဆို့မှုခံထားရသည့် ပိုခရော့ဗ်မြို့သို့ ရောက်ရှိလာသော ယူကရိန်းအထူးတပ်ဖွဲ့ဝင်များကို ရုရှားမြေပြင်တပ်များက ရှင်းလင်းနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပိုခရော့ဗ်မြို့သို့ အထူးတပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့မှုကို ယူကရိန်းတပ်မတော်က အောက်တိုဘာ ၃၁ ရက်တွင် အတည်ပြုကြေညာထားသည်။

ရုရှားနိုင်ငံသည် လူးဟန့်ခ်ဒေသနှင့် ဒွန်းနက်ဒေသများ ပေါင်းစည်းထားသည့် ဒွန်းဘတ်စ်ဒေသတစ်ခုလုံးကို ထိန်းချုပ်ရန် ဆန္ဒရှိနေသည်။

လက်ရှိအချိန်တွင် ယူကရိန်းတပ်များက ဒွန်းဘတ်စ်ဒေသ၏ ၁၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားဆဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်း၏ သုံးဖက်တိုင်းမြေပုံကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ရေးဆွဲဖန်တီးနိုင်ခဲ့



ဝါရှင်တန် နိုဝင်ဘာ ၁

နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်း၏ သုံးဖက်တိုင်းမြေပုံကို သိပ္ပံပညာရှင်များက ပထမဆုံး အကြိမ်အဖြစ် ရေးဆွဲဖန်တီးနိုင်ခဲ့ကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကော်နဲလ် တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် WASP-18 b အမည်ရှိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်ကို သုံးဖက်တိုင်းမြေပုံရေးထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

WASP-18 b ဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၄၀၀ ခန့် အကွာတွင် တည်ရှိပြီး ဒြပ်ထုအားဖြင့် ကြာသပတေးဂြိုဟ်၏ဒြပ်ထုထက် ၁၀ ဆပို၍ကြီးမားကြောင်း သိရသည်။

ထို့ပြင် အဆိုပါဂြိုဟ်သည် WASP-18 အမည်ရှိ မိခင်ကြယ်ကို ၂၃ နာရီလျှင် တစ်ပတ်ကျလှည့်ပတ်နေသည်ဖြစ်ရာ ဂြိုဟ်၏ လေထုလွှာအပူချိန်မှာ ၅၀၀၀ ဒီဂရီဖာရင်ဟိုက်ထိရှိကြောင်း ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်မှရရှိသည့် သတင်းအချက်အလက်များအရ သိရသည်။

သို့ဖြစ်ရာ အထက်ပါရုပ်ပိုင်းဆိုင်ရာ အခြေအနေများကြောင့် WASP-18 b ဂြိုဟ်သည် သုံးဖက်တိုင်းမြေပုံရေးထုတ်ရေးအတွက် အသင့်လျော်ဆုံးဂြိုဟ်တစ်စင်းဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

WASP-18 b ဂြိုဟ်ကိုသုံးဖက်တိုင်းမြေပုံ ရေးထုတ်နိုင်မှုသည် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များလေ့လာစူးစမ်းရေး နယ်ပယ်အတွက် အဓိကခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။


Ref : Sputnik News
Trs : KKO

## အိတ်ချ်တီဗီ-အိတ်စ်အာကာသကုန်တင်ယာဉ် စက်ရုပ်လက်တံ၏အကူအညီဖြင့် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့

တိုကျို နိုဝင်ဘာ ၁

အိတ်ချ်တီဗီ-အိတ်စ်အာကာသကုန်တင်ယာဉ်သည် စက်ရုပ်လက်တံ၏ အကူအညီဖြင့် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

အိတ်ချ်တီဗီ-အိတ်စ်အာကာသကုန်တင်ယာဉ်နှင့် နိုင်ငံတကာအာကာသစခန်းတို့သည် တောင်အတ္တလန္တိတ်သမုဒ္ဒရာ အထက်အမြင့်မိုင် ၂၆၀ ကမ္ဘာ့ပတ်လမ်းပေါ်တွင် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။



အဆိုပါမစ်ရှင်သည် အိတ်ချ်တီဗီ-အိတ်စ် အာကာသကုန်တင်ယာဉ်အတွက် ပထမဆုံးနိုင်ငံတကာအာကာသစခန်းမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဂျပန်အာကာသအေဂျင်စီသည် အိတ်ချ်တီဗီ-အိတ်စ် အာကာသကုန်တင်ယာဉ်ကို အောက်တိုဘာ ၂၅ ရက်တွင် အိတ်ချ်-၃ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိတ်ချ်တီဗီ-အိတ်စ်အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့် အခြားပစ္စည်းပစ္စယ စုစုပေါင်း ကီလိုဂရမ် ၆၀၀၀ ထိ သယ်ဆောင်သွားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## သောကြာဂြိုဟ်လေထုလွှာကို လေ့လာနေသည့် အကာဆူကီအာကာသယာဉ်မစ်ရှင် အဆုံးသတ်ခဲ့ပြီဖြစ်

တိုကျို နိုဝင်ဘာ ၁

သောကြာဂြိုဟ်၏လေထုလွှာကို လေ့လာနေသည့် အကာဆူကီ အာကာသယာဉ်၏ မစ်ရှင်မှာ အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီက အတည်ပြုကြေညာထားကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

အကာဆူကီအာကာသယာဉ်နှင့် မြေပြင်ထိန်းချုပ်ရေးစခန်းတို့ကြား တစ်နှစ်ကြာအဆက်အသွယ်ပြတ်တောက်ခဲ့ပြီးနောက် ၎င်းအာကာသယာဉ်မစ်ရှင်မှာ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီက ကြေညာခဲ့သည်။

အကာဆူကီ သောကြာဂြိုဟ် လေထုလွှာ အာကာသယာဉ်ကို ဂျပန် အာကာသအေဂျင်စီက ၂၀၁၀ ပြည့်နှစ်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အကာဆူကီ အာကာသယာဉ်သည် ၂၀၁၅ ခုနှစ်တွင် သောကြာဂြိုဟ်ပတ်လမ်းအတွင်းဝင်ရောက်ခဲ့ပြီး သောကြာဂြိုဟ် လေထုလွှာဖွဲ့စည်းပုံကို ၁၀ နှစ်ကြာ လေ့လာစူးစမ်းခဲ့ကြောင်း သိရသည်။

အကာဆူကီအာကာသယာဉ်သည် ၂၀၂၄ ခုနှစ် မေ ၂၉ ရက်တွင် ဂျပန်အာကာသအေဂျင်စီမြေပြင်ထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့သည်။

အကာဆူကီအာကာသယာဉ်သည် သောကြာဂြိုဟ်လေ့လာရေး အာကာသယာဉ်များအနက် နောက်ဆုံးကျန်ရှိသည့် အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## ကိုဗစ်ရောဂါ၊ တုပ်ကွေးနှင့် ရေရှည်ဗိုင်းရပ်ရောဂါများကြောင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေ မြင့်တက်လာနိုင်

နယူးယောက် နိုဝင်ဘာ ၁

ကိုဗစ်ရောဂါ၊ တုပ်ကွေးနှင့် ရေရှည်ဗိုင်းရပ်ရောဂါများကြောင့် နှလုံးရုတ်တရက် ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၃၁ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် လေ့လာချက်ပေါင်း ၁၅၅ ခုတို့မှရရှိထားသော အချက်အလက်များကို လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကိုဗစ်သို့မဟုတ် တုပ်ကွေးကဲ့သို့ဗိုင်းရပ်ကူးစက်ရောဂါ ခံစားရသူများတွင် ရောဂါကူးစက်ခံခဲ့ရပြီးနောက်ပိုင်းသီတင်းပတ်များအတွင်း နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေ ပုံမှန်ထက်ငါးဆမြင့်တက်လာနိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တုပ်ကွေးရောဂါကူးစက်ခံရသူများသည် ရောဂါဖြစ်ပွားပြီး တစ်လအတွင်း နှလုံးရုတ်တရက်ဖောက်နိုင်ခြေ ပုံမှန်ထက် လေးဆမြင့်တက်လာနိုင်ပြီး လေဖြတ်နိုင်ခြေမှာ ငါးဆမြင့်တက်လာနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ရောင်ရမ်းမှုလျှော့ချရေး ထိုးဆေးတစ်မျိုးက ပန်းနာရင်ကျပ်လူနာများ၌ ချွဲသလိပ်များဖြစ်ပေါ်မှုကို လျှော့ချနိုင်ပြီး အသက်ရှူနိုင်စွမ်းကို မြှင့်တင်ပေးနိုင်

ကိုပင်ဟေဂင် နိုဝင်ဘာ ၁

ရောင်ရမ်းမှုလျှော့ချရေး ထိုးဆေးတစ်မျိုးသည် ပန်းနာရင်ကျပ်လူနာများ၌ ချွဲသလိပ်များဖြစ်ပေါ်မှုကို လျှော့ချနိုင်ပြီး အသက်ရှူနိုင်စွမ်းကို မြှင့်တင်ပေးနိုင်ကြောင်း အောက်တိုဘာ ၃၁ ရက်တွင် ဒိန်းမတ်သုတေသနပညာရှင်များက ပြောကြားသည်။

လက်တွေ့ စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Dupilumab(Dupixent) ထိုးဆေးသည် ပန်းနာရင်ကျပ်ဖောက်နေချိန်တွင် ချွဲသလိပ်များပိတ်ဆို့နေသည့် လေပြွန်လမ်းကြောင်းကို ထိရောက်စွာ ရှင်းလင်းပေးနိုင်ကြောင်း ဒိန်းမတ်သုတေသနပညာရှင်များက ပြောကြားသည်။

Dupilumab ထိုးဆေးသည် ခုခံအားစနစ်နှင့်ဆက်စပ်နေသော နှင်းခူရောဂါကို ကုသရေးအတွက် ၂၀၁၇ ခုနှစ်တွင် သုံးစွဲခွင့်အတည်ပြုချက်ရရှိထားသော ဆေးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဒိန်းမတ်သုတေသနပညာရှင်များသည် ပန်းနာရင်ကျပ်ရောဂါလူနာ ဦးရေ ၁၀၀ ကျော်တို့ဖြင့် လက်တွေ့စမ်းသပ်ကုသမှုများ ပြုလုပ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသောရလဒ်များအရ Dupilumab ဆေးသည် ပန်းနာရင်ကျပ်ရောဂါလူနာများ၏လေပြွန်လမ်းကြောင်း ချွဲသလိပ်များကို ထိရောက်စွာ ရှင်းလင်းပေးနိုင်ကြောင်း ဒိန်းမတ်သုတေသန ပညာရှင်များက ပြောကြားသည်။

Dupilumab ထိုးဆေးသည် ရောင်ရမ်းမှုကို စေ့ဆော်ပေးသည့် ပရိုတင်းများ ပေါ်ထွက်မှုကို ပိတ်ပင်ပေးသည့် ဆေးဖြစ်ကြောင်းလည်း သိရသည်။

Ref : Sputnik News
Trs : KKO






# ကွင်းလယ်ကစားသမားပေါ့ဘာ ဒဏ်ရာကြောင့် ပွဲကစားရန် ကြန့်ကြာမည်ဖြစ်ကြောင်း မိုနာကိုအသင်း ထုတ်ပြန်

ပဲရစ် နိုဝင်ဘာ ၁

မိုနာကိုအသင်းသည် နွေရာသီ အပြောင်းအရွှေ့ကာလက ပေါ့ဘာကိုခေါ်ယူခဲ့သော်လည်း ကစားသမားအနေဖြင့် ဒဏ်ရာပြဿနာကြောင့် အသင်းနှင့် ပွဲထွက်ကစားရန်ကြန့်ကြာနေကြောင်း ထုတ်ပြန်ခဲ့သည်။

အသက် ၃၂ နှစ်ရှိ ကစားသမားသည် ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဒဏ်ရာပြဿနာနှင့် ပွဲပယ်ပြစ်ဒဏ်ကြောင့် ပြိုင်ပွဲများဖြင့် လွဲချော်ခဲ့ရပြီးနောက် မိုနာကိုအသင်းသို့ ရောက်ရှိချိန်တွင် ပွဲကစားခွင့်ရရန် ကြိုးပမ်းနေရကာ အင်္ဂါနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သောကြောင့် လာမည့် ပဲရစ်အသင်းနှင့်ပွဲစဉ်တွင် ပါဝင်နိုင်မည်မဟုတ်ကြောင်း အသင်းတာဝန်ရှိသူများက အတည်ပြုထားသည်။

ပေါ့ဘာသည် ၂၀၂၃ စက်တင်ဘာလကတည်းက ဂျူဗင်တပ်အသင်းနှင့် ပွဲကစားခွင့်ရပြီးနောက်ပိုင်း ၂၆ လကြာ ပရော်ဖက်ရှင်နယ်ပြိုင်ပွဲများနှင့် လွဲချော်ခဲ့ရသဖြင့် မိုနာကိုအသင်းသို့ စတင်ရောက်ရှိချိန်ကတည်းက အသင်းနှင့် အံ့ဝင်မှုရှိစေရန် ကြိုးစားနေရပြီး နည်းပြသစ် ပိုကိုဂနိုလီက လာမည့်ပဲရစ်အသင်းနှင့်ပွဲစဉ်တွင် ပထမဆုံးကစားသမားစာရင်း၌ ထည့်သွင်းသွားမည်ဟု ပြောကြားခဲ့ပြီးနောက်ပိုင်း လေ့ကျင့်ရေးအစီအစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

နည်းပြသစ် ပိုကိုဂနိုလီက "ပေါ့ဘာရဲ့ဒဏ်ရာက နှစ်ပတ်လောက် စောင့်ကြည့်ရမှာပါ။ ဒါကြောင့် ကစားသမားအနေနဲ့ အသင်းနဲ့ပွဲထွက်နိုင်ဖို့ ကြန့်ကြာဦးမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML



## အားကစားသတင်းအတိုအထွာများ

- လီဗာပူးအသင်း နည်းပြစလော့က ကြွက်သားဒဏ်ရာကြောင့် ခြောက်ပတ်ခန့်အနားယူရမည့် ခံစစ်ကစားသမား ဖရင်ပေါင်နေရာတွင် အသင်းလူငယ်အကယ်ဒမီမှ ဖစ်ဂျီနှင့် အစားထိုးအသုံးပြုမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- စပါးအသင်း တိုက်စစ်ပိုင်းမြှင့်တင်ရန်အတွက် ဝက်စ်ဟမ်းအသင်းမှ ဘိုဝင်နှင့် ပေါ်တိုအသင်းမှ ဆာမူတို့ကိုခေါ်ယူရန် ယူရို သန်း ၁၃၀ ထိ အသုံးပြုမည်ဖြစ်ကြောင်း နည်းပြသောမတ်ဖရန့်က ပြောကြားခဲ့သည်။
- ၂၀၂၄- ၂၀၂၅ ဘောလုံးရာသီအတွက် ဥရောပရွှေဖိနပ်ဆုကို တိုက်စစ်မှူး အမ်ဘက်ပီမှ ရရှိခဲ့သောကြောင့် ရီးရဲလ်မက်ဒရစ် ကစားသမားများအနက် အဆိုပါဆုကိုရရှိခဲ့သည့် စတုတ္ထမြောက်ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။
- ဘိုင်ယန်မြူးနစ်အသင်းသည် ချဲလ်ဆီးအသင်းမှ အငှားခေါ်ယူထားသည့် ဂျက်ဆင်ကို အပြီးသတ် ခေါ်ယူသွားမည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်။ ML

# ကွင်းလယ်ကစားသမား ကာမာဗင်ဂါကို ရောင်းချမည်မဟုတ်ကြောင်း ရီးရဲလ်မက်ဒရစ်အသင်း ထုတ်ပြန်

မက်ဒရစ် နိုဝင်ဘာ ၁



ရီးရဲလ်မက်ဒရစ် အသင်းက ကွင်းလယ်ကစားသမား ကာမာဗင်ဂါကို ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ်အသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ ဖြင့် ကမ်းလှမ်းလာမှုကို ရောင်းချမည်မဟုတ်ဟု တုံ့ပြန်ပြောကြားခဲ့သည်။

ကာမာဗင်ဂါသည် ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ပိုင်းတွင်သာမကဘဲ ခံစစ်ပိုင်းတွင်လည်း ပါဝင်ကစားနေသူဖြစ်ပြီး ကြံ့ခိုင်မှုပြည့်ဝသည့် ကစားသမားဖြစ်သည့်အတွက် အသင်းကရောင်းချရန်အစီအစဉ် မရှိသေးကြောင်း ထုတ်ပြန်ခဲ့သည်။

အသက် ၂၂ နှစ်ရှိ ကာမာဗင်ဂါသည် ခေတ်သစ်ဘောလုံးပြိုင်ပွဲတွင် ခံစစ်၊ တိုက်စစ်လိုက်ပါကစားနိုင်သည့်အတွက် တိုးတက်မှုရှိလာနိုင်သဖြင့် နည်းပြအလွန်ဆိုက ၎င်း၏စီမံကိန်းတွင် ထည့်သွင်းခဲ့ပြီး နယူးကာဆယ်အသင်းက ကမ်းလှမ်းလာချိန်တွင် ရောင်းချမည်မဟုတ်ဟု ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ကာမာဗင်ဂါအနေဖြင့် အလွန်ဆိုလက်အောက်တွင် ပွဲထွက်ခွင့်ရရန် ခက်ခဲနေသော်လည်း နည်းပြ၏ ကစားသမား အလှည့်ကျအသုံးပြုမှုကြောင့် ကစားပုံတိုးတက်လာသဖြင့် ၎င်းကို အဓိကနေရာတွင် အသုံးပြုရန် နည်းပြအလွန်ဆိုက ဆုံးဖြတ်ထားသည်။

ကာမာဗင်ဂါသည် ၂၀၂၁ ခုနှစ်တွင် ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့ပြီး ၂၀၂၁- ၂၀၂၂ ပွဲဦးထွက် ဘောလုံးရာသီမှစတင်ကာ ယခုနှစ်ဘောလုံးရာသီထိ ခြေစွမ်းပြကစားနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ကွင်းလယ်ကစားသမား အာရွှန်ရမ်ဆေး ပူးမားစ်အသင်းနှင့် စာချုပ်ဖျက်သိမ်း

မက္ကဆီကိုစီးတီး နိုဝင်ဘာ ၁

အာဆင်နယ်အသင်း ကွင်းလယ်ကစားသမားဟောင်း အာရွှန်ရမ်ဆေးသည် မက္ကဆီကိုကလပ် ပူးမားစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး လပိုင်းအကြာတွင် အသင်းနှင့် လမ်းခွဲခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အာရွှန်ရမ်ဆေးသည် ယခုနှစ်နွေရာသီတွင် ကာဒစ်အသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာခဲ့ပြီးနောက် မက္ကဆီကိုကလပ် ပူးမားစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ရာ အသင်းနှင့် ခြောက်ပွဲကစားအပြီးတွင် စာချုပ်ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

အသက် ၃၄ နှစ်ရှိ အာရွှန်ရမ်ဆေးသည် ယခုနှစ်ပိုင်းတွင် ကြွက်သားဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် ပူးမားစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ချိန်တွင် ပွဲကစားချိန် ကန့်သတ်ချက်ဖြင့် ကစားခဲ့ရသဖြင့် ပြိုင်ပွဲစုံခြောက်ပွဲသာ ပါဝင်ခဲ့ရပြီး သုံးပွဲသာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခဲ့ရသော်လည်း သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

၎င်းသည် ပူးမားစ်အသင်းတွင် ပါဝင်ကစားစဉ် အသင်းအနေဖြင့် အမှတ်ပေးဇယား အဆင့်(၁၃)တွင်သာရောက်ရှိခဲ့ပြီး အဆင့်(၁၀) အတွင်းဝင်ရောက်မှသာ ယခုနှစ် Apertura ဖလားပြိုင်ပွဲ ဝင်ခွင့်အတွက် play-off ကစားခွင့်ရမည်ဖြစ်သော်လည်း အသင်းအနေဖြင့် အသက်အရွယ်အရ ခြေစွမ်းပိုင်းကျဆင်းလာသည့် အာရွှန်ရမ်ဆေးကို စာချုပ်ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

အာရွှန်ရမ်ဆေးသည် အာဆင်နယ်အသင်းတွင် ကစားခဲ့စဉ်က အက်ဖ်အေဖလား သုံးကြိမ်ရခဲ့ပြီးနောက် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ခဲ့ချိန်တွင် စီးရီးအေဆုဖလား တစ်ကြိမ်ရရှိကာ ကစားသမားဘဝ အောင်မြင်မှုရခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

# အာဆင်နယ်အသင်းက ဂျီးဆပ်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၂၆ သန်း သတ်မှတ်

လန်ဒန် နိုဝင်ဘာ ၁

အာဆင်နယ်အသင်းက လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် တိုက်စစ်ကစားသမား ဂျီးဆပ်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၂၆ သန်း သတ်မှတ်ခဲ့ကြောင်း သိရသည်။



ဂျီးဆပ်သည် အာဆင်နယ်အသင်း၌ အစောပိုင်းနှစ်များက အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်ပြီး အရေးပါသည့် ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

သို့သော် ဂျီးဆပ်သည် နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်နေခဲ့ရပြီးနောက် နည်းပြအာတီတာ လက်အောက်တွင် ပွဲကစားခွင့်များနည်းပါးခဲ့ကာ လက်ရှိဘောလုံးရာသီတွင် ပွဲကစားခွင့်မရှိဘဲ ဖြစ်နေသည့်အတွက် လာမည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသူဖြစ်သည်။

အာဆင်နယ်အသင်းကလည်း ဂျီးဆပ်ကိုအသင်းမှ ထွက်ခွာခွင့်ပြုထားပြီး ပြောင်းရွှေ့ကြေးကိုလည်း စတာလင်ပေါင် ၂၆ သန်း သတ်မှတ်ထားကာ ၎င်းကို ဆော်ဒီကလပ်အသင်းများက ခေါ်ယူရန်အတွက် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# WBC လိုက်ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို စွန့်လွှတ်ကြောင်း ချန်တယ်လာ ထုတ်ဖော်ပြောကြား

**လန်ဒန် နိုဝင်ဘာ ၁**

WBC လိုက်ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်သူ ဗြိတိန်အမျိုးသမီးလက်ဝှေ့သမား ချန်တယ်လာသည် WBC လိုက်ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို စွန့်လွှတ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ချန်တယ်လာက ကမ္ဘာ့ချန်ပီယံခါးပတ်ကို စွန့်လွှတ်ကြောင်း ထုတ်ပြန် ကြေညာခဲ့ပြီးနောက် ဝိတ်တန်းပြောင်းရွှေ့ ထိုးသတ်မည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေညာခဲ့သည်။

ကမ္ဘာ့ချန်ပီယံ ခါးပတ်ကို လက်လွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းမှာ WBC ၏ စည်းမျဉ်းစည်းကမ်းများကို သဘောမကျသည့်အတွက်ကြောင့်လည်း ခါးပတ်ကိုစွန့်လွှတ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

WBC နှင့်ပတ်သက်ပြီး ချန်တယ်လာသဘောမကျသည့် အချက်များမှ အဓိကအချက်မှာ တစ်ချီနှစ်မိနစ်အဖြစ် သတ်မှတ်ထားသည့်အချက်ဖြစ်သည်။

ချန်တယ်လာက တစ်ချီသုံးမိနစ်သတ်မှတ်ပေးရန် တောင်းဆိုခဲ့သလို အမျိုးသားများတန်းတူ ၁၂ ချီ သတ်မှတ်ပေးစေလိုကြောင်း ပြောကြားခဲ့သော်လည်း WBC အဖွဲ့ချုပ်က ကျင်းပပေးသည့် အမျိုးသမီး စိန်ခေါ်ပွဲများတွင် နှစ်မိနစ် တစ်ချီ၊ စုစုပေါင်း ဆယ်ချီသာ သတ်မှတ်ထားသည်။



ချန်တယ်လာက "ကျွန်မအနေနဲ့ အကြိတ်အနယ်မရှိသလို စိန်ခေါ်သူလဲ မရှိတဲ့အတွက်ကြောင့် WBC လိုက်ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို စွန့်လွှတ်ပါတယ်။ နောက်ပြီးတော့ နှစ်မိနစ်တစ်ချီနဲ့ စုစုပေါင်း ဆယ်ချီသာထိုးသတ်ရတဲ့ စည်းမျဉ်းကိုမကြိုက်ဘူး။ အမျိုးသားတွေနဲ့တန်းတူ တစ်ချီသုံးမိနစ်နဲ့ ၁၂ ချီထိုးသတ်တဲ့ စည်းမျဉ်းကို ပြောင်းစေချင်တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : AZL

# Paris Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဇီရက်ဖ် တက်ရောက်

**ပဲရစ် နိုဝင်ဘာ ၁**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် Paris Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဖ်နှင့် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဇီရက်ဖ်က (၂-၆၊ ၆-၃၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မျက်ဒဗျက်နှင့် တွေ့ဆုံတိုင်း အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည့် ဇီရက်ဖ်အနေဖြင့် ယခုပွဲစဉ်တွင်လည်း အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသလို ပထမပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း နောက်မှလိုက်ကစားကာ အကောင်းဆုံးပုံစံဖြင့် ပြန်လည်ဖိအားပေးနိုင်ခဲ့ပြီး အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဇီရက်ဖ်က "ကျွန်တော်ပြောခဲ့ဖူးသလိုပဲ မျက်ဒဗျက်ဟာ ကျွန်တော့်ရဲ့ အားနည်းချက်ပါပဲ။ ဒါကြောင့်မလို့ အကောင်းဆုံး ပြင်ဆင်ခဲ့တယ်။ အကောင်းဆုံး ပြင်ဆင်ခဲ့တယ်ဆိုပေမဲ့လဲ ပထမပွဲငယ်မှာ ပြတ်သားတဲ့ ရလဒ်နဲ့ရှုံးနိမ့်ခဲ့ရတယ်။ နောက်ကနေလိုက် ကစားရတာ တော်တော်လေးကို ဖိအားများပါတယ်။ ဖိအားတွေကြားထဲကနေ အကောင်းဆုံးကစားနိုင်ခဲ့ပြီးတော့ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့ပါတယ်။ နောက်ကနေလိုက်ကစားရတဲ့ အခက်အခဲကို ကစားသမားတော်တော်များများကြုံတွေ့ဖူးပါတယ်။ အခက်အခဲတွေကို အကောင်းဆုံး ကျော်ဖြတ်နိုင်ခဲ့တယ်။ မျက်ဒဗျက်ကို အနိုင်ရဖို့ဆိုတာတကယ်မလွယ်တဲ့ကိစ္စပါ။အခုလို မျက်ဒဗျက်ကို အနိုင်ကစားပြီး ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။

ဇီရက်ဖ်သည် ဗိုလ်လုပွဲစဉ်တွင် အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : ATP Tour

Trs : AZL



# မန်ယူအသင်းမှ ထွက်ခွာရန်ကြိုးပမ်းနေသည့် ဇက်ခ်ဇီးကို ပရီးမီးယားလိဂ် ကလပ်အသင်းအများစုက ခေါ်ယူရန်ကြိုးပမ်း



**မန်ချက်စတာ နိုဝင်ဘာ ၁**

လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည့် တိုက်စစ်မှူးဇက်ခ်ဇီးကို ပရီးမီးယားလိဂ် ကလပ်အသင်းအများစုက ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

ဇက်ခ်ဇီးသည် မန်ယူအသင်းတွင် ပွဲထွက်ခွင့် မရရှိသည့်အတွက် လာမည့် ဆောင်းရာသီကစားသမားအပြောင်းအရွှေ့ ကာလတွင် အသင်းမှထွက်ခွာရန် ကြိုးပမ်းနေသူဖြစ်သည်။

ဇက်ခ်ဇီးသည် အစောပိုင်းက စီးရီးအေ ကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားရန် ကြိုးပမ်းနေသော်လည်း ယခုအခါ ပရီးမီးယားလိဂ် ကလပ်အသင်းများနှင့် သတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။

လာမည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ ကာလတွင် ဇက်ခ်ဇီးကို ပရီးမီးယားလိဂ် ကလပ်အသင်းများ ဖြစ်သည့် အေဗီလာ၊ ဘရိုက်တန်၊ ဝက်စ်ဟမ်းအသင်းတို့က အပြိုင်ကမ်းလှမ်းရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို မက်ကစ်ဘင် ဆက်လက်ဦးဆောင်

**ဟောင်ကောင် နိုဝင်ဘာ ၁**

တရုတ်နိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသတွင် ကျင်းပနေသည့် Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်ကစ်ဘင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဆက်လက် ဦးဆောင်ထားနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက်ကစားသမားမက်ဂွဲယားက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမားတစ်ဦးပင်ဖြစ်သည့် ပီတာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်ထားနိုင်ခဲ့သည်။

မက်ကစ်ဘင်သည် ပထမနေ့တွင် ပြိုင်ပွဲ၏ စံချိန်တင်မှတ်တမ်း တစ်ရပ်ကိုရရှိခဲ့သလို ဒုတိယနေ့နှင့် တတိယနေ့တို့တွင် ပထမနေ့က စွမ်းဆောင်ပြနိုင်ခဲ့သည့် စွမ်းဆောင်ရည်အတိုင်း စွမ်းဆောင်နိုင်ခဲ့ခြင်းမရှိသော်လည်း အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရန် လုံလောက်သည့် ရလဒ်ကိုရရှိခဲ့သည်။




မက်ကစ်ဘင်က "ပထမနေ့တော့ ပြောစရာမရှိအောင် ရလဒ်ကောင်းမွန်ခဲ့တယ်။ ဒုတိယနေ့မှာတော့ ပထမနေ့လို ကောင်းအောင်မကစားနိုင်ခဲ့ပေမဲ့ ကောင်းမွန်တဲ့ရလဒ်ရခဲ့ပါတယ်။ တတိယနေ့မှာလဲ ဒုတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်အတိုင်း ထပ်တူစွမ်းဆောင်နိုင်ခဲ့တယ်။ ဒါကလဲ ထူးခြားမှုတစ်ရပ်ပါပဲ။ နောက်ဆုံးနေ့မှာလဲ အကောင်းဆုံးကစားနိုင်အောင် ကြိုးစားသွားမယ်။ ဒီနှစ်အတွင်းမှာတော့ ပါဝင်ယှဉ်ပြိုင်တဲ့ပြိုင်ပွဲတိုင်းမှာ အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာလဲ ရလဒ်ကောင်းရဖို့အတွက် ပုံစံကောင်းကို နောက်ဆုံးနေ့ပြီးတဲ့ထိ ထိန်းသိမ်းနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# လောင်းကစားမှုနှင့်ပတ်သက်ပြီး တူကီယဲနိုင်ငံမှ ဒိုင်လူကြီး ၁၄၉ ဦးထိ အရေးယူခံရ

**အစ္စတန်ဘူလ် နိုဝင်ဘာ ၁**

တူကီယဲနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က လောင်းကစားမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ခဲ့ပြီးနောက် ဒိုင်လူကြီး ၁၄၉ ဦးထိ အရေးယူမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

တူကီယဲနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က နိုင်ငံအတွင်းရှိ ဘောလုံးလောကတွင် မသင်္ကာမှုများရှိနေသည့်အတွက် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် အဆိုပါ ဒိုင်လူကြီးများကို အရေးယူမှု လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တူကီယဲနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ခဲ့ပြီးနောက် ဒိုင်လူကြီး ၁၄၆ ဦးကို ရှစ်လမှ ၁၂ လထိ ပွဲကြီးကြပ်ခွင့်ပိတ်ပင်သည့် ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့ပြီး ကျန်သုံးဦးကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ကာ ပြစ်ဒဏ်များချမှတ်သွားမည်ဖြစ်သည်။

တူကီယဲနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဘောလုံးလောကအတွင်း လောင်းကစားမှုများနှင့်ပတ်သက်ပြီး အသေးစိတ်စစ်ဆေးမှုများ ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# ပန်းတိုင်အထွက်ရအောင် အာဟာရဓာတ်ဖြည့်တင်းစိုက်ပျိုးမှုမြှင့်တင်စို့ (အပိုင်း-၄)

ဓာတ်မြေသြဇာများသည် ဓာတုပစ္စည်းများ၊ ကျောက်သားတို့မှ ဓာတုဗေဒနည်းနှင့် ပြုပြင်ထုတ်လုပ်ထားပြီး သီးနှံပင်အတွက် လိုအပ်သောအာဟာရဓာတ်ကို အလွယ်တကူအဆင်သင့်ထည့်သွင်းပေးနိုင်သည်။ သို့သော် လိုအပ်သောအာဟာရဓာတ်ကို လိုအပ်သည့် ပမာဏအတိုင်းအတာနှင့် လိုအပ်သည့် အချိန်တွင် သီးနှံပင်စုပ်ယူစားသုံးနိုင်မည့်နေရာသို့ သွန်းလောင်းမှသာ အကျိုးအမြတ်ကောင်းကောင်းရရှိနိုင်သည်။ မလိုအပ်ဘဲ ဓာတုပစ္စည်းများအလွန်အကျွံသုံးစွဲခြင်းသည် သီးနှံပင်အတွက် ကောင်းကျိုးမဖြစ်စေရုံသာမက စိုက်ခင်းမြေအတွင်းဓာတ်ကြွင်းပစ္စည်းစုပုံကာ မြေဆီလွှာပျက်စီးမှုဖြစ်စေနိုင်သည်ကို ဂရုပြုသင့်သည်။


သဘာဝမြေသြဇာများမှာ အမျိုးအစားများစွာဖြစ်ပေါ်တည်ရှိပြီး သဘာဝအလျောက်ဖြစ်ပေါ်သော သစ်ရွက်ဆွေး၊ တိရစ္ဆာန်နှင့် သက်ရှိတို့၏ ရုပ်ကြွင်းများ၊ နွားချေး၊ ကြက်ချေး၊ စွန့်ပစ်အမှိုက်ဆွေးသာမက လူတို့ပြုပြင်ဖန်တီးသည့် ဇီဝမြေသြဇာအားလုံး အကျုံးဝင်သည်။ Organic fertilizers တိုင်းသည် သဘာဝမြေသြဇာဖြစ်သော်လည်း အမျိုးအစားလိုက်၍ ဇီဝမြေသြဇာ၊ စွန့်ပစ်အညစ်အကြေးဆွေး၊ သဘာဝမီးသွေး၊ လယ်ယာထွက်စွန့်ပစ်အမှိုက်၊ အဏုဇီဝသက်ရှိတို့ဖြင့် ပေါင်းစပ်ပြုပြင်ထားသည့် သဘာဝမြေသြဇာ၊ စိမ်းပြာရေညှိ၊ အဇိုလာ၊ သစ်စိမ်းမြေသြဇာစသည်ဖြင့် ကွဲပြားသောသဘာဝမြေသြဇာသုံးစွဲမှုများကို တွေ့ရှိနိုင်သည်။

တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးထုတ်လုပ်နေသော မြေဆီလွှာ၏ မြေဆီသြဇာထက်သန်ရေးအတွက် သစ်စိမ်းမြေသြဇာထည့်သွင်းပေးခြင်း၊ မြေဖုံးပင်များစိုက်ပျိုးခြင်း၊ သီးလှည့်စိုက်ပျိုးခြင်း၊ မြေလုပ်ထားခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနှင့် သဘာဝမြေဆွေးများပြုလုပ်၍ ထည့်ပေးခြင်းဖြင့် မြေဆီသြဇာထက်သန်၍ ရေရှည်တည်တံ့သောစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုဆိုးကျိုးများကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

သဘာဝမြေသြဇာများသည် အပင်အတွက် လိုအပ်သောအာဟာရပါဝင်မှုပမာဏ နည်းသော်လည်း အနည်းလိုအာဟာရဓာတ်မျိုးစုံပါဝင်နိုင်သည့်အပြင် မြေဆီလွှာဖွဲ့စည်းမှုကို အထောက်အကူပြုပေးသည့် အကျိုးပြုအဏုဇီဝသက်ရှိများအတွက် အစာအာဟာရလည်းဖြစ်စေသည်။ မြေတွင်း၌ အကျိုးပြုအဏုဇီဝသက်ရှိများရှိခြင်းဖြင့် ၎င်းတို့မှ စွန့်ထုတ်သည့်အရည်ဖြင့် မြေစိုင်ခဲဖွဲ့စည်းမှုကောင်းမွန်စေသည်။ ထို့ပြင် သီးနှံပင်မှ လိုအပ်သော အပင် စုပ်ယူစားသုံးနိုင်မည့်အာဟာရပုံစံသို့ ပြုပြင်ပြောင်းလဲပေးနိုင်စွမ်းပါရှိနိုင်သည့်အတွက် သီးနှံစိုက်ခင်းတိုင်းကို သဘာဝမြေသြဇာတွဲဖက်အသုံးပြုရေးလုပ်ဆောင်ကြရန် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲမှ တောင်သူများသို့ အကြံပြုထားသည်။ စိုက်ခင်းမြေ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်စွမ်းမြင့်ရန်၊ မြေဆီလွှာရေထိန်းသိမ်းနိုင်စွမ်းကောင်းရန်၊ အပင်အာဟာရဓာတ်များအလွယ်တကူမပျောက်ဆုံးစေရန်လည်း သဘာဝမြေဆွေးဓာတ်က အထောက်အကူပြုသည်။ ထို့ပြင် စိုက်ပျိုးမြေများ ရေရှည်တည်တံ့ ခိုင်မြဲရန်အတွက်လည်းကောင်း၊ သီးထပ်သီးညှပ်စဉ်ဆက်မပြတ်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လည်းကောင်း၊ အရည်အသွေးမြင့်အထွက်ကောင်း အကျိုးအမြတ်များစေရန်လည်းကောင်း စနစ်ကျနပြီး ဆင်ခြင်တုံတရားဖြင့် အပင်အာဟာရဖြည့်ဆည်းပေးရေးအတွက် သီးနှံအလိုက် အာဟာရလိုအပ်ချက်များကို စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲက တောင်သူများသို့ အကြံပြုထားသည်။

အပင်ကြီးထွားမှုအဆင့်အလိုက် လိုအပ်သော အာဟာရဓာတ်ကို အချိန်မှီဖြည့်ဆည်းပေးနိုင်ပါက ကျန်းမာသန်စွမ်းသောအပင်ကြီးထွားဖွံ့ဖြိုးမှုကို ရရှိပြီး အရည်အသွေးကောင်းစွမ်းရည်ပြည့်ဝသော သီးနှံအထွက်မြင့်မားမှုကို ရရှိခံစားနိုင်မည်ဖြစ်သည်။

နေကြာသီးနှံစိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် ယူရီးယား ၂၅ ကီလိုဂရမ်၊ စင်ဂယ်စူပါ ဖော့စဖိတ် ၂၂၅ ကီလိုဂရမ်၊ မြူရီရိတ်အော့ဖ်ပိုတက်ရှ် ကီလိုဂရမ် ၄၀၊ ဇင့်ဓာတ် ကီလိုဂရမ် ၄၀ မှ ၅၀ ကို စိုက်ချိန်တွင် ထည့်ပေးပြီး ၃၅ ရက်မှ ရက် ၄၀ သားအတွင်း ယူရီးယား ၂၅ ကီလိုဂရမ် ထည့်ပေးသင့်သည်။




စပါးပင်တွင် အပင်သက်တမ်းအလိုက် ဓာတ်မြေသြဇာဖြည့်ပေးရန်ပုံစံငယ်ကို တွေ့ရစဉ်။

**အနည်းလိုအာဟာရဓာတ်များချို့တဲ့မှု၏ အပင်ပေါ် အကျိုးသက်ရောက်မှုများ**

အနည်းလိုအာဟာရဓာတ်တစ်ခုဖြစ်သော မဂ္ဂနီစီယမ်သည် နိုက်ထရိုဂျင်နှင့် ဖော့စဖရတ်၏ ဓာတ်ပြောင်းလဲမှုအဆင့်ဆင့်တွင် အဓိကပါဝင်သော အာဟာရဓာတ်ဖြစ်သည်။ အပင်မှအစိမ်းရောင်ခြယ် မော်လီကျူးများ၏ ဗဟိုအက်တမ်တွင်ပါဝင်နေသဖြင့် မဂ္ဂနီစီယမ်ဓာတ်ချို့တဲ့ခဲ့ပါက အပင်များ၏အလင်းမှီ အစာချက်လုပ်မှုကဏ္ဍကို ထိခိုက်မှုဖြစ်ပေါ်စေသည်။

မင်းဂနိစ်ဓာတ်သည် အပင်မှ အစိမ်းရောင်ခြယ် မော်လီကျူးပေါ်တည်မှီပြီး အပင်ဆဲလ်များပြောင်းလဲဖြစ်ပေါ်ခြင်းကိုပြုလုပ်ပေးရသော ဓာတ်တစ်မျိုးဖြစ်ပြီး ၎င်းအာဟာရဓာတ်ချို့တဲ့လျှင် အပင်တွင်း၌ ဖော့စဖရတ်နှင့် ကယ်လ်စီယမ်တို့၏ ပုံမှန်ဓာတ်ပြောင်းလဲမှုများကိုထိခိုက်လာကာ အပင်ကြီးထွားမှုအားနည်းစေခြင်း၊ အပင်၏ လေရှူပေါက်၊ ရေဝင်ပေါက်များလုပ်ဆောင်မှုထိခိုက်ခြင်းနှင့် အရွက်များပုံမမှန်သောတွန့်ခေါက်မှုများ ဖြစ်ပေါ်စေတတ်သည်။

သံဓာတ်သည် အပင်တွင်းရှိ အင်ဇိုင်းစနစ်များတွင်ပါဝင်၍ စွမ်းအင်ဖြစ်ပေါ်စေခြင်းနှင့် အပင်၏ အသက်ရှူခြင်းလုပ်ငန်းတွင် အရေးကြီးသည့်ဓာတ်ဖြစ်သည်။ သံဓာတ်ချို့တဲ့နေပါက အပင်၏အလင်းမှီ အစာချက်မှုမဖြစ်နိုင်၍ သီးနှံထုတ်လုပ်ရေးတွင် ထိခိုက်မှုများဖြစ်စေနိုင်သည်။

ဇင့်ဓာတ်မှာ အပင်အတွက် အနည်းငယ်သော ပမာဏသာလိုအပ်သော်လည်း အရေးပါဆုံးလုပ်ငန်းဖြစ်သည့်အင်ဇိုင်းများ တစ်နေရာမှတစ်နေရာသို့ ရွေ့လျားနိုင်စေရန် လုပ်ဆောင်ပေးသောအာဟာရဓာတ်ဖြစ်သည်။ အပင်တွင်း ဇင့်ဓာတ်လုံလောက်စွာရှိနေပါက ပတ်ဝန်းကျင်ပူပြင်းမှုနှင့် ခြောက်သွေ့မှုဒဏ်ကို ခံနိုင်ရည်တိုးစေသည်။ ဇင့်ဓာတ်သည် ကာဗိုဟိုက်ဒရိတ်နှင့် ပရိုတင်းဓာတ်ပြောင်းလဲမှုအဆင့်ဆင့်နှင့် အပင်ဟော်မုန်းများ၊ အစိမ်းရောင်ခြယ်ပစ္စည်း ဖြစ်ပေါ်ခြင်းတို့တွင်လည်း အဓိကပါဝင်နေသည်။

စိုက်ပျိုးသီးနှံပင်အတွက် ဒေသအလိုက်၊ ရာသီအလိုက်၊ သီးနှံအမျိုးအစားပေါ်မူတည်၍ ထည့်သွင်းပေးသင့်သည့်ဓာတ်မြေသြဇာနှုန်းထားများကို အချိန်အခါအလိုက် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲမှ တောင်သူများသို့ ထုတ်ပြန်ပေးလျက်ရှိသည်။ ထုတ်ပြန်ပေးချက်များအရ မိမိစိုက်ပျိုးသည့် သီးနှံအလိုက် ဓာတ်မြေသြဇာထည့်သွင်းပေးရန် လိုအပ်သည်။

**စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများသို့ ပန်းတိုင်သီးနှံများအတွက် သက်တမ်းအလိုက် ဓာတ်မြေသြဇာဖြည့်တင်းရေးအကြံပြုချက်များ**

စပါးသီးနှံတွင် မြေသြဇာထောက်ခံနှုန်းထားမှာ တစ်ဧကလျှင် (တစ်အိတ်တွင် ကီလိုဂရမ် ၅၀ ပါ မြေသြဇာ) ကွန်ပေါင်းမြေသြဇာတစ်အိတ်နှင့် ယူရီးယားမြေသြဇာ ၁ ဒသမ ၅ အိတ် ထည့်ပေးရမည်ဖြစ်သည်။ ၎င်းကို တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း မထည့်ဘဲ အကြိမ်ကြိမ်ခွဲ၍ ထည့်ပေးခြင်းက အပင်သည် အာဟာရဓာတ်ကို သမမျှတစွာစုပ်ယူစားသုံးနိုင်သည်။ ကြီးထွားဖွံ့ဖြိုးမှုမှန်ကန်စေပြီး အပင်သက်တမ်းအလိုက် အစာရေစာမျှတစွာရရှိသဖြင့် သီးပွင့်အင်္ဂါဖြစ်ထွန်းမှုကောင်းမွန်ကာ အထွက်နှုန်းပြည့်မီသောသီးနှံထုတ်လုပ်မှုကို အထောက်အကူဖြစ်စေသည်။ စပါးအတွက် မြေပြင်စဉ် သဘာဝမြေသြဇာ၊ နွားချေးဆွေးတို့ထည့်ပေးပါ။ စိုက်ပျိုးချိန်တွင် (စပါးရွှေ့ပြောင်းစိုက်ချိန်) အပင် ၁၀ ရက်သားတွင် ကွန်ပေါင်းမြေသြဇာ (၂၅ ကီလို = ၁/၂ အိတ်)နှင့် ယူရီးယား (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်) ထည့်ပါ။ ပင်ပိုင်းကြီးထွားချိန် ၂၅ ရက်သားတွင် ဒုတိယအကြိမ် ကွန်ပေါင်းမြေသြဇာ (၂၅ ကီလို = ၁/၂ အိတ်)နှင့် ယူရီးယား (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်) ထည့်ပါ။ စပါးပင်ပွားထွက်ချိန် ၄၅ ရက်သားတွင် ယူရီးယား (၂၅ ကီလို = ၁/၂ အိတ်)ထည့်ပါ။ အလံရွက်ထွက်ချိန် အပင် ရက်သား ၆၀ မှ ၆၅ ရက်သားအတွင်း နောက်ဆုံးအကြိမ် ယူရီးယား (၂၅ ကီလို = ၁/၂ အိတ်)ထည့်ပေးရန် စိုက်ပျိုးရေးဦးစီးဌာနက စပါးစိုက်တောင်သူများသို့ အကြံပြုချက်ပေးထားသည်။

အစေ့ထုတ်ပြောင်းသီးနှံတွင် မြေသြဇာထောက်ခံနှုန်းထားမှာ တစ်ဧကလျှင် (တစ်အိတ်တွင် ကီလိုဂရမ် ၅၀ ပါ မြေသြဇာ) ယူရီးယားမြေသြဇာ ၁ ဒသမ ၅ အိတ်၊ တီစူပါမြေသြဇာ တစ်အိတ်နှင့် ပိုတက်ရှ်မြေသြဇာတစ်အိတ် ထည့်ပေးရမည်ဖြစ်သည်။ မြေပြင်စဉ် သဘာဝမြေသြဇာ၊ နွားချေးဆွေးတို့ ထည့်ပေးပါ။ စိုက်ပျိုးချိန်တွင် ယူရီးယား (၂၅ ကီလို = ၁/၂ အိတ်)၊ တီစူပါ (ကီလို ၅၀ = ၁ အိတ်)၊ ပိုတက်ရှ် (၂၅ ကီလို= ၁/၂ အိတ်) ထည့်ပါ။ ပင်ပိုင်းကြီးထွားချိန် ၂၀ ရက်သားတွင် ဒုတိယအကြိမ် ယူရီးယားမြေသြဇာ (၂၅ ကီလို = ၁/၂ အိတ်)နှင့် ပိုတက်ရှ် (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်)ထည့်ပါ။ ပြောင်းပင် အဖို့နှံထွက်ချိန်၊ အမှုံ့စချိန် ၃၅ ရက်သားမှ ၄၅ ရက်သားအတွင်း ယူရီးယား (၂၅ ကီလို = ၁/၂ အိတ်)၊ ပိုတက်ရှ် (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်) ထည့်ပေးရန် စိုက်ပျိုးရေးဦးစီးဌာနက အစေ့ထုတ်ပြောင်းစိုက်သူ တောင်သူများသို့ အကြံပြုချက်ပေးထားသည်။

မြေပဲတွင် မြေသြဇာထောက်ခံနှုန်းထားမှာ တစ်ဧကလျှင်(တစ်အိတ်တွင်ကီလိုဂရမ် ၅၀ ပါ မြေသြဇာ) ကွန်ပေါင်းမြေသြဇာတစ်အိတ်နှင့် ယူရီးယားမြေသြဇာ(သုည ဒသမ ၅) အိတ်၊ တီစူပါမြေသြဇာ တစ်အိတ်နှင့် ပိုတက်ရှ်မြေသြဇာ (သုည ဒသမ ၅) အိတ် ထည့်ပေးရမည်ဖြစ်သည်။ မြေပြင်စဉ် သဘာဝမြေသြဇာ၊ နွားချေးဆွေးတို့ကိုထည့်ပေးပါ။ စိုက်ပျိုးချိန်တွင် ကွန်ပေါင်းမြေသြဇာ (၅၀ ကီလို=တစ်အိတ်)၊ ယူရီးယား (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်)၊ တီစူပါ (၅၀ ကီလို = ၁ အိတ်)၊ ပိုတက်ရှ် (၁၂ ဒသမ ၅ ကီလို= ၁/၄ အိတ်)ထည့်ပါ။ ပင်ပိုင်းကြီးထွားချိန် ၂၅ ရက်သားတွင် ဒုတိယအကြိမ် ယူရီးယားမြေသြဇာ (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်) နှင့် ပိုတက်ရှ် (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်) ထည့်ပါ။ မြေပဲစွယ်ချချိန်တွင် အပွင့်သန္ဓေတည်မှုကို မထိခိုက်စေရန် ဂရုပြုဆောင်ရွက်ကြရန်လိုအပ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက မြေပဲစိုက်သူတောင်သူများသို့ အကြံပြုချက်ပေးထားသည်။

နှမ်းသီးနှံတွင် မြေသြဇာထောက်ခံနှုန်းထားမှာ တစ်ဧကလျှင် (တစ်အိတ်တွင် ကီလိုဂရမ် ၅၀ ပါ မြေသြဇာ)ကွန်ပေါင်းမြေသြဇာတစ်အိတ်နှင့် ယူရီးယားမြေသြဇာ (သုည ဒသမ ၅)အိတ်၊ တီစူပါမြေသြဇာ (သုည ဒသမ ၅)အိတ်နှင့်ပိုတက်ရှ်မြေသြဇာ (သုည ဒသမ ၂၅)အိတ် ထည့်ပေးရမည်ဖြစ်သည်။ မြေပြင်စဉ် သဘာဝမြေသြဇာ၊ နွားချေးဆွေးတို့ကို ထည့်ပေးပါ။ စိုက်ပျိုးချိန်တွင် ကွန်ပေါင်းမြေသြဇာ (ကီလို ၅၀ = တစ်အိတ်)၊ တီစူပါ (၂၅ ကီလို = ၁/၂ အိတ်)ထည့်ပါ။ ပင်ပိုင်းကြီးထွားချိန် ၃၀ ရက်သားတွင် ဒုတိယအကြိမ် ယူရီးယားမြေသြဇာ (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်)နှင့် ပိုတက်ရှ် (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်) ထည့်ပါ။ အပိုနှံ့အပွင့်စတင်ချိန် ၄၅ ရက်သားတွင် ယူရီးယား (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်)ထည့်ပေးရန် လိုအပ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက နှမ်းစိုက်တောင်သူများသို့ အကြံပြုချက်ပေးထားသည်။

နေကြာသီးနှံတွင် မြေသြဇာထောက်ခံနှုန်းထားမှာ တစ်ဧကလျှင် (တစ်အိတ်တွင် ကီလိုဂရမ် ၅၀ ပါ မြေသြဇာ)ကွန်ပေါင်းမြေသြဇာတစ်အိတ်နှင့် ယူရီးယားမြေသြဇာ (သုည ဒသမ ၅) အိတ်၊ တီစူပါမြေသြဇာ(သုည ဒသမ ၅)အိတ်နှင့်ပိုတက်ရှ်မြေသြဇာ (သုည ဒသမ ၅)အိတ် ထည့်ပေးရမည်ဖြစ်သည်။ မြေပြင်စဉ် သဘာဝမြေသြဇာ၊ နွားချေးဆွေးတို့ကို ထည့်ပေးပါ။ စိုက်ပျိုးချိန်တွင် ကွန်ပေါင်းမြေသြဇာ (ကီလို ၅၀ = ၁ အိတ်)၊ တီစူပါ (၂၅ ကီလို = ၁/၂ အိတ်) ထည့်ပါ။ ပင်ပိုင်းကြီးထွားချိန် ၂၀ ရက်သားတွင် ဒုတိယအကြိမ် ယူရီးယားမြေသြဇာ (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်)နှင့် ပိုတက်ရှ် (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်) ထည့်ပါ။ အပိုနှံ့အပွင့်စတင်ချိန် ၃၅ ရက်မှ ၄၅ ရက်သားတွင် ယူရီးယား (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်) ထည့်ပေးရန် လိုအပ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်တောင်သူများသို့ အကြံပြုချက်ပေးထားသည်။

မတ်ပဲသီးနှံတွင် မြေသြဇာထောက်ခံနှုန်းထားမှာ တစ်ဧကလျှင် (တစ်အိတ်တွင် ၅၀ ကီလိုဂရမ်ပါ မြေသြဇာ) ကွန်ပေါင်းမြေသြဇာ (သုည ဒသမ ၂၅) အိတ်နှင့် ယူရီးယားမြေသြဇာ (သုည ဒသမ ၅) အိတ်၊ တီစူပါမြေသြဇာ(သုည ဒသမ ၅)အိတ်နှင့် ပိုတက်ရှ်

စာမျက်နှာ ၁၁ သို့ ☞

# Hein Production က ရိုက်ကူးထုတ်လုပ်သည့် ချစ်သူ့စေရာ ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလ ဒုတိယပတ်ခန့်တွင် ရုံတင်ပြသမည်ဖြစ်




**ရန်ကုန် နိုဝင်ဘာ ၁**

Hein Production က ရိုက်ကူးထုတ်လုပ်သည့် ချစ်သူ့စေရာ ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလ ဒုတိယပတ်ခန့်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ချစ်သူ့စေရာရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင်တိုင်ရွှန်ထံမှ သိရသည်။

အဆိုပါ ချစ်သူ့စေရာရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အေးကြည်သာဟန်က ရေးသားထားပြီး Hein Production အတွက် ဒါရိုက်တာ ပွင့်သိင်္ဂီဇော်(အရုဏ်ဦး)က တာဝန်ယူပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ လူငယ်အချစ်ဇာတ်လမ်းလေးပါ။ အခြေခံလူတန်းစား ကောင်ကလေးတစ်ယောက်နဲ့ ကောင်မကလေးတစ်ယောက်ချစ်ကြိုက်ဖို့ ဘယ်အရာတွေက အရေးကြီးလဲ။ ငွေနဲ့ အရာရာကို ပြောင်းလဲနိုင်ပေမဲ့ ချစ်ခြင်းမေတ္တာကိုကော ပြောင်းလဲပေးနိုင်ပါသလား။ အိပ်မက်တွေနဲ့ နှလုံးသားစေရာနောက်ကို လိုက်မိသွားတဲ့ ချစ်သူနှစ်ယောက်ရဲ့ အကြောင်းကိုဒီဇာတ်ကားလေးမှာ မြင်ခွင့်ရမှာပါ"ဟု သရုပ်ဆောင်တိုင်ရွှန်က ပြောပြသည်။

ချစ်သူ့စေရာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် တိုင်ရွှန်၊ ဝင်းခန့်မိုး၊ ဇော်ဇော်အောင်၊ ရန်ပြေ(ကျော်ကြီး)၊ ပိုးမမီသာ၊ မေသန်းနု၊ နှင်း၊ မိုးရီဝိုင်း၊ သျှင်ဖုန်းနွယ်၊ သက်သက်ဦးဇင်နှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# တိုးတိုးလေးချစ်မယ် ရုပ်သံဇာတ်လမ်းတွဲကို HEY Play Application၊ HEY Play YouTube Channel၊ MRTV-4 ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်မည်

**ရန်ကုန် နိုဝင်ဘာ ၁**

တိုးတိုးလေးချစ်မယ် ရုပ်သံဇာတ်လမ်းတွဲကို HEY Play Application၊ HEY Play YouTube Channel၊ MRTV-4 ရုပ်သံလိုင်းတို့မှ နိုဝင်ဘာ ၃ ရက်မှ စတင်ကာ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ပိုင်တံခွန်ထံမှ သိရသည်။

တိုးတိုးလေးချစ်မယ် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဒီဒီထက်အောင်က ရေးသားထားပြီး ထက်မြတ်နိုင်ဇင်နှင့် ဒီဒီထက်အောင်တို့က ဇာတ်ညွှန်းရေးသားထားကာ ရွှေနဒီရွှေရည် ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ပွင့်သိင်္ဂီဇော်(အရုဏ်ဦး)က တာဝန်ယူရိုက်ကူးဖန်တီးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ ကျွန်တော့်ရဲ့ ပထမဆုံးရုပ်သံဇာတ်လမ်းတွဲ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲထဲမှာ စျာန်ရဲအဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်။ သုံးပွင့်ဆိုင် Romance Drama အချစ်ဇာတ်လမ်းလေးပါ။ မိန်းမကို အမြဲတမ်း တမ်းတလွမ်းဆွတ်နေတဲ့ အမျိုးသားအဖြစ် သရုပ်ဆောင်ထားပါတယ်။ လီလီhကိုကြည့်ရင် မိန်းမ မဆန်ပေမဲ့ ဒီကားမှာတော့ မိန်းမဆန်နေတယ်"ဟု သရုပ်ဆောင် ပိုင်တံခွန်က ပြောပြသည်။

အဆိုပါ တိုးတိုးလေးချစ်မယ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ပိုင်တံခွန်၊ ညီနန္ဒ၊ ရဲလွင်ဦး၊ စည်သူရဲထွဋ်၊ အောင်ဘုန်းထွဋ်၊ လီလီကျော်ခိုင်၊ Ashwarya Kumar၊ အမရာဘုဏ်း၊ ခင်သော်တာစံနှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ထားပြီး HEY Play Application၊ HEY Play YouTube Channel၊ MRTV-4 ရုပ်သံလိုင်းတို့မှ နိုဝင်ဘာ ၃ ရက် တနင်္လာနေ့မှ သောကြာနေ့ထိ ထုတ်လွှင့် ပြသပေးသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် ပိုင်တံခွန်ထံမှ သိရသည်။

ASH

# Netflix ရုပ်ရှင်ကုမ္ပဏီ၏ Call My Agent : The Movie ဇာတ်ကား၌ မင်းသား ဂျော့ကလိုနေး ပါဝင်လာ

**နယူးယောက် နိုဝင်ဘာ ၁**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ Call My Agent : The Movie ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ဂျော့ကလိုနေး ပါဝင်လာကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများတွင် ရေးသား တင်ပြထားသည်။

Call My Agent : The Movie ဇာတ်ကား၌ မင်းသား ဂျော့ကလိုနေးသည် ပြင်သစ်ရုပ်ရှင်မင်းသမီး ကာဗီလီကော်တင်၊ မင်းသား သီဘိုး ဒီမွန်တာလမ်းဘတ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် Call My Agent အမည်ရှိ ပြင်သစ်ရုပ်သံဇာတ်လမ်းတွဲကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။


Call My Agent : The Movie ဇာတ်ကားကို ဒါရိုက်တာ အမ်မီလီနိုဘလက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ ဖန်နီဟာရီရိုက ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Call My Agent : The Movie ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

Call My Agent : The Movie ဇာတ်ကားပြသမည့်ရက်ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




á စာမျက်နှာ ၁၀ မှအဆက်

မြေသြဇာ (သုည ဒသမ ၅)အိတ်၊ ရွက်ဖျန်း (၁ ဒသမ ၅ လီတာ) ထည့်ပေးရမည်ဖြစ်သည်။ မြေပြင်စဉ် သဘာဝမြေသြဇာ၊ နွားချေးဆွေးတို့ကို ထည့်ပေးပါ။ စိုက်ပျိုးချိန်တွင် ကွန်ပေါင်းမြေသြဇာ (၁၂ ဒသမ ၅ ကီလို =၁/၄ အိတ်)၊ တီစူပါ (၂၅ ကီလို =၁/၂ အိတ်) ထည့်ပါ။ ပင်ပိုင်းကြီးထွားချိန် ၂၀ ရက်သားတွင် ဒုတိယအကြိမ်ယူရီးယား မြေသြဇာ (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်)နှင့် ပိုတက်ရှ် (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်)ထည့်ပါ။ အပိန့်အပွင့်စတင်ချိန် ၃၅ ရက်မှ ၄၅ ရက်သားတွင် ယူရီးယား (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်) ထည့်ပေးရန်နှင့် အပင် ၁၄ ရက်သားမှ စတင်ကာ ခုနစ်ရက်ခြား၊ ၁၀ ရက်ခြားတစ်ကြိမ်နှုန်း ရွက်ဖျန်းမြေသြဇာ ဖျန်းပေးရန်လိုအပ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက မတ်ပဲစိုက်တောင်သူများသို့ အကြံပြုချက်ပေးထားသည်။

ပဲတီစိမ်းသီးနှံတွင် မြေသြဇာထောက်ခံနှုန်းထားမှာ တစ်ဧကလျှင် (တစ်အိတ်တွင် ကီလိုဂရမ် ၅၀ ပါ မြေသြဇာ) ကွန်ပေါင်းမြေသြဇာ (သုည ဒသမ ၂၅)အိတ်နှင့် ယူရီးယားမြေသြဇာ (သုည ဒသမ ၅) အိတ်၊ တီစူပါမြေသြဇာ (သုည ဒသမ ၅)အိတ်နှင့် ပိုတက်ရှ်မြေသြဇာ(သုည ဒသမ ၅)အိတ်၊ ရွက်ဖျန်း (၁ ဒသမ ၅ လီတာ) ထည့်ပေးရမည်ဖြစ်သည်။ မြေပြင်စဉ် သဘာဝမြေသြဇာ၊ နွားချေးဆွေးတို့ကိုထည့်ပေးပါ။ စိုက်ပျိုးချိန်တွင် ကွန်ပေါင်းမြေသြဇာ (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်)၊ တီစူပါ (၂၅ ကီလို = ၁/၂ အိတ်) ထည့်ပါ။ ပင်ပိုင်းကြီးထွားချိန် ၂၀ ရက်သားတွင် ဒုတိယအကြိမ် ယူရီးယားမြေသြဇာ (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်) နှင့် ပိုတက်ရှ် (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်) ထည့်ပါ။ အပိန့်အပွင့်စတင်ချိန် ၃၅ ရက် မှ ၄၅ ရက်သားတွင် ယူရီးယား (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်)ထည့်ပေးရန်နှင့် အပင် ၁၄ ရက်သားမှစတင်ကာ ခုနစ်ရက်ခြား၊ ၁၀ ရက်ခြားတစ်ကြိမ်နှုန်း ရွက်ဖျန်းမြေသြဇာဖျန်းပေးရန် လိုအပ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက ပဲတီစိမ်းစိုက်တောင်သူများသို့ အကြံပြုချက်ပေးထားသည်။

ပဲစင်းငုံသီးနှံတွင် မြေသြဇာထောက်ခံနှုန်းထားမှာ တစ်ဧကလျှင် (တစ်အိတ်တွင် ကီလိုဂရမ် ၅၀ ပါ မြေသြဇာ) ကွန်ပေါင်းမြေသြဇာ (သုည ဒသမ ၂၅)အိတ်နှင့် ယူရီးယားမြေသြဇာ (သုည ဒသမ ၅) အိတ်၊ တီစူပါမြေသြဇာ(သုည ဒသမ ၅)အိတ်နှင့် ပိုတက်ရှ်မြေသြဇာ (သုည ဒသမ ၅)အိတ်၊ ရွက်ဖျန်း (၁ ဒသမ ၅ လီတာ) ထည့်ပေးရမည်ဖြစ်သည်။ မြေပြင်စဉ် သဘာဝမြေသြဇာ၊ နွားချေးဆွေးတို့ကိုထည့်ပေးပါ။ စိုက်ပျိုးချိန်တွင် ကွန်ပေါင်းမြေသြဇာ (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်)၊ တီစူပါ (၂၅ ကီလို = ၁/၂ အိတ်) ထည့်ပါ။ ပင်ပိုင်းကြီးထွားချိန် ၂၀ ရက်သားတွင် ဒုတိယအကြိမ် ယူရီးယားမြေသြဇာ (၁၂ ဒသမ ၅ ကီလို = ၁/၄ အိတ်) နှင့် ပိုတက်ရှ် (၇ ဒသမ ၅ ကီလို = ၁/၈ အိတ်) ထည့်ပါ။ အပိန့်အပွင့်စတင်ချိန် ၃၅ ရက်မှ ၄၅ ရက်သားတွင် ယူရီးယား(၁၂ ဒသမ ၅ ကီလို= ၁/၄ အိတ်)၊ ပိုတက်ရှ် (၄း ကီလို = ၁/၁၀ အိတ်) ထည့်ပေးရန်နှင့် အပင် ၁၄ ရက်သားမှစတင်ကာ ခုနစ်ရက်ခြား၊ ၁၀ ရက်ခြား တစ်ကြိမ်နှုန်း ရွက်ဖျန်းမြေသြဇာဖျန်းပေးရန်လိုအပ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက ပဲစင်းငုံစိုက်တောင်သူများသို့ အကြံပြုချက်ပေးထားသည်။

ဝါသီးနှံတွင် မြေသြဇာထောက်ခံနှုန်းထားမှာ တစ်ဧကလျှင် (တစ်အိတ်တွင် ကီလိုဂရမ် ၅၀ ပါ မြေသြဇာ) ကွန်ပေါင်းမြေသြဇာနှစ်အိတ်နှင့် ယူရီးယားမြေသြဇာတစ်အိတ်၊ ထည့်ပေးရမည်ဖြစ်သည်။ မြေပြင်စဉ် သဘာဝမြေသြဇာ၊ နွားချေးဆွေးတို့ထည့်ပေးပါ။ စိုက်ပျိုးချိန်တွင် ကွန်ပေါင်း (ကီလို ၅၀ = တစ်အိတ်)ထည့်ပေးပါ။ ပင်ပိုင်းကြီးထွားချိန် ၂၅ ရက်သားမှ ၃၅ ရက်သားတွင် ဒုတိယအကြိမ် ကွန်ပေါင်းမြေသြဇာ (၂၅ ကီလို = ၁/၂ အိတ်)နှင့် ယူရီးယားမြေသြဇာ (၂၅ ကီလို = ၁/၂ အိတ်) ထည့်ပါ။ ဝါပင်အပိန့်အပွင့်စချိန် ၄၅ ရက်မှ ၅၅ ရက်သားတွင်း ကွန်ပေါင်းမြေသြဇာ (၂၅ ကီလို = ၁/၂ အိတ်)နှင့် ယူရီးယားမြေသြဇာ (၂၅ ကီလို = ၁/၂ အိတ်)ထည့်ရန် စိုက်ပျိုးရေးဦးစီးဌာနက ဝါစိုက်တောင်သူများသို့ အကြံပြုချက်ပေးထားသည်။

ကြံသီးနှံတွင် မြေသြဇာထောက်ခံနှုန်းထားမှာ တစ်ဧကလျှင် (တစ်အိတ်တွင် ကီလိုဂရမ် ၅၀ ပါမြေသြဇာ) ယူရီးယားမြေသြဇာ နှစ်အိတ်၊ တီစူပါမြေသြဇာ တစ်အိတ်နှင့် ပိုတက်ရှ်မြေသြဇာတစ်အိတ် ထည့်ပေးရမည်ဖြစ်သည်။ မြေပြင်စဉ်သဘာဝမြေသြဇာ၊ နွားချေးဆွေးတို့ထည့်ပေးပါ။ စိုက်ပျိုးချိန်တွင် တီစူပါ (ကီလို ၅၀ = တစ်အိတ်)ထည့်ပါ။ ကြံပင်ပိုင်း ပွားစည်းချိန် ၄၅ ရက်သားမှ ရက်သား ၉၀ အတွင်းတွင် ဒုတိယအကြိမ် ယူရီးယားမြေသြဇာ (၅၀ ကီလို = တစ်အိတ်)နှင့် ပိုတက်ရှ် (၂၅ ကီလို = ၁/ ၂အိတ်)ထည့်ပါ။ ကြံပင်ကြီးထွားစပြုချိန် ရက်သား ၉၀ မှ ရက်သား ၁၂၀ အတွင်း ယူရီးယား (ကီလို ၅၀ = တစ်အိတ်)၊ ပိုတက်ရှ် (၂၅ ကီလို = ၁/၂ အိတ်)ထည့်ပေးရန် စိုက်ပျိုးရေးဦးစီးဌာနက ကြံသီးနှံစိုက်တောင်သူများသို့ အကြံပြုချက်ပေးထားသည်။

မိမိတို့၏ စိုက်ပျိုးရာဒေသ၊ စိုက်ခင်း၏မူလမြေဆီလွှာအခြေအနေ၊ မြေထဲ၌ အာဟာရဓာတ်များပါဝင်နေမှု၊ မြေဆွေးဓာတ်ပါဝင်နေမှု၊ မြေ၏ရေအစိုဓာတ်ထိန်းသိမ်းနိုင်မှုအခြေအနေအမျိုးမျိုးပေါ်မူတည်၍ စိုက်ပျိုးသောသီးနှံအမျိုးအစားကွဲပြားနိုင်သည်။ ရွေးချယ်စိုက်ပျိုးကြသည့် သီးနှံအမျိုးအစား၊ မျိုးစေ့အရည်အသွေးများအရ သီးနှံအထွက်နှုန်းတိုးတက်ရရှိစေရေး၊ အရည်အသွေးပြည့်သီးနှံများ ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊ စဉ်ဆက်မပြတ်စိုက်ပျိုးထုတ်လုပ်နိုင်စေရေးများကို ဦးတည်ဆောင်ရွက်ကြသကဲ့သို့ မိမိ၏ စိုက်ခင်းမြေဆီလွှာထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် မြေဆီလွှာကျန်းမာရေးကိုပါ ဂရုတစိုက်ဆောင်ရွက်ရန်လိုအပ်သည်။ မြေဆီလွှာသည် သဘာဝကပေးအပ်ထားသော အစားထိုးမရသည့် သယံဇာတအရင်းအမြစ်ကြီးတစ်ခုဖြစ်၍ အပင်များအတွက် အာဟာရသိုမှီးစုဆောင်းရာ ရတနာသိုက်လည်းဖြစ်သည်။ မြေတွင်း အာဟာရဓာတ်များ ညီမျှခြေတွင်ရှိနေရန် ထိန်းသိမ်းစောင့်ရှောက်ပေးရန်လိုအပ်သကဲ့သို့ အကျိုးရှိရှိထုတ်နုတ်အသုံးပြုတတ်ရန်လည်း လိုအပ်ကြောင်း တင်ပြအပ်ပါသည်။

**မူမူ(မလိုင်)**

# Pwintbyu Township to grow more than 2,000 acres of kitchen crops this year



A kitchen crop plantation.

**Pwintbyu November 1**

Statistics of Pwintbyu Township Agriculture Department stated that local authorities have earmarked cultivation of 2,438 acres of kitchen crops in Pwintbyu Township of Magway Region this year.

In Pwintbyu Township, a total of 2,438 acres of kitchen crops are planned to be cultivated during this year's winter crop season. The cultivation is scheduled to begin in November. To ensure that farmers can grow these crops smoothly without difficulties, the Township Department of Agriculture, in collaboration with relevant departments, will provide necessary technical assistance and quality seeds.

"This year, we plan to cultivate 2,438 acres of kitchen crops in Pwintbyu Township during the winter crop season. To promote crop expansion, achieve higher yields, ensure the production of healthy crops, prevent pest and disease infestations, and enable farmers to use quality and pure seeds as well as follow GAP (Good Agricultural Practices) methods, the Department of Agriculture will conduct field supervision and provide agricultural knowledge-sharing activities," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

In this year's winter crop season, kitchen crops to be grown in Pwintbyu Township include eggplant, ridge gourd, cauliflower, green mustard, radish, long bean, water spinach, bottle gourd, cucumber, pumpkin, chilli, onion, and garlic. Departmental staff will work together with farmers to ensure the success of these crops.

If kitchen crops are cultivated successfully with improved yields, they will not only meet local consumption needs but also generate surplus produce for sale. This will help increase farmers' income and enhance their socioeconomic wellbeing, Daw Moe Moe Wai added.

Ye Win Naing (NyaungU)

# Bogale Township supplies a large volume of fish-paste to Yangon market in September

**Bogale November 1**

Local fishery entrepreneurs from Bogale Township of Ayeyawady Region sold a large volume of fish-paste to Yangon market in September, said Daw Yi Yi Win, the owner of fish and fish-paste trading depot in Bogale Township.

In Bogale Township, a total of 85,000 viss of locally produced fish paste were sold and transported to the Yangon market in August this year. In September, the township managed to export and sell up to 150,000 viss of various types of fish paste within a single month. The increase in exports was due to the growing demand from buyers in the Yangon market for fish paste produced in the region.

"In the past month alone, we sold and transported up to 150,000 viss of fish paste. The dried fish and fish paste produced in Bogale Township are mainly sold to the Yangon market. Consumers there prefer these local products because they are known for their cleanliness and quality. That's why the demand from Yangon continues to rise. With good sales and fair prices like these, fish paste producers here are doing quite well," said Daw Yi Yi Win, a business owner engaged in the fish paste and dried fish trade in Bogale Township.

The fish paste varieties shipped from Bogale to the Yangon market in March included snakehead fish paste, dace fish paste, Japan-fish fish paste, small snakehead fish paste, and climbing perch fish paste — mostly made from freshwater fish. Depending on the type and quality, the price of these fish paste varieties ranged from K10,500 to K45,000 per viss.

Kyaw Kyaw Lin

# Plan underway to cultivate more than 1,000 acres of pulses and beans in Ngayokkaung

**Ngaputaw November 1**

Local authorities in Ngaputaw Township of Ayeyawady Region have earmarked cultivation of 1,073 acres of pulses and beans in Ngayokkaung of Ngaputaw Township in coming cold season, said U Hsan Win, the Head of Ngaputaw Township Agriculture Department.

During this year's winter crop season, a total of 1,073 acres of various types of pulses will be cultivated in Ngayokkaung town starting from the third week of October. It is learned that local farmers, together with the Department of Agriculture, are collaborating to ensure systematic and smooth cultivation without difficulties.

"In Ngayokkaung, 1,073 acres of different pulse crops will be planted this winter season. The department has made the necessary preparations to meet the target acreage. We are working in cooperation with local farmers and relevant departments to ensure that the planned winter crops, including pulses, are fully cultivated. Among the pulse crops, Bokade (cowpea) will be the main crop grown. We are also providing support to ensure successful growth and good yields," said U Hsan Win, Head of the Department of Agriculture in Ngaputaw Township.

Among the 1,073 acres of pulses to be cultivated in Ngayokkaung this winter season, 153 acres will be green gram, 716 acres will be Bokade (cowpea), and 204 acres will be black gram. To enable farmers to cultivate these crops without difficulties, agricultural inputs and farming loans are being provided in accordance with set rules and regulations. The Department of Agriculture and local farmers are also working together to prevent pest infestations and ensure good yields after cultivation.

Kyaw Kyaw Lin

# 10 killed, many injured in stampede at Hindu temple in India's Andhra Pradesh

**New Delhi November 1**

At least 10 people were killed and many others injured Saturday in a stampede at a Hindu temple in the southern Indian state of Andhra Pradesh, officials said.

The accident occured at Venkateswara Swamy temple in Kasibugga of Srikakulam district, about 548 km northeast of Amaravati, the capital city of Andhra Pradesh, where a large crowd had gathered on the occasion of Ekadashi, an auspicious day in Hinduism.

"The heavy rush of devotees led to overcrowding, resulting in injuries to many devotees, who were immediately rushed to nearby hospitals," an official said. "We are receiving reports that so far 10 people have been killed and many others are injured."

Reports said the crowd at the temple swelled beyond expected numbers, and management was unable to manage the rush effectively, thus leading to the stampede.

Police feared the death toll was likely to increase.

Xinhua

# Venezuela seeking military aid from Russia, China and Iran – WaPo

**Washington November 1**

Venezuela has requested assistance from Russia, China, and Iran to strengthen its defenses amid the ongoing standoff with the US, the Washington Post claimed on Friday, citing US government documents.

According to the newspaper, Venezuelan President Nicolas Maduro sent a letter to Chinese President Xi Jinping requesting radar detectors and directly citing the "escalation" with the US. Caracas also reportedly urged Iran to provide radar-jamming equipment and drones capable of flying up to 1,000km (around 600 miles).

The Washington Post cited documents indicating that Venezuelan Transport Minister Ramon Celestino Velazquez was set to deliver a letter to Russian President Vladimir Putin during his trip to Moscow last month, requesting unspecified missiles and assistance in repairing Su-30MK2 fighter jets and radar systems previously purchased by Venezuela. The report added that it is unclear how Russia, China, or Iran responded to the requests.

US President Donald Trump has accused Maduro of operating "macroterrorist" cartels that smuggle drugs into the US and has offered a bounty for his arrest. Washington has deployed a naval armada in the western Caribbean, and since September, has conducted strikes in international waters against more than a dozen alleged cartel vessels. Maduro has denied the allegations and accused Trump of "fabricating a new war."

RT



Inauguration of President Nicolas Maduro on 10 January 2025 in Caracas, Venezuela.

# Einme Township to grow more than 2,000 acres of sunflower



A thriving sunflower plantation.

**Myaungmya November 1**

Local authorities have earmarked cultivation of 2,310 acres of sunflower as cold season crops in Einme Township of Ayeyaway Region this year, said Daw Khin Htay Myint, the Head of Myaungmya District Agriculture Department.

In Einme Township, a total of 2,310 acres of sunflower are planned to be cultivated during this year's winter crop season, starting from the first week of November. To ensure full cultivation as planned, officials from the district and township agriculture departments, administrative committees, and local farmers are working together, according to reports.

"In Einme Township, 2,310 acres of oil crop sunflower will be cultivated. To ensure successful production, the necessary technical arrangements have been made in advance before planting. Local farmers also have prior experience in sunflower cultivation from previous years, which will be helpful this season. We will continue providing support to ensure that sunflower fields grow successfully, achieve higher yields, and remain free from pest infestation," said Daw Khin Htay Myint.

To facilitate systematic and smooth cultivation of sunflower crops in Einme Township, the Agriculture Department has been carrying out field visits, providing agricultural technology training, and supplying necessary inputs. The department is also assisting in soil preparation, proper application of fertilizers and other inputs, and offering agricultural techniques to ensure correct and effective farming practices.

Kyaw Kyaw Lin

# Monywa District harvests more than 1,000 acres of sunflower

**Monywa November 1**

Statistics of Monywa District Agriculture Department mentioned that local farmers have reaped more than 1,000 acres of sunflower in Monywa District of Sagaing Region this year.

During this year's monsoon crop season, sunflower was cultivated on 9,585 acres in Monywa District. Harvesting of the cultivated sunflower fields began in September, and as of today, 1,455 acres have been harvested, with an average yield of 23.71 baskets per acre.

"This year, sunflower has been cultivated on 9,585 acres during the monsoon crop season in Monywa District. Harvesting is now underway, and over 1,000 acres have been completed so far. To help reduce the import of edible oil, efforts are being made to expand the cultivation of sunflower, which is an oil crop. Sunflower produces a higher oil yield per acre compared to other crops such as groundnut and sesame," said Daw San San Myint, Head of the Monywa District Department of Agriculture.

As of now, sunflower harvesting by township in Monywa District has been completed on 728 acres in Budalin Township, 502 acres in Ayadaw Township, and 225 acres in ChaungU Township, totalling 1,455 acres.

To promote sunflower cultivation expansion in Monywa District, the respective township Departments of Agriculture have been conducting intensive awareness and training programs for both staff and farmers to enhance their technical skills and knowledge.

Arrangements have been made to provide sunflower farmers with quality seeds and to sell urea fertilizer at fair prices, while improved sunflower seed varieties are being distributed through farmer-to-farmer exchange systems.

206

# Businesspersons from Dedaye Township send 60,000 viss of squids to Yangon market in September

**Dedaye November 1**

Local merchants from Dedaye Township of Ayeyawady Region shipped 60,000 viss of squids to Yangon market in September, said Daw Moe Moe Aye, the owner of fishery product trading depot in Dedaye Township.

In Dedaye Township, only about 45,000 viss of dried squids were sold and transported to the Yangon market in August this year. During September, exports increased to as much as 60,000 viss within a month. The rise in exports was due to stronger domestic demand for squids in the Yangon market.

"From Dedaye Township, we've been exporting not only other marine products but also a greater volume of squids. In the past month alone, we managed to sell and transport up to 60,000 viss of squids. Since buyers were placing more orders for fresh squids, we supplied and sold them to Yangon. With this increase in exports, those involved in the fishery sector are doing well. Apart from other seafood, we mainly export dried fish and squids from this area to Yangon, and the overall trade process is going smoothly," said Daw Moe Moe Aye.

Seafood traders from Dedaye Township buy squids, dry them properly, and mainly export the dried squids to the Yangon market, where they fetch up to K25,500 per viss.

Kyaw Kyaw Lin

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Plan underway to grow more than 5,000 acres of groundnut in Wakema Township

**Wakema November 1**

Arrangements are being made to grow 5,723 acres of groundnut as cold season crops in Wakema Township of Ayeyawady Region this year, said Daw Khin Htay Myint, the Head of Myaungmya District Agriculture Department.

In Wakema Township, a total of 5,723 acres of groundnut are planned to be cultivated in the upcoming winter crop season, starting from the first week of November. To ensure full cultivation of this oil crop, local farmers, along with officials from the Department of Agriculture, Department of Agricultural Mechanization, and Administrative Committees will jointly implement the cultivation plan, according to reports.

"The plan for this winter is to cultivate 5,723 acres of groundnut in Wakema Township. Local farmers are preparing for the winter groundnut cultivation. The department will provide necessary support to help improve seed quality, increase yield, and prevent pest infestation. Groundnut yield varies depending on soil type. Therefore, to improve the productivity of low-yield farmland, the district and township agricultural departments will collaborate with farmers to raise the overall output," said Daw Khin Htay Myint.

She added that, to ensure 100 per cent cultivation of winter crops in Wakema Township and to maintain uniform yield of oil crops such as groundnut, the Agriculture Department has been conducting awareness and technical support activities. These include land preparation, proper use of fertilizers, pesticides, herbicides, and plant tonics, soil management methods, use of quality and pure groundnut varieties suited to local soil conditions, and appropriate cultivation practices.

Kyaw Kyaw Lin

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံ Shvabe ကုမ္ပဏီက သယ်ယူရွှေ့ပြောင်းနိုင်သော တိုက်ရိုက်စွမ်းအင်သုံးလေဆာလက်နက်စနစ်ကို မိတ်ဆက်ပြသခဲ့



ရုရှားနိုင်ငံ မော်စကိုမြို့ရှိ VDNH ပြပွဲခန်းမတွင် ကျင်းပခဲ့သော ကာကွယ်ရေးပစ္စည်းထုတ်ကုန်ပြပွဲ Interpolitex 2025 ၌ Shvabe ကုမ္ပဏီက သယ်ယူရွှေ့ပြောင်းနိုင်သော တိုက်ရိုက်စွမ်းအင်သုံး လေဆာလက်နက်စနစ်ကို မိတ်ဆက်ပြသခဲ့ကြောင်း အောက်တိုဘာ ၂၉ ရက်တွင် Army Recognition သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါစနစ်ကို လေအေးပေးစနစ်သုံး ပါဝါထောက်ပံ့မှုနှင့် အလင်းဖြင့်ရှာဖွေထောက်လှမ်းကာ ခြေရာခံနိုင်သည့်စနစ်တို့ဖြင့် တည်ဆောက်ထားပြီး စက်ပစ္စည်းအားလုံးနှင့် ကွပ်ကဲမှုစနစ်တို့ကို တစ်စုတစ်စည်းတည်း လမ်းကြမ်းမောင်းနိုင်သော ထရပ်ကားတစ်စီးပေါ်တွင် ထည့်သွင်း တည်ဆောက်ထားရှိသည်။

ရုရှားနည်းပညာမီဒီယာများ၏ ဖော်ပြချက်အရ ၎င်းလေဆာလက်နက်စနစ်သည် ယာဉ်ပေါ်တွင် တပ်ဆင်ထားသည့် အားပြန်သွင်းနိုင်သော ဘက်ထရီများဖြင့် လည်ပတ်နိုင်ပြီး သေးငယ်သော FPV ဒရုန်းများအပါအဝင် ကြီးမားသော ဒရုန်းအမျိုးအပြားကို တစ်မိနစ်ခန့်အတွင်း ပျက်စီးအောင် ပြုလုပ်နိုင်ကြောင်း သိရသည်။ ထို့ပြင် ၎င်းစနစ်သည် အခြားရေဒါစနစ်များ သို့မဟုတ် အသံလှိုင်းဖမ်းယူထောက်လှမ်းနိုင်သောစနစ်များနှင့်လည်း ချိတ်ဆက်အသုံးပြုနိုင်ပြီး အလွှာလိုက်လေကြောင်းရန် ကာကွယ်ရေးကွန်ရက်အတွက် အားဖြည့်ပေးနိုင်သည်။

အဆိုပါစနစ်၏ အဓိကအချက်မှာ လေအေးပေးစနစ်သုံး စွမ်းအင်မြင့်လေဆာဖြစ်သည်။ အရည်အေးပေးစနစ်ထက် အရည်နှင့် ပြုပြင်ထိန်းသိမ်းမှုလိုအပ်ချက် နည်းပါးသောကြောင့် ဤရွေးချယ်မှုသည် ထောက်ပံ့ပို့ဆောင်ရေးကို ပိုမိုရိုးရှင်းစေပြီး လျင်မြန်စွာ ဖြန့်ကြက်ချထားရာတွင် စနစ်၏အရွယ်အစားကိုလည်း ကျစ်လျစ်စေသည်။

ရှာဖွေထောက်လှမ်းခြင်းနှင့်ခြေရာခံခြင်း အာရုံခံကိရိယာများပေါင်းစပ်ထားသော အလင်းထိန်းချုပ်ခြင်းဆိုင်ရာ နည်းပညာသည် သေးငယ်သောပစ်မှတ်များကို ရှာဖွေဖမ်းယူပြီး အပူဒဏ်သက်ရောက်မှုများ ဖြစ်ပေါ်စေရန်အတွက် လုံလောက်သောအချိန်ထိ ပစ်မှတ်ကိုချိန်ထားနိုင်သည်။ ထုတ်လုပ်သူ၏ ပြောကြားချက်အရ ကွပ်ကဲမှုနှင့်ထိန်းချုပ်ရေးအပါအဝင် စနစ်တစ်ခုလုံးသည် လမ်းကြမ်းသွားနိုင်သော ထရပ်ကားပေါ်တွင် အံဝင်ခွင်ကျထားရှိသဖြင့် မိနစ်ပိုင်းအတွင်း တပ်ဆင်နိုင်ပြီး လျင်မြန်စွာ နေရာပြောင်းရွှေ့နိုင်သည်။ လျှပ်စစ်ဓာတ်အားကို ယာဉ်ပေါ်တွင် တပ်ဆင်ထားသော ဘက်ထရီများဖြင့် ထောက်ပံ့ပေးပြီး အခြေအနေပေးပါက ပြင်ပရင်းမြစ်မှ အားပြန်သွင်းနိုင်သောကြောင့် နေရာချထားစဉ် အသံနှင့်အပူအမှတ်အသားများကို လျှော့ချပေးနိုင်သည်။ ဤရွေးချယ်မှုများသည် Shvabe ၏ တည်ငြိမ်အောင် ထိန်းညှိထားသည့် မှန်ဘီလူးများနှင့် ကျစ်လျစ်သောစွမ်းအင်ရင်းမြစ်များကိုဗဟိုပြုသည့် ယခင်မြေပြင်သုံးလေဆာလုပ်ငန်းများနှင့်လည်း ကိုက်ညီသည်။

ထုတ်ပြန်ထားသော အသေးစိတ်အချက်အလက်များအရ ဤအတန်းအစားရှိ စွမ်းအင်ဦးတည်လက်နက်များနှင့် ကိုက်ညီသည့် စစ်ဆင်ရေးနယ်ပယ်များကို ခန့်မှန်းနိုင်သည်။ ရည်ရွယ်ထားသော သက်ရောက်မှုများတွင် အာရုံခံကိရိယာများကို ပျက်စီးစေခြင်း၊ ကြိုးများဖြတ်တောက်ခြင်း၊ ထိန်းချုပ်နိုင်စွမ်းကျဆင်းစေခြင်း သို့မဟုတ် ဘက်ထရီများတွင် အပူလွန်ကဲမှုကို ဖြစ်ပေါ်စေခြင်းတို့ကြောင့် ထိန်းချုပ်မှုလုံးဝပျောက်ဆုံးခြင်း သို့မဟုတ် ထိန်းမရဘဲ အောက်သို့ကျဆင်းခြင်းတို့ ပါဝင်သည်။ ဤဖွဲ့စည်းပုံတွင် လေဆာသည် ၂၃ မီလီမီတာမှ ၃၀ မီလီမီတာအမြောက်များကို ရှောင်လွှဲ၍ ထိုးဖောက်ဝင်ရောက်လာသော ဒရုန်းများအတွက် သီးသန့်ထားရှိသည့် တိုက်ရိုက်စွမ်းအင်သုံးလက်နက်အဖြစ် လုပ်ဆောင်ပြီး ပိုမိုမြန်ဆန်သော ပစ်မှတ်များ သို့မဟုတ် အမြင်အာရုံမကောင်းသည့် အခြေအနေများအတွက်မူ တာတိုပစ်ဒုံးကျည်များကို ဆက်လက်အသုံးပြုနိုင်ကြောင်း သိရသည်။

**Russian truck-mounted anti-drone laser debuts to deliver rapid multi-target defense** ကို ဘာသာပြန်ဆိုထားပါသည်။

## EOS Defense Systems ကုမ္ပဏီက ဒရုန်းရန်ကာကွယ်ရေးအတွက် Slinger လက်နက်စနစ်ကို နည်းပညာအဆင့်မြှင့်တင်



အမေရိကန်နိုင်ငံအခြေစိုက် EOS Defense Systems USA ကုမ္ပဏီသည် Slinger လက်နက်စနစ် remote weapon system ကို ပစ်မှတ်အလိုအလျောက်စိစစ်နိုင်စွမ်းနှင့် ရွေးချယ်နိုင်သော အလိုအလျောက်အဆင့်များဖြင့် နည်းပညာအဆင့်မြှင့်တင်လျက်ရှိကြောင်း အောက်တိုဘာ ၂၉ ရက်တွင် Army Recognition သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

ထိုသို့ အဆင့်မြှင့်တင်ခြင်းဖြင့် ရန်သူ့ဒရုန်းများကို လျင်မြန်စွာထောက်လှမ်းဖျက်ဆီးနိုင်စေပြီး လက်နက်ထိန်းချုပ်သူ၏ လုပ်ငန်းဝန်ကို လျှော့ချပေးမည်ဖြစ်သည်။ မြင့်တက်လာသော အမေရိကန်နိုင်ငံ၏ ဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက် Slinger လက်နက်စနစ်ကို အလာဘားမားပြည်နယ်၊ ဟန့်စ်ဗီးလ်တွင် စတင်ထုတ်လုပ်ရန် စီစဉ်နေကြောင်း ကုမ္ပဏီက အတည်ပြုခဲ့သည်။

Slinger လက်နက်စနစ်သည် EOS R400 လက်နက်စနစ် အမျိုးအစားပေါ် အခြေခံထားသော အလေးချိန်ပေါ့ပါးသည့် hard-kill တန်ပြန် ဒရုန်းလက်နက်စနစ်တစ်ခုဖြစ်သည်။ ၎င်း၏ အဓိကအစိတ်အပိုင်းမှာ သေးငယ်သော ဒရုန်းများအတွက် အထူးပြုလုပ်ထားသည့် အပိုင်းအစကွဲ ကျည်ဆန်များကို အသုံးပြုသော မီလီမီတာ ၃၀ စက်သေနတ် တစ်လက်ပါရှိသည်။ ၎င်းလက်နက်ကို ရွေ့လျားနေစဉ် ပစ်ခတ်နိုင်ရန် အပြည့်အဝတည်ငြိမ်အောင် ပြုလုပ်ထားရှိသည်။ ၎င်းသည် Echodyne မှ ထုတ်လုပ်သည့် အီလက်ထရွန်နစ်ဖြင့် လမ်းညွှန်သော ရေဒါနှင့် ဝင်ရိုးလေးခုပါ နေ့နှင့်ည အပူချိန်ကြည့်မှန်ပြောင်းတို့ ပေါင်းစပ်ထားသည်။ EOS ၏ ဖော်ပြချက်များအရ စနစ်၏စုစုပေါင်းအလေးချိန်သည် ကီလိုဂရမ် ၄၀၀ အောက်သာရှိသည်။ သရုပ်ပြပစ်ခတ်မှုများတွင် မီတာ ၈၀၀ ကျော်ထိ အောင်မြင်စွာပစ်ခတ်နိုင်ခဲ့ကြောင်း၊ မီလီမီတာ ၇၀ ဒုံးကျည်များကိုလည်း ရွေးချယ်တပ်ဆင်နိုင်ကြောင်း ဖော်ပြထားရှိသည်။

ယခု ဖော်ထုတ်နေသည့် အလိုအလျောက်စနစ်သည် တိုက်ပွဲနယ်ပယ်၏ အစွန်အဖျားတွင် အရေးပါလာသည်။ ပစ်မှတ် အလိုအလျောက် စိစစ်နိုင်စွမ်းသည် ပစ်မှတ်ကို ထောက်လှမ်းခြင်း၊ အမျိုးအစားခွဲခြားခြင်းနှင့် တိုက်ခိုက်ရေးသို့ လျင်မြန်စွာ လွှဲပြောင်းပေးခြင်းတို့ကို ပံ့ပိုးပေးသည်။ ရွေးချယ်နိုင်သော အလိုအလျောက်အဆင့်များက စစ်ဆင်ရေးဆိုင်ရာစည်းမျဉ်းများနှင့် ကိုက်ညီစေရန်အတွက် လူပါဝင်ထိန်းချုပ်ကြီးကြပ်သည့် သို့မဟုတ် လုံခြုံရေးထိန်းသိမ်းသည့်ပုံစံများကို ကွပ်ကဲသူများက စိတ်ကြိုက်သတ်မှတ်ခွင့်ပေးထားသည်။ ဤစနစ်သည် ၎င်း၏ မူရင်းအာရုံခံကိရိယာများကိုအသုံးပြု၍ သီးခြားလည်ပတ်နိုင်သကဲ့သို့ ပြင်ပရေဒါအချက်ပြမှုများကိုလည်း လက်ခံနိုင်သည်။ ၎င်းသည် Slinger လက်နက်စနစ်ကို တာတိုစောင့်ကြည့်ရေးကိရိယာများမှ ပစ်မှတ်များကိုသတ်မှတ်ပေးပြီး တာတိုပစ်ကျည်ဆန်များဖြင့် တိုက်ခိုက်သည့် အလွှာလိုက်ကာကွယ်ရေးစနစ်တွင် လှုပ်ရှားနိုင်သော ဖျက်ဆီးရေးအစိတ်အပိုင်းတစ်ခုအဖြစ် ဖော်ညွှန်းပေးသည်။ Slinger သည် ပိုမိုကျယ်ပြန့်သော လေကြောင်းကာကွယ်ရေး၊ တိုက်ပွဲစီမံခန့်ခွဲမှု ကွန်ရက်များနှင့် ချိတ်ဆက်နိုင်သည့် ပေါင်းစပ်မှုအဖြစ် အမေရိကန်နှင့် NATO ဝယ်ယူသူများအတွက် အဓိကဆွဲဆောင်မှုအဖြစ် ဖော်ပြလျက်ရှိသည်။ EOS သည် ၎င်း၏ R400 စနစ်ကို အမေရိကန်စစ်ဘက်၏ C-UAS Directed-Energy Stryker သရုပ်ပြ ယာဉ်ပေါ်တွင် ဒရုန်းရန်ကာကွယ်ရေး လက်နက်အဖြစ် ပေါင်းစပ်ထားပြီးဖြစ်ရာ စစ်ဘက်၏ FAAD C2 ကွပ်ကဲထိန်းချုပ်မှုစနစ်နှင့် အပြည့်အဝ ချိတ်ဆက်ထားကြောင်း သိရသည်။

**U.S. Production of Upgraded Slinger Anti-Drone Weapon Signals New Counter-UAS Phase** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၉၀၅၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို ဩဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မြင်းမူမြို့နယ်မှာ နှမ်း ၁၉၀၅၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီး စီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှု အနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်နဲ့စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၁၆)


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မနှင့်ဖြူးမြို့နယ်မှ ဒေသထွက်ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ



**မနှင့်ဖြူ နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မနှင့်ဖြူမြို့နယ်မှ ဒေသထွက် ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မနှင့်ဖြူမြို့နယ် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှငွေးက ပြောပြ၍ သိရသည်။

မနှင့်ဖြူမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များကို အောက်တိုဘာလဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူအား ကောင်းမွန်လာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ဒေသထွက်ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူအား ကောင်းနေလို့ အရောင်းအဝယ် ကောင်းနေတာပါ။ ဒီဘက်က ကွမ်းရွက်အရောင်းအဝယ်သမားတွေက ဒေသထွက်ကွမ်းရွက်တွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးပါတယ်။ ဒေသထွက် ကွမ်းရွက်တွေကို အရောင်းအဝယ်လုပ်ရတော့ အခက်အခဲမရှိပါဘူး" ဟု မနှင့်ဖြူမြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှငွေးက ပြောပြသည်။

မနှင့်ဖြူမြို့နယ်တွင် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို အခြားဒေသများသို့ စနစ်တကျ ထုပ်ပိုးတင်ပို့ရောင်းချနေကြောင်း၊ အဆိုပါကွမ်းရွက်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အဆင်ပြေလာကြောင်း မနှင့်ဖြူမြို့နယ် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှငွေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပြည်မြို့နယ် ဗြဟော်ကျေးရွာ၌ Box Culvert တည်ဆောက်ပြီးစီးမှု စစ်ဆေး



**ပြည် နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဗြဟော်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် Box Culvert တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဗြဟော်ကျေးရွာ၌ Box Culvert တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဗြဟော်ကျေးရွာ၌ အရှည် ၁၈ ပေ၊ အကျယ် ခုနစ်ပေခြောက်လက်မ၊ အမြင့် ငါးပေခြောက်လက်မရှိ Box Culvert တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၇၄ သန်း အသုံးပြု၍ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ဗြဟော်ကျေးရွာရှိ အိမ်ခြေ ၇၀ မှ လူဦးရေ ၃၆၀ တို့၏ သွားလာရေးအဆင်ပြေနေပြီဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်ထံမှ သိရသည်။

**ကိုညို**

# ကော့မှူးမြို့နယ် ရွာတန်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရွာတန်းရှည်ကျေးရွာ၌ နဝမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာစုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းအကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွာတန်းရှည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ၂၅၄ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အထွေး**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တက်ရောက်ဆုချီးမြှင့်




**နေပြည်တော် နိုဝင်ဘာ ၁**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၁)တွင် ကျင်းပသည်။

ဗိုလ်လုပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့်ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ ဦးစီးဌာနအလိုက် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအဖြစ် ရန်ကုန်ဇုန်(က)အသင်းနှင့် မန္တလေးဇုန်(က)အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ပွဲပြီးချိန်အထိ တစ်ဖက် တစ်ဂိုးစီ သရေကျနေသဖြင့် ပင်နယ်တီကန်သွင်းကြရာ မန္တလေးဇုန်(က) အသင်းက ရန်ကုန်ဇုန်(က)အသင်းကို ခြောက်ဂိုး လေးဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင်ကRoyal-D မိသားစုကိုလည်းကောင်း၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဆန်းဝင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်များကို ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များက နေရာအလိုက်အကောင်းဆုံးဆုများနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အထူးဆုရရှိသော ရန်ကုန်ဇုန်(ခ)အသင်းကို ပညာရေးဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်က ငွေသားဆုကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော မန္တလေးဇုန်(ခ)အသင်းကို ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တစ်ဦးချင်းဆုတံဆိပ်များနှင့်ငွေသားဆုကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ရန်ကုန်ဇုန်(က)အသင်းကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကျပ်သိန်း ၃၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပထမဆုရရှိသော မန္တလေးဇုန်(က)အသင်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုကျပ်သိန်း ၅၀ နှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ပြီး ပညာရေးဒီဂရီကောလိပ် ခုနစ်ကျောင်းမှ နေရပ်မပြန်နိုင်သည့် ကျောင်းသား၊ကျောင်းသူများအတွက် စားသောက်စရိတ် ချီးမြှင့်ငွေများပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများက လက်ခံရယူသည်။

ယနေ့နံနက်ပိုင်းတွင် တတိယနေရာလုပွဲကို ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ရန်ကုန်ဇုန်(ခ)အသင်းနှင့် မန္တလေးဇုန်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲပြီးချိန်ထိ တစ်ဖက်တစ်ဂိုးစီ သရေကျနေသဖြင့် ပင်နယ်တီအဆုံးအဖြတ်ကန်သွင်းရာ မန္တလေးဇုန်(ခ)အသင်းက ရန်ကုန်ဇုန်(ခ)အသင်းကို ငါးဂိုး လေးဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အားကစားဖြင့် အမိမြန်မာနိုင်ငံတော်၏ဂုဏ်ကိုမြှင့်တင်နိုင်အောင် အင်ပြည့်အားပြည့် ပါဝင်ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁**

၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရေးနှင့် ပြိုင်ပွဲတွင် အောင်မြင်မှုများရရှိလာပါက ထိုက်တန်စွာ ဂုဏ်ပြုဆုချီးမြှင့်နိုင်ရေးနှင့် စပ်လျဉ်း၍ ပထမအကြိမ် မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုယနေ့နံနက်ပိုင်းတွင်ရန်ကုန်မြို့အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အရာရှိကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များအနေဖြင့် အဆင့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်ပြီး ထိုက်သင့်သည့် အောင်မြင်မှုများ ရရှိစေရန်အတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် စခန်းဝင်အားကစားအဖွဲ့များ၏ စခန်းသွင်းစားစရိတ်ကို တစ်ဦးလျှင် တစ်ရက် ငွေကျပ် ၅၀၀၀ နှုန်းမှ ၂၀၂၅ ခုနှစ် ဇူလိုင်လမှစတင်ကာ ငွေကျပ် ၁၂၀၀၀ နှုန်းထိ တိုးမြှင့်ထောက်ပံ့ပေးခဲ့သည့်အတွက် အားကစားသမားများကို ကယ်လိုရီစံနှုန်းများနှင့်ကိုက်ညီပြီး အာဟာရဖြစ်စေမည့် အစားအသောက်များကို တစ်ရက်လျှင် ခြောက်ကြိမ်နှုန်းဖြင့်ကျွေးမွေးနိုင်ခဲ့သည့်အပြင် အဘက်ဘက်က ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာ့အားကစား အောင်နိုင်ရေး ကော်မတီ၏ လုပ်ငန်းတာဝန် ခုနစ်ရပ်အနက် အဓိကဦးတည်ချက်ဖြစ်သည့် စခန်းဝင် အားကစားသမားများ၏ မိခင်ဖြစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များက ကူညီထောက်ပံ့စေခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ကူညီထောက်ပံ့ပေးစေလိုကြောင်း၊ နိုင်ငံတော်အဆင့် ဂုဏ်ပြုပွဲအခမ်းအနားတွင် နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်ခြင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်နှင့်ဝန်ကြီးဌာနများက ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်မှုများပြုလုပ်ပေးပြီး သင့်လျော်သည့် ရာထူးအဆင့်များတိုးမြှင့်ပေးခြင်း၊ အလုပ်အကိုင်များဖန်တီး၍ ဂုဏ်ပြုပေးစေလိုကြောင်း၊ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးအတွက် ကော်မတီဝင်များနှင့် ပထမအကြိမ် စတင်ဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ အစည်းအဝေးတက်ရောက်လာကြသူများအနေဖြင့် မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီ သက်ဝင်လှုပ်ရှားနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာ့အားကစားအောင်နိုင်ရေး ကော်မတီဥက္ကဋ္ဌ ဦးထိန်လင်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် အစည်းအဝေးတက်ရောက်လာကြသူများက မြန်မာအားကစားအဖွဲ့အောင်နိုင်ရေး၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် အောင်မြင်မှုများရရှိလာပါက ဂုဏ်ပြုထောက်ပံ့ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် သက်ဆိုင်ရာကဏ္ဍများအလိုက် အဘက်ဘက်က ဝိုင်းဝန်းပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အားကစားဖြင့် အမိမြန်မာနိုင်ငံတော်၏ ဂုဏ်ကိုမြှင့်တင်နိုင်အောင် အင်ပြည့်အားပြည့် ပါဝင်ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

ရထားတွဲဆိုင်းကို တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေးကာ ပေါမှုဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာ၍ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။

ပြေးဆွဲသည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်း နှစ်တွဲ၊ ရိုးရိုးတန်း သုံးတွဲနှင့် ရထားထိန်းတွဲ တစ်တွဲဖြစ်ပြီး ရထားစီးခရီးသည် အထက်တန်း ၃၆ ဦး၊ ရိုးရိုးတန်း ၇၂ ဦး စုစုပေါင်း ၁၀၈ ဦး လိုက်ပါစီးနင်းကြသည်။ အဆိုပါ တောင်ကြီး-ပေါမှု အသွား၊ အပြန်ခရီးစဉ်အတွက် လက်မှတ်ခန့်မှန်းထားမှာ အထက်တန်းတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်သည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး-ပေါမှု အသွား၊ အပြန် ခရီးစဉ်အတွက် အထက်ပါ သတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့်ဝန်ဆောင်မှုလုပ်ငန်းများမှ ရထားအဆိုင်းလိုက်(တစ်စီးလုံး) ငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး MSMEs တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲဖွင့်ပွဲ ပြည်သူ့ရင်ပြင်၌ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁**

၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင် MSMEs ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UMFCCI နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှတာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များနှင့် တိုင်းရင်းသားတိုင်းရင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပြည်သူလူထုအနေဖြင့် စိတ်လက်ပျော်ပါးပျော်ရွှင်စွာဖြင့် ဂီတဖျော်ဖြေမှုကြည့်ရှုခံစားရင်း ထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ ဝယ်ယူအားပေးနိုင်ရေး၊ ထုတ်လုပ်ပြသ ရောင်းချသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး မိမိထုတ်ကုန်ပစ္စည်းများကို ကောင်းသောယှဉ်ပြိုင်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းသုံးထုတ်ကုန်ပစ္စည်းများမှ ပြည်ပတင်ပို့နိုင်သည့် အမည်သစ်အရည်အသွေးကောင်း ထုတ်ကုန်ပစ္စည်းများ ဖြစ်ပေါ်စေပြီး MSMEs လုပ်ငန်းများမှလည်း ပြည်တွင်း၌ပင် ပိုမိုတိုးတက်ဖွံ့ဖြိုးလာနိုင်စေရေးတို့ကိုပါ ရည်မျှော်ရှေးရှုလျက် စီမံဆောင်ရွက်ထားရှိသည့် ယခုပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲကြရန် ပြောကြားသည်။

ထို့နောက် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး စီပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် စက်မှုဇုန်များမှ ဥက္ကဋ္ဌများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကရင်ရိုးရာအကအဖွဲ့၊ ဘင်ခရာအဖွဲ့များ၊ ပန်းဖွားအဖွဲ့များက ဖျော်ဖြေတင်ဆက်ကပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တကွတက်ရောက်ကြလာသည့် ဧည့်သည်တော်များက ဈေးဆိုင်ခန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး ထုတ်ကုန်ပစ္စည်းများပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကြီးကို ယနေ့မှ နိုဝင်ဘာ ၄ ရက်ထိ လေးရက်တိုင်တိုင် နေ့စဉ်နံနက် ၈ နာရီမှ ည ၁၀ နာရီထိ ကျင်းပသွားမည်ဖြစ်ပြီး ဈေးရောင်းပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ထုတ်ကုန်ပစ္စည်းများရောင်းချသည့် ဆိုင်ခန်းများ၊ ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားစေရေးအတွက် စာအုပ်အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများအပါအဝင် ဆိုင်ခန်းပေါင်း ၆၃၀ ကျော်ပါဝင်ပြသရောင်းချလျက်ရှိသည်။

အလားတူ ပွဲတော်ရက်များအတွင်း MSME လုပ်ငန်းရှင်များအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကိုသိရှိနိုင်စေရန် Talk show အစီအစဉ်များပါဝင်ပြီး ရုပ်ရှင်၊ သဘင်နှင့် ဂီတနယ်ပယ်မှ ကျော်ကြားလျက်ရှိသည့် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုခံစားကာ တန်ဆောင်တိုင်ပွဲတော်ရက်တွင် မြတ်စွာဘုရားအား အလှမီးများနှင့်ပူဇော်ခြင်း၊ တန်ဆောင်မုန်းလပြည့်နေ့နှင့် အဖိတ်နေ့တို့တွင် မီးပုံးပျံလွှတ်တင်မည့်အစီအစဉ်နှင့်မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကာ ပွဲတော်လာပြည်သူများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် အလှူရှင်များက စတုဒိသာထမင်းများကျွေးမွေးကာ သွားလာရေးအဆင်ပြေလွယ်ကူစေရန် YBS ယာဉ်များဖြင့် အကြိုအပို့ကားများလည်း စီစဉ်ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

**ဖော်မင်းလတ်-MNA**

# ကျောက်မဲခရိုင်ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ



**ကျောက်မဲ နိုဝင်ဘာ ၁**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာန၊ ကျောက်မဲခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီနှင့် နီးနွှယ်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် စေတနာရှင်များပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများကြောင့် ၂၀၂၄ ခုနှစ် ဇွန်လကုန်မှစ၍ လုပ်ငန်းယာယီရပ်ဆိုင်းထားသော ကျောက်မဲခရိုင်ပြည်သူ့ဆေးရုံကို ပြန်လည်ပြုပြင်ပြီး ယနေ့နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်၍ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်မဲခရိုင်ကုသရေးဦးစီးဌာနအနေဖြင့် ကျောက်မဲမြို့ "လာဘမုနိ" တရုတ်ဘုံကျောင်းတွင် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၅ ရက်မှစ၍ ယာယီဆေးရုံဖြင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ တိုင်းရင်းသားပြည်သူများ လာရောက်ကုသမှုခံယူလျက်ရှိပြီး အောက်တိုဘာ ၅ ရက်မှ နိုဝင်ဘာ ၁ရက်ထိ လူနာ ၃၃၈၅ ဦးကို လိုအပ်သော ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ လုပ်ငန်းယာယီရပ်ဆိုင်းထားသော ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် နောင်ပိန်ကိုက်နယ်ဆေးရုံကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ပြန်လည်ဖွင့်လှစ်ထားရှိပြီး ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာန ခြောက်ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

ကျောက်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ကျောက်မဲမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့်ဆောင်ရွက်ရန်အတွက် အမီလိုက်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ အသက် ၁၅ နှစ် အောက်ကလေးများကို အထူးအစီအစဉ် (Special Immunization Activities)ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်း စသည်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ကလေးတိုင်းဆီသို့ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောက်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် အောက်တိုဘာ ၁၀ ရက်မှ ယနေ့ထိ အသက် ၁၅ နှစ်အောက် စုစုပေါင်း ၃၇၂၃ ဦးကို လိုအပ်သောကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❖ နေရာကွက်၍ မိုးကြီးနိုင်မှ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

# ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

**အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင် ဆရာမကြီး ဒေါက်တာဒေါ်ပို(မလေးပို)၊ စာရေးဆရာ ဆရာကြီး ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)၊ စာရေးဆရာ ဆရာမကြီး ဒေါ်တင်ရီ(တင်ရီမ-ညောင်ဦး)၊ စာရေးဆရာ ဆရာကြီး ဦးကိုကို(ကို-တက္ကသိုလ်)နှင့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ)တို့ရရှိ**

**နေပြည်တော် နိုဝင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာဒေါ်ပို(မလေးပို)၊ စာရေးဆရာ ဆရာကြီး ဦးသန်းညွန့်(ဇင်မင်း-သမိန်ထော)၊ စာရေးဆရာ ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)၊ စာရေးဆရာ ဆရာကြီး ဦးကိုကို (ကို-တက္ကသိုလ်)နှင့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ)တို့ကို ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

ထိုနည်းတူ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၄ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုဆုတွင် ရဲမင်းစိုး ရေးသားသည့် **လေလှိုင်းကြားက အသက်ရှုသံများနှင့် (စစ်သည်နှလုံးသား ခံစားချက်ဝတ္ထုတိုများ)**စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ ကဗျာ(ဂန္ထဝင်)ဆုတွင် ဇော်မင်းမင်းဦး ရေးသားသည့် **နယ်နိမိတ်နဲ့စည်းရိုး** စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ ကဗျာ(ခေတ်ပေါ်)ဆုတွင် ဌေးကြည်(စလင်း) ရေးသားသည့် **လက်ဖျော်ကော်ဖီ** စာအုပ် (ဆောင်းစုရတီစာပေတိုက်)၊ စာပဒေသာဆုတွင် မောင်ရိုး(ငဖဲ) ရေးသားသည့် **လွမ်းရ တမ်းတပ့ါ ငဖဲမြေ ကျွန်တော်တို့ရွာ ကျွန်တော်တို့ဓလေ့-၂** စာအုပ် (မေတ္တာရိပ်နန်းစာပေတိုက်)၊ ကလေးစာပေဆုတွင် သက်ဦးခင် ရေးသားသည့် **မြန်မာ့ရတနာ ကလေးကဗျာများ** စာအုပ် (စာပေဗိမာန်)၊ ဘာသာပြန်(သုတ)ဆုတွင် သက်ထွန်းဦး ရေးသားသည့် **လုပ်ငန်းငယ်များအတွက် မရှိမဖြစ် ဘဏ္ဍာရေးစီမံခန့်ခွဲမှုလမ်းညွှန်** (ဇာတိမြေစာပေတိုက်)၊ ဘာသာပြန်(ရသ)ဆုတွင် မြင်းမူမောင်နိုင်မိုး ရေးသားသည့် **ခေတ်အဆက်ဆက်နှစ်သက်စရာ တရုတ်ကဗျာများ** စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် အထူးဆုအနေဖြင့် တာမိုးညဲသီဟလွင် စီစဉ်ပူဇော်ပြီး တင်အောင်ထွန်း(သုတေသန) ရေးသားသည့် **ဗုဒ္ဓသာသနာထွန်းလင်းဖြာ** စာအုပ်(တာမိုးညဲစာပေတိုက်)၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် ဒေါက်တာတင်ထွန်းဦး ရေးသားသည့် **ဖိစီးမှုရှင်း သောကကင်း** စာအုပ် (သုတစွယ်စုံစာပေတိုက်)၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)ဆုတွင် ပါမောက္ခကိုကိုအောင် ရေးသားသည့် **ခေတ်သစ်လူထုသိပ္ပံကျမ်း** စာအုပ်(စာပေဗိမာန်)၊ သုတပဒေသာ(အသုံးချသိပ္ပံ) ဆုတွင် ဒေါက်တာမြင့်သန်း(ညောင်လေးပင်) ရေးသားသည့် **မူးယစ်ဆေးစွဲခြင်းဆိုင်ရာသိပ္ပံပညာ** စာအုပ်(ရှင်မတောင်စာပေတိုက်)၊ နိုင်ငံရေးစာပေဆုတွင် အလင်းဆက်(IR) ရေးသားသည့် **အင်ဒို-ပစိဖိတ်ဒေသ တရုတ်နှင့် အမေရိကန် မဟာဗျူဟာအခင်းအကျင်း** စာအုပ် (Satori Publishing စာပေတိုက်)၊ အင်္ဂလိပ်ဘာသာ(သုတ)ဆုတွင် Mra Hninzi ရေးသားသည့် **Myanmar Postage Stamps** စာအုပ် (တာမိုးညဲစာပေတိုက်)၊ ရသစာတမ်း(အက်ဆေး)ဆုတွင် မင်းချမ်းမွန် ရေးသားသည့် **ကျွန်တော် တတိယရန်ကုန်မြို့တော်သား(ရသအက်ဆေးများ)**စာအုပ်(မင်းနှင့်မေစာပေတိုက်)၊ ရည်ညွှန်းစာပေဆုတွင် DR. KHIN MAUNG LWIN (FAME) ရေးသားသည့် **MYANMAR MEDICINAL PLANT ENCYCLOPEDIA** စာအုပ် (Fame Publishing House စာပေတိုက်)တို့ကို ရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပါသည်။ အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင် ငွေကျပ်သိန်း ၄၀ တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ်ဦးရေ ၂၀ ဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက်ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျစိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅x၈)လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ(ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၇ ခုနှစ် နတ်တော်လဆန်း ၁ ရက်(စာဆိုတော်နေ့) ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက် (ကြာသပတေးနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့်အချိန်နှင့် နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ကိုရွှေသံ(မြန်မာစာ)၏ **အပွမာဒေနသမ္ပာဒေထ**၊ ဒုတိယဆုကို မင်းဗေဒါ(ပွင့်ဖြူ)၏ **ကင်မရာတစ်ဆိုင်းကလောင်တစ်ချောင်းဖြင့် မိုင်ပေါင်းရာထောင်ချီ** စာမူများကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို နိုင်မျိုးသစ္စာ(နမ္မတူ)၏ **ရှေ့နေမဟုတ်သော ရှေ့နေဝတ္ထုတိုများ**၊ ဒုတိယဆုကို ကျော်တေဇ(ဥက္ကလာ)၏ **အတ္တမုန်တိုင်းကြားက နှလုံးသားပျိုးပင်နှင့် အခြားဝတ္ထုတိုများ**၊ တတိယဆုကို နန္ဒာခင်(သက္ကလမြေ)၏ **ပိုးနှင့် အခြားသုတ၊ ရသဝတ္ထုတိုများ** စာမူများကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ဌေးသစ်လွင်(ပရိမ္မ)၏ **ထနောင်းမြထီး ဘဝခရီးကဗျာများ**၊ ဒုတိယဆုကို ယိမ်းနွဲ့၏ **သန္တရသခွန်အားပေးကဗျာများ**၊ တတိယဆုကို အောင်နိုင်သူ(ဖွဲကပင်)၏ **ရွှေပြည်မြန်မာ အလှပဒေသာနှင့် လောကအလှကဗျာများ** စာမူများကလည်းကောင်း၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် ပထမဆုကို အရှင်ရေဝတ(ရွှေကွမ်းသား)၏ **တွံတေးမြေမှာပွင့်လန်း တစ်ပွင့်ပန်းအာဇာနည် သို့မဟုတ် အောင်ဆန်းသူရိယဗိုလ်မှူးအေးချို**၊ ဒုတိယဆုကို ဆွေဇင်ညွန့်၏ **မှတ်သားလေ့လာ သမိုင်းသုတအဖြာဖြာ(ဆောင်းပါးပေါင်းချုပ်)**၊ တတိယဆုကို မောင်သာ(ရှေးဟောင်းသုတေသန)၏ **ကုန်းဘောင်နှင့် ကိုလိုနီခေတ်လက်ရာ ထင်ရှားသောသစ်သားအဆောက်အအုံများ** စာမူများကလည်းကောင်း၊ သုတပဒေသာ(ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ)ဆုတွင် ဒုတိယဆု(ရိုးရိုး)ကို ဒေါက်တာမြင့်သန်း၏ **အာရုံနှင့် စိတ်တို့ဖြစ်ပျက်ရာ ဦးနှောက်**၊ ဒုတိယဆု(အသုံးချ)ကို တိုးနိုင်ဌေး၏ **ဘာကြောင့် ရေအားလျှပ်စစ်ကို ရွေးချယ်သင့်သလဲ**နှင့် တတိယဆု(အသုံးချ)ကို ရတနာစိုး(အမျိုးသားစာပေဆုရှင်)၏ **ကျန်းမာဖွံ့ဖြိုး၊ ဝင်ငွေတိုး၊ ပင်မှည့်စိုက်ပျိုး** စာမူများကလည်းကောင်း၊ စာပဒေသာဆုတွင် ပထမဆုကို တက္ကသိုလ်မြမဉ္ဇူ၏ **အပြစ်မမြင် လမ်းသစ်ထွင်ကာ ညီညာဖြဖြ-တူလျှောက်ကြစို့**၊ ဒုတိယဆုကို သုတေသီမောင်ဟန်၏ **မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် အမေရိကန်ရောက် မြန်မာပညာတော်သင်တစ်ဦး၏မှတ်တမ်း**၊ တတိယဆုကို ဒေါက်တာကောင်းစံ၏ **အတွေ့အကြုံအဖုံဖုံ၊ စစ်မြေပြင် ဆေးမှူးဘဝမှတ်တမ်းစုံ** စာမူများကလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် တတိယဆုကို စောပုလဲမယ်၏ **ရွှေတိဂုံစေတီတော် ဆီမီးခုံပတ်လည် မြန်မာမှုစဥ့်အနုပညာလက်ရာများ** စာမူကလည်းကောင်း၊ ကလေးစာပေဆုတွင် ပထမဆုကို စစ်တွေညိုညွန့်၏ **သားသမီးအလိမ္မာ ကလေးကဗျာများ**၊ ဒုတိယဆုကို ခိုင်ချစ်အောင်၏ **ဝီရိယရှိသူ ထိပ်ဆုံးလူ ကလေးကဗျာများ**၊ တတိယဆုကို ခင်ဇော်(သီတာကုန်းပြင်)၏ **အရသာရှိသော အောင်မြင်မှုနှင့် အခြားစာစုများ** စာမူများကလည်းကောင်း၊ လူငယ်စာပေဆုတွင် ပထမဆုကို ကိုကေအီး(နိဗ္ဗာန်)၏ **တွန်းအား**၊ ဒုတိယဆုကို ထွဋ်မှုဦးဇေယျာ၏ **စာရူးပေရူးမလေးနှင့် လူငယ်ဝတ္ထုတိုများ**၊ တတိယဆုကို ခင်လေး(ပြည်ထောင်စုနယ်မြေ)၏ **ချစ်လှစွာသော မြန်မာမလေးသို့ ...** စာမူများကလည်းကောင်း၊ နိုင်ငံရေးစာပေဆုတွင် ဒုတိယဆုကို အောင်နိုင်သူ(ဖွဲကပင်)၏ **စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် စစ်ရေး၊ နိုင်ငံရေး ဆောင်းပါးများ** စာမူများကလည်းကောင်း၊ ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို တင်တော်၏ **မထိလာကန်ပေါင်ထက်က.. အနိရုဒ္ဓရဲ့လွမ်းချင်းနှင့်** တတိယဆုကို ရဲနွယ်မောင်(သုံးဆယ်)၏ **အကြင်နာပန်းတို့ လန်းပါစေ** စာမူများကလည်းကောင်း၊ ဘာသာပြန်စာပေဆုတွင် ပထမဆုကို အေးသန္တာမောင်၏ **စိတ်လမ်းညွှန်မြေပုံ စိတ်မျက်နှာဖုံး** စာမူကလည်းကောင်း၊ အင်္ဂလိပ်စာမူဆုတွင် ပထမဆုကို Researcher Maung Han ၏ **My Memoir of Archaeological Excavations at Kambawza-thardi Palace Site** စာမူကလည်းကောင်း၊ ရသစာတမ်းဆုတွင် ဒုတိယဆုကို သုတိသြဘာ(ဆင်ပေါင်ဝဲ)၏ **ရွာဦးကျောင်းဆရာတော်တစ်ပါး၏ ဘဝမှတ်တမ်း** စာမူကလည်းကောင်းရရှိကြသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု ၁၅ သိန်း၊ ဒုတိယဆု ၁၀ သိန်း၊ တတိယဆု ခုနစ်သိန်း ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင် ပထမဆု ငွေကျပ်သိန်း ၂၀၊ ဒုတိယဆု ၁၅ သိန်းနှင့် တတိယဆုကို ၁၀ သိန်း တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုများကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၄ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၄ ခုနှစ် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၄၇ စောင်ကို သက်ဆိုင်ရာဘာသာရပ်အလိုက်ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျစိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅x၈)လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း)ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၇ ခုနှစ် နတ်တော်လဆန်း ၁ ရက်(စာဆိုတော်နေ့) ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက် (ကြာသပတေးနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့်အချိန်နှင့် နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်အတွက် စာမူပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာမူများကို ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ စာပေဗိမာန်ရုံးသို့ လာရောက်ပေးပို့ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းစစ်ဌာနချုပ်များတွင် မဟာဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲများ ကျင်းပပြုလုပ်



ဆရာတော်ထံ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ မဟာဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ မဟာဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁**

မဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲများကို တိုင်းစစ်ဌာနချုပ်များတွင် ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့ရှိ သတ်မှတ်နေရာအသီးသီး၌ ပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ဆရာတော်အရှင်သူမြတ်များထံမှ သီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သံဃာတော်များထံမှ ကထိန်အနုမောဒနာတရားများ နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာတွင် တိုင်းစစ်ဌာနချုပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင်များဆက်ကပ်လှူဒါန်းကြရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၄၃၇ သိန်းကျော် တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၁၉ ခုကိုလည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၅၄၈ သိန်းကျော် တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၆၂ ခုကိုလည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၄၇၈ သိန်းကျော် တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၁၃ ခုကိုလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၃၅၃ သိန်းကျော် တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၃၂ ခုကိုလည်းကောင်း သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။





နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၅ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း၊အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ပြည်သူ့ဆေးရုံများနှင့် ဌာနဆိုင်ရာရုံးများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နန်းရီရီဝင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**နန်းရီရီဝင်း (ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)**

## "တည်ငြိမ်အေးချမ်းဖွံ့ဖြိုးဖို့ "နဂါး"မဲကို ပေးကြစို့"

ခင်မင်လေးစားရပါသော မဲဆန္ဒရှင်မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နန်းရီရီဝင်း (ခေါ်) နင်းလုံခမ် ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တွင် ကျင်းပပြုလုပ်သွားမည့် အထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်အရွေးကောက်ခံမည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီအကြောင်း မိတ်ဆက်တင်ပြပေးသွားမှာ ဖြစ်ပါတယ်ရှင်။

ပထမဦးစွာ ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ စတင်ဖွဲ့စည်းတည်ထောင်လာခဲ့သည့် သမိုင်းအကျဉ်းချုပ်ကို တင်ပြပါရစေရှင်။ ၂၀၁၀ ပြည့်နှစ်၊ မတ်လ (၂၄ – ၂၅) ရက်တို့တွင် ပအိုဝ်းအမျိုးသားညီလာခံတစ်ရပ်ကိုကျင်းပခဲ့ရာ အဆိုပါညီလာခံကို ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီ ဦးဆောင်သည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ ခေါင်းဆောင်များ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(ပအမဖ)မှ ခေါင်းဆောင်များ၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အသီးသီးတို့မှ ခေါင်းဆောင်များ၊ ဦးခွန်ချစ်မောင် ဦးဆောင်သော(ရလလဖ)အဖွဲ့မှ ခေါင်းဆောင်များ၊ တက္ကသိုလ်အသီးသီးရှိ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီများမှခေါင်းဆောင်များ၊ ပအိုဝ်းလူမှုအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ လူထုကိုယ်စားလှယ်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ အစရှိသည့် အဖွဲ့အစည်းပေါင်းစုံ၊ အလွှာပေါင်းစုံ၊ ဒေသပေါင်းစုံမှ ကိုယ်စားလှယ်များ စုံလင်စွာတက်ရောက်ခဲ့ကြပြီး ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတို့တွင် ပအိုဝ်းတိုင်းရင်းသားလူမျိုးကိုယ်စားပြုပါတီအဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးကောက်ခံနိုင်ရန် "ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ"ကို ဖွဲ့စည်းတည်ထောင်သွားရန် တက်ရောက်လာသူ ညီလာခံကိုယ်စားလှယ်အားလုံးတို့က သဘောတူညီခဲ့ကြသဖြင့် "ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ"ကို ၂၀၁၀ ပြည့်နှစ်တွင် စတင်တည်ထောင်ဖွဲ့စည်းခဲ့ပါတယ်ရှင်။

ခင်မင်လေးစားရပါသော မဲဆန္ဒရှင်မိဘပြည်သူများရှင် – ပအိုဝ်းတိုင်းရင်းသားနှင့် အတူနေ ညီနောင်တိုင်းရင်းသား မိဘပြည်သူတို့၏ တစ်ခဲနက်အားပေးဝန်းရံထောက်ခံခဲ့မှုတို့ကြောင့် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးလုံး ရွေးကောက်ခံခဲ့ရပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး ရွေးကောက်ခံခဲ့ရပါတယ်ရှင်။ ထိုသို့ရွေးကောက်ခံခဲ့ကြရသဖြင့် လွှတ်တော်အသီးသီးနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့တွင် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့ရာ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်တို့သည် နိုင်ငံတော်နှင့် မိဘပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးတို့ကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ပေးခဲ့ကြပါတယ်ရှင်။

ရွေးကောက်ပွဲအသီးသီးတို့တွင် အနိုင်ရရှိခဲ့သော ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီသည် "လူမှုစီးပွားဘဝမြင့်မားဖို့ နဂါးကိုမဲပေးစို့"ဟူသည့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဆောင်ပုဒ်၊ "ဒေသဖွံ့ဖြိုးတိုးတက်ဖို့ နဂါးကိုမဲပေးကြစို့"ဟူသည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆောင်ပုဒ်နှင့် "လူမှုစီးပွားတိုးတက်ဖို့ "နဂါး" မဲကို ထည့်ကြစို့"ဟူသည့် ရွေးကောက်ပွဲဆောင်ပုဒ်တို့အတိုင်း နိုင်ငံတော်နှင့် မိဘပြည်သူလူထုတို့အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားတိုးတက်ရေးတို့ကို ရှေးရှုကာ NCA ပြဋ္ဌာန်းချက်တို့နှင့်အညီ "ပအိုဝ်း"လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဦးစီးဦးဆောင်ကျင်းပခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တို့တွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းတို့တွင် အလေးထားပါဝင်ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့်နည်းဥပဒေတို့ ပြဋ္ဌာန်းလာနိုင်စေရန် စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုတို့၏ လိုအပ်ချက်တို့ကို သိရှိဆောင်ရွက်ပေးနိုင်ရန် ပြည်သူလူထုတို့နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လူငယ်နှင့် အမျိုးသမီးစွမ်းရည်မြှင့်တင်ပေးခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ မိဘပြည်သူတို့အတွက် အချိန်နှင့်အမျှ ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်အစည်းအဝေးတို့တွင် အဆိုများတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း၊ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်အစည်းအဝေးတို့တွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် ကြယ်ပွင့်မပြမေးခွန်းများကို တင်ပြမေးမြန်းခြင်း၊ အမျိုးသားလက္ခဏာနှင့် သမိုင်းအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ပေးခြင်း၊ လမ်း၊ တံတား၊ လျှပ်စစ်မီး၊ စာသင်ကျောင်း၊ ဆေးပေးခန်းရရှိရေးနှင့် အဆင့်မြှင့်တင်ရေး အစရှိသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ တန်ဖိုးမြင့်စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်စေရေး အားပေးကူညီဆောင်ရွက်ပေးခြင်း၊ မိသားစုဝင်ငွေတိုးစေသည့် တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရေး အားပေးကူညီဆောင်ရွက်ပေးခြင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာစေရန် အားပေးကူညီဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးကို အထောက်အကူပြုသည့် အားကစားလှုပ်ရှားမှုတို့ကို အားပေးကူညီဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးဒဏ်သင့် မိဘပြည်သူများအား ပံ့ပိုးကူညီပေးခြင်း၊ လူငယ်ကိုအန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများပပျောက်ရေး အသိပညာပေးလုပ်ငန်းတို့ကို ဆောင်ရွက်ခြင်း အစရှိသည့် မိဘပြည်သူအကျိုးပြုလုပ်ငန်းများကို လွှတ်တော်များမှတစ်ဆင့်သော်လည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရအဖွဲ့အစည်းနှင့် သက်ဆိုင်ရာလူမှုအဖွဲ့အစည်းအသီးသီးတို့နှင့် လက်တွဲဆောင်ရွက်၍သော်လည်းကောင်း၊ ဒေသခံမိဘပြည်သူလူထုတို့နှင့် ညှိနှိုင်းပေါင်းစပ်၍သော်လည်းကောင်း နိုင်ငံ့အကျိုးပြုလုပ်ငန်းနှင့် မိဘပြည်သူလူထု အကျိုးပြုလုပ်ငန်းတို့ကို ကျွန်မတို့ပါတီက စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါတယ်ရှင်။

## ခင်မင်လေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူများရှင်

ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် မိဘပြည်သူလူထုကြားမှ ပေါက်ဖွားလာသော ပါတီတစ်ရပ်ဖြစ်သဖြင့် မိဘပြည်သူလူထုတို့၏ အရေးအရာကိစ္စရပ်များနှင့် လိုအပ်ချက်များကို ပါတီ၏ အရေးအရာကိစ္စရပ်များနှင့် လိုအပ်ချက်များအဖြစ် အလေးအနက်ခံယူကာ အဆိုပါ မိဘပြည်သူလူထုတို့၏ အရေးအရာ



ကိစ္စရပ်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်စေရန် အစဉ်တစိုက် နည်းလမ်းကောင်းများကိုရှာဖွေပြီး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်ရှင်။ လက်ရှိကာလတွင် မိဘပြည်သူလူထုတို့အတွက် အဓိကလိုအပ်နေသည့် လိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးတို့ပင်ဖြစ်ကြောင်းကို သိမြင်တွေ့ရှိရပါတယ်ရှင်။ ဒေသတည်ငြိမ်အေးချမ်းပါမှ မိဘပြည်သူလူထုတို့၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အစရှိသည့်ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကောင်းမွန်အဆင်ပြေစွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးသည် ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားများအားလုံးအတွက် အသက်တမျှ အရေးကြီးနေသောအရေးကိစ္စပင်ဖြစ်ပါတယ်ရှင်။

သို့ဖြစ်ရာ ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် "တည်ငြိမ်အေးချမ်းဖွံ့ဖြိုးဖို့ "နဂါး"မဲကို ပေးကြစို့" ဟူသည့် ရွေးကောက်ပွဲဆောင်ပုဒ်အတိုင်း တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားမှာဖြစ်ပါကြောင်းကို မိဘပြည်သူလူထုတို့အား အသိပေးတင်ပြအပ်ပါတယ်ရှင်။ အဆိုပါ တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားနိုင်ရန် လာမည့် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကျွန်မတို့ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီအနေဖြင့် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တို့အတွက် ရှမ်းပြည်နယ်အတွင်း မဲဆန္ဒနယ်ပေါင်း ၂၉ နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း ၅၁ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်အရွေးကောက်ခံသွားမှာဖြစ်ပါကြောင်း မိဘပြည်သူလူထုတို့အား အသိပေးတင်ပြအပ်ပါတယ်ရှင်။ လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း ၅၁ ဦးတို့သည် နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်တို့ ပြည့်ဝကြပြီး စွမ်းဆောင်ရည်မြင့်မားသူများဖြစ်ကာ အားလုံးနီးပါးတို့သည် ပညာရပ်အသီးသီးတို့၌ တတ်မြောက်ဘွဲ့ရကြသူများဖြစ်ကြပါတယ်ရှင်။ မျိုးဆက်သစ်လူငယ်နှင့် အမျိုးသမီးတို့ ပိုမိုပါဝင်လာနိုင်စေရန်ရည်ရွယ်၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတို့တွင် အသက် ၄၀ အောက် လူငယ် ၅၉ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၂၀ ရာခိုင်နှုန်းပါဝင်ပါကြောင်းကိုလည်း မဲဆန္ဒရှင်မိဘပြည်သူတို့အား လေးစားစွာအသိပေးတင်ပြအပ်ပါတယ်ရှင်။

## ခင်မင်လေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူများရှင်

ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ ၂၀၂၅ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ အလေးထားဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်တို့ကို အောက်ပါအတိုင်း လေးစားစွာတင်ပြအပ်ပါတယ်ရှင် –

(၁) ဒေသငြိမ်းချမ်းရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလေးထားဆောင်ရွက်သွားမည်။

(၂) လူမျိုးဘာသာမရွေး လူသားများအားလုံး ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေး၊ တိုင်းရင်းသားများ ရင်းနှီးချစ်ကြည်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် အလေးထားဆောင်ရွက်သွားမည်။

**စာမျက်နှာ ၂၁ သို့**

# ရထားဖြင့် ခရီးသွားပြည်သူများသို့ အသိပေးကြေညာ

၁။ ရန်ကုန် – နေပြည်တော် – မန္တလေးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသော အမှတ်(၇)အဆန်၊ (၈)အစုန်၊ အမှတ်(၃၁)အဆန်၊ (၃၂)အစုန် DEMU ရထားများနှင့် အမှတ်(၂၇)အဆန်၊ (၂၈)အစုန် RBE ရထားများဖြင့် စီးနင်းလိုက်ပါလိုကြသည့် ခရီးသွားပြည်သူများအနေဖြင့် မိမိတို့စီးနင်းလိုက်ပါလိုသည့် ခရီးစဉ်များအလိုက် ရထားလက်မှတ်များကို အဆင်ပြေလွယ်ကူစွာဝယ်ယူနိုင်ရေးအတွက် မိမိစတင်ခရီးသွားရောက်လိုသည့် အောက်ဖော်ပြပါဘူတာများနှင့် ယှဉ်တွဲပါဆက်သွယ်ရန်ဖုန်းနံပါတ်သို့ ခရီးသွားမည့်နေ့ရက်မတိုင်မီ ငါးရက် အလိုမှစ၍ ကြိုတင်မှတ်ပုံတင်ခြင်း(Booking) ပြုလုပ်နိုင်ပါသည်–

| | |
|---|---|
| ရန်ကုန်ဘူတာကြီး -(၀၉-၈၈၀၉၄၂၆၀၈) | တိုးကြောင်ကလေးဘူတာ-(၀၉-၈၈၀၉၄၂၆၀၉) |
| ပဲခူးဘူတာ -(၀၉-၈၈၀၉၄၂၆၀၆) | ဖြူးဘူတာ -(၀၉-၈၈၀၉၄၂၆၀၅) |
| တောင်ငူဘူတာ -(၀၉-၈၈၀၉၄၂၆၀၄) | ပျဉ်းမနားဘူတာ -(၀၉-၈၈၀၉၄၂၆၁၁) |
| နေပြည်တော်ဘူတာ -(၀၉-၈၈၀၉၄၂၆၀၂) | တပ်ကုန်းဘူတာ -(၀၉-၈၈၀၉၄၂၆၁၃) |
| ပျော်ဘွယ်ဘူတာ -(၀၉-၈၈၀၉၄၂၆၀၇) | သာစည်ဘူတာ -(၀၉-၈၈၀၉၄၂၆၁၀) |
| ကျောက်ဆည်ဘူတာ-(၀၉-၈၈၀၉၄၂၆၁၁) | မန္တလေးဘူတာ -(၀၉-၈၈၀၉၄၂၆၁၂) |

၂။ ခရီးသွားမည့်သူက အထက်ပါသက်ဆိုင်ရာ တယ်လီဖုန်းအမှတ်သို့ ဖုန်းအဆက်အသွယ်ရရှိသည့်အခါ ဖုန်းလက်ခံသည့် မီးရထားဝန်ထမ်းက အောက်ပါအချက်အလက်များကိုမေးမြန်း၍ မှတ်တမ်းတင်ထားရှိပါမည်–

(က) ခရီးသွားမည့်သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊

( ခ ) ရထားစီးနင်းလိုက်ပါလိုသည့် နေ့ရက်၊ ခရီးစဉ်၊ ရထားအမှတ်နှင့် တွဲအတန်းအစား။

၃။ ထို့နောက် ခရီးသွားမည့်နေ့ရက်မတိုင်မီ သုံးရက်အလိုတွင် အဆိုပါဖုန်းနံပါတ်သို့ထပ်မံ ဖုန်းဆက်သွယ်ရပါမည်။ ဖုန်းလက်ခံသည့်မီးရထားဝန်ထမ်းက ခရီးသွားမည့်သူ၏ ခရီးစဉ်အတိုင်း ထိုင်ခုံနေရာ လစ်လပ်မှုရှိပါက ခရီးသွားမည့်သူထံသို့ Viber မှတစ်ဆင့် လက်မှတ်ကျသင့်ငွေပမာဏနှင့် MMQR Code အား ပေးပို့ပါမည်။ ခရီးသွားမည့်သူက မည်သည့် Online Payment အမျိုးအစားနှင့်မဆို MMQR ဖြင့် ငွေပေးချေနိုင်ပြီး မီးရထားဝန်ထမ်းနှင့်ဆက်သွယ်မှုပြုလုပ်ပြီးသည်မှ ၁ နာရီအတွင်း ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို Screenshot ပြုလုပ်၍ ဖုန်းလက်ခံသည့်မီးရထားဝန်ထမ်း၏ အထက်ပါ သက်ဆိုင်ရာ ဖုန်း–Viber အမှတ်သို့ ပြန်လည်ပေးပို့ရပါမည်။ မီးရထားဝန်ထမ်းက ငွေပေးသွင်းပြီးကြောင်း အထောက်အထားရရှိပါက ခရီးသွားမည့်သူ၏ထံသို့ စီးနင်းလိုက်ပါရမည့်ခရီးစဉ်အတိုင်း တွဲ၊ ထိုင်ခုံနံပါတ်တို့ကို ပြန်လည်ပေးပို့ပါမည်။ ခရီးသွားမည့်သူသည် သက်ဆိုင်ရာရထားစီးနင်းမည့်ဘူတာသို့ ရထားမထွက်ခွာမီ ၁ နာရီအလို ကြိုတင်လာရောက်၍ ဘူတာလက်မှတ်ရုံ၌ ငွေပေးသွင်းပြီးကြောင်း အထောက်အထားပြသ၍ ရထားလက်မှတ်အား တောင်းခံထုတ်ယူရပါမည်။

၄။ ထို့ပြင် ခရီးသွားပြည်သူများအနေဖြင့် ရထားလက်မှတ်များကို ပိုမိုအဆင်ပြေလွယ်ကူစွာဝယ်ယူနိုင်ကြစေရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်များကို Online က ရောင်းချခြင်းနှင့် ငွေပေးချေခြင်း(Online Railway Ticketing and Payment System – ORTP ) စနစ်ကို အကောင်အထည်ဖော်နိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်နေပြီဖြစ်ပါ၍ မကြာမီကာလအတွင်း အဆိုပါစနစ်ကို ရန်ကုန် – မန္တလေးရထားလမ်းပိုင်းအတွင်း ပြေးဆွဲပေးနေသော လူစီးရထားများအတွက် ရှေ့ပြေးစမ်းသပ်အစီအစဉ်အဖြစ် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

၅။ ခရီးသွားပြည်သူများအနေဖြင့် လက်မှတ်ခအပိုကြေးပေးရခြင်း၊ လက်မှတ်မှောင်ခိုဝယ်ယူရခြင်းများ ကြုံတွေ့ရပါကလည်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်–

| | | |
|---|---|---|
| (က) | အထွေထွေမန်နေဂျာ(စီးပွားရေး) | ၀၉– ၈၉၁၇၅၀၀၀၈ |
| ( ခ ) | ဒုတိယအထွေထွေမန်နေဂျာ(ခရီးသည်) | ၀၉– ၈၉၁၇၅၀၁၃၆ |
| ( ဂ ) | လက်ထောက်အထွေထွေမန်နေဂျာ(ခရီးသည်) | ၀၉– ၈၉၁၇၅၀၁၃၉ |
| (ဃ) | တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၃) မန္တလေး | ၀၉– ၈၉၁၇၅၀၀၂၁ |
| ( င ) | တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၅) တောင်ငူ | ၀၉– ၈၉၁၇၅၀၀၂၀ |
| ( စ ) | တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၇) ရန်ကုန် | ၀၉– ၈၉၁၇၅၀၀၁၉ |
| (ဆ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၃) မန္တလေး | ၀၉– ၈၉၁၇၅၀၁၀၁ |
| ( ဇ ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၄) သာစည် | ၀၉– ၈၉၁၇၅၀၁၀၃ |
| ( ဈ ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၅) တောင်ငူ | ၀၉– ၈၉၁၇၅၀၁၀၅ |
| (ည) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၆) ရန်ကုန် | ၀၉– ၈၉၁၇၅၀၁၀၇ |
| ( ဋ ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၇) ရန်ကုန် | ၀၉– ၈၉၁၇၅၀၁၀၉ |

**မြန်မာ့မီးရထား**

---

**စာမျက်နှာ ၂၀ မှအဆက်**

(၃) ပြည်သူလူထုလုံခြုံမှုရှိရေး၊ ကျန်းမာရေး၊ ပညာရည်မြင့်မားရေးနှင့် လူမှုစီးပွားမြင့်မားရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်။

(၄) လူငယ်များ သင့်လျော်သည့် အလုပ်အကိုင်ရရှိရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် နည်းပညာကို အခြေခံသော စီးပွားရေးလုပ်ငန်းများ အားကောင်းလာစေရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်။

(၅) ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်။

(၆) ပအိုဝ်းလူမျိုးနှင့် အတူနေ ညီနောင်တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သမိုင်းအမွေအနှစ်များနှင့် အခွင့်အရေးများအားလုံးကို အလေးထားကာကွယ်စောင့်ရှောက်မြှင့်တင်သွားမည်။

(၇) ပအိုဝ်းလူမျိုးတို့၏ ဂုဏ်အင်္ဂါရပ်များနှင့်လျော်ညီသည့် ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များရရှိအောင် ဥပဒေနှင့်အညီအလေးထား ဆောင်ရွက်သွားမည်။

(၈) အထူးဒေသ(၆)အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝလုံခြုံအေးချမ်းရေးအတွက် စည်းရုံးရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများကိုအလေးထားဆောင်ရွက်သွားမည်။

(၉) အထူးဒေသ(၆)နှင့် ပအိုဝ်းလူမျိုးများနေထိုင်ရာဒေသ ပေါ်လွင်ထင်ရှားမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်တို့ပဲ ဖြစ်ပါတယ်ရှင်။

နိဂုံးချုပ်အနေဖြင့် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် မိဘပြည်သူလူထု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် မိဘပြည်သူလူထုတို့က ရွေးကောက်တင်မြှောက်စေလွှတ်ပါက မိဘပြည်သူလူထုတို့ ကိုယ်စား နိုင်ငံရေးရာကိစ္စရပ်များ၊ ပြည်သူ့ရေးရာကိစ္စရပ်များ၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်တို့ကို မိဘပြည်သူတို့အတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီကို မိဘပြည်သူလူထုတို့က အားပေးဝန်းရံဆန္ဒမဲပေးကြလိမ့်မည်ဟုလည်း ကျွန်မတို့ပါတီက မိဘပြည်သူလူထုတို့ကို အပြည့်အဝ ယုံကြည်အားကိုးပါကြောင်းနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီကို ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်မိဘပြည်သူတစ်ဦးချင်းစီတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါတယ်ရှင်။ မိဘပြည်သူလူထုများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီမှ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**“တည်ငြိမ်အေးချမ်းဖွံ့ဖြိုးဖို့ “နဂါး”မဲကို ပေးကြစို့”**

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၊ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲ သီချင်းစာသား(ဘာသာပြန်)**

**တိုင်းပြုပြည်ပြုရတနာ**

- အနက်ရောင် ရိုးရာဝတ်စုံကို ပအိုဝ်းဇာတိဓလေ့ထုံးတမ်းတို့နှင့်အညီ ဆင်မြန်းကြလို့ကွယ်၊
- ပအိုဝ်းစကားကိုလည်း ပြောဆိုကြလို့ကွယ်၊ ပအိုဝ်းစာကိုလည်း သင်ယူတတ်မြောက်ကြပါပေတယ်၊
- မျိုးချစ်စိတ်အပြည့်နဲ့ အမျိုးသားအရေးတို့ကို အလေးထား ဦးဆောင်ဦးရွက်တာဝန်ထမ်းကြပါပေတယ်၊
- ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်နဲ့ တွဲလက်ကိုမဖြုတ်ဘဲ အမျိုးသားတာဝန်ကို ကိုယ်စီထမ်းရွက်ကြပါပေတယ်၊
- တိုးတက်မြင့်မားရာကို ထွန်းပေါက်ရောက်ရှိဖို့ရာ စိတ်မှာ အောင်အဓိဋ္ဌာန်ထားရှိပြီး ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း ပအိုဝ်းဖြစ်ရ ဥာဏ်ဘဝတစ်ခဏဝယ် “ပအိုဝ်းရတနာ”လို့ ခေါ်တွင်ထိုက်စေရမယ်၊ မင်းမျိုးဝိဇ္ဇာ နဂါးမျိုးနွယ်တို့ “ပအိုဝ်းရတနာ”တွေပဲကွယ်၊
- တို့တစ်တွေ နေထိုင်တဲ့ဒေသဟာ သတင်းမွှေးပျံ့နေတဲ့ သာယာသောတိုင်းပြည် ဖြစ်နေစေဖို့ပါ၊
- ရာသီဥတုမျှတပြီး စိုက်ပျိုးရေးလုပ်ငန်း အသီးအပွင့်များ ဖြစ်ထွန်းကာ အသက်မွေးဝမ်းကျောင်း စီးပွားရေးအောင်မြင်ထွန်းကားပြီး ကျန်းမာရေးကောင်းမွန်တဲ့ တို့ရေမြေမှာ သာသနာလည်းထွန်းကားလို့ တည်ငြိမ်အေးချမ်းတာမို့ တို့ရတနာတိုင်းပြည်မှာ အိုးစည်ဗုံမောင်းသံသာတွေ ဟည်းထပ်နေလို့ ပါပဲကွယ်၊
- “မင်းကောင်း”လို့ ကျော်ကြားနေတဲ့ “နဂါး”အမှတ်တံဆိပ်ကို တို့ရင်ထဲစွဲမြဲတာမို့ “နဂါး”ကို တို့တစ်တွေအားလုံး မဲပေးကြပါစို့၊
- ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ဟာ လူထုအကျိုးကို ဦးဆောင်သယ်ပိုးတဲ့အဖွဲ့ပါ၊
- ရွေးကောက်ပွဲဟာ ပြန်လည်ရောက်ရှိလာပြီမို့ ဒီတစ်ကြိမ်လည်း တို့အခွင့်အရေးတွေ မဆုံးရှုံးရအောင်ကွယ်၊ ကံ(စေတနာ)ကောင်းခြင်း၊ ကံ(စေတနာ)မြင့်မားခြင်းတို့နှင့်အတူ မင်းမျိုးညီနောင်တို့ပအိုဝ်းတိုင်းပြုပြည်ပြုရတနာတွေ အရွေးကောက်ခံထိုက်ပါပေတယ်ကွယ်။

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)

၄။ Myawady Webportal(https://myawady.net.mm)

၅။ Myanmar National Portal(https://myanmar.gov.mm)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပဉ္စမအကြိမ် စုပေါင်းမဟာဘုံကထိန် အခမ်းအနား မဟာအတုလဝေယန် အတုမရှိကျောင်းတော်ကြီးတွင် ကျင်းပ



မန္တလေး နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ပဉ္စမအကြိမ် စုပေါင်းမဟာဘုံကထိန် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန် အတုမရှိကျောင်းတော်ကြီးတွင် ကျင်းပရာ မန္တလေးမြို့ ညောင်ကန်တိုက် ဓမ္မာစရိယအေးကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍနှင့်ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အဖွဲ့၊ တာဝန်ရှိသူများ၊ တက္ကသိုလ်ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ ညောင်ကန်တိုက် ဓမ္မာစရိယအေးကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ဆက်လက်၍ ညောင်ကန်တိုက်ဓမ္မာစရိယအေးကျောင်းဆရာတော်ထံ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်ချ အနုမောဒနာတရား နာယူကြည်ညိုကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြသည်။ ယနေ့ကျင်းပသည့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပဉ္စမအကြိမ် စုပေါင်းမဟာဘုံကထိန် အခမ်းအနား၌ ပဒေသာပင် ၈၇ ခု၊ နဝကမ္မဝတ္ထုငွေကျပ် ၃၈၁၂၃၅၀၀၊ ပစ္စည်းတန်ဖိုးငွေကျပ် ၂၃၂၅၈၃၀၀ စုစုပေါင်းငွေသားနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၆၁၃၈၁၈၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ပြည်ကြီးတံခွန်မြို့နယ် ညရပ်ကွက် မြတ်ကျော်စက်မှု(၂) ဓမ္မာရုံရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ညရပ်ကွက် မြတ်ကျော်စက်မှု(၂) ဓမ္မာရုံရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါဓမ္မာရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၆၈ ပါးနှင့် ဒေသခံပြည်သူ ၁၁၉ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

❑ သီပေါမြို့မှအဆက်

ထို့ပြင် ကျောင်းနေအရွယ်ကလေးများကို တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၁၀၂ ဦး ထပ်မံလာရောက် ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ဦးရေ ၂၄၇၀ ထိ ရှိပြီဖြစ်ပြီး အဆိုပါကျောင်းသား၊ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြသည်။ ထို့အတူ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

အလားတူ သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၂၉ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ ၂၇ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်းတွင် ယာယီဆေးရုံဖွင့်လှစ်၍ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီးအား စတင်ဖွင့်လှစ်ခဲ့ပြီး တပ်မတော်မှ တာဝန်ရှိသူများ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူနှင့် ဒေသခံပြည်သူများက တက်ရောက်ဖွင့်လှစ်ခဲ့ကြသည်။ အဆိုပါဆေးရုံကြီး၌ ယနေ့တွင် ပြင်ပလူနာ ၈၁ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာ ၁၀ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

☆ ကျောဖုံးမှအဆက်

စုစုပေါင်း ၃၀၀ ကျော်တို့ဖြင့် ဖွင့်လှစ်ရောင်းချကြမည်ဖြစ်ပြီး ရဟတ်၊ ပင်လယ်ဓားပြလှေ၊ ပျော့အိ၊ ကလေးစီးကားနှင့် ရထားဝိုင်း၊ ကလေးစီးလှုပ်စိနှင့် ဒုံးစသည့် ကစားနည်းများအပြင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဖော်ဝေး၊ ဂျူးလေး၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်နှင့် နန်းဆုရတီစိုးစသည့် နာမည်ကြီး အဆိုတော်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့်အတူ ညစဉ် သီဆိုဖျော်ဖြေကြမည်ဖြစ်သကဲ့သို့ နိုင်ငံကျော် ဇာတ်မင်းသား ဖိုးချစ်ဇာတ်သဘင်၏ ညစဉ်ကပြတင်ဆက်မှုတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မယ်ဆိုင်ချောင်းရေ တာချီလိတ်မြို့၏ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၁

ယနေ့နံနက် ၉ နာရီအချိန် တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းပါးအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနှစ်ဦးသေဆုံးကာ အရေးပေါ်အခြေအနေ ကြေညာထား




**ဝါရှင်တန် နိုဝင်ဘာ ၁**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် အောက်တိုဘာ ၃၁ ရက် ညထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနှစ်ဦး သေဆုံးခဲ့ပြီး မြို့တော်၏အချို့နေရာများတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် အာဏာပိုင်များက အရေးပေါ်အခြေအနေ ကြေညာထားကြောင်း ယနေ့သတင်းများအရ သိရသည်။

အာဏာပိုင်များအနေနှင့် ရေကြီးသည့်လမ်းများမှ ယာဉ်များကို မောင်းနှင်ခြင်းမပြုရန် ပြည်သူများကို သတိပေးထားခဲ့ပြီး မြို့တော်၏ သယ်ယူပို့ဆောင်ရေးစနစ်တချို့ကိုပါ ရပ်နားထားကြောင်း၊ လက်ရှိတွင် မြို့တွင်းဘူတာများတွင် ရေအနက် သုံးပေခန့်ရှိနေကြောင်း သိရသည်။

ထို့ပြင် JFK၊ LaGuardia နှင့် Newark လေကြောင်းလိုင်းများ၏ ခရီးစဉ်အများအပြား ရပ်ဆိုင်းခဲ့ရပြီး လေကြောင်းအဖွဲ့အစည်းများက ခရီးသည်များ အဆင်ပြေစေရေးကို ပြန်လည်စီစဉ်ပေးနေကြောင်း ဖော်ပြခဲ့သည်။

အမျိုးသားမိုးလေဝသဌာန (NWS) သည် မုန်တိုင်းနှင့် မိုးရွာသွန်းမှု အတက်အကျအပေါ် မူတည်၍ နယူးယောက်မြို့အနီးရှိ Bronx၊ Brooklyn နှင့် Queens ၏ အချို့နေရာများတွင် ရေကြီးရေလျှံမှု သတိပေးချက်များကို ဆက်လက်ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဗီယက်နမ်နိုင်ငံတွင် အောက်တိုဘာလအတွင်း ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၃ ဦးထိ မြင့်တက်လာပြီး ၁၁ ဦး ပျောက်ဆုံးနေ

**ဟနွိုင်း နိုဝင်ဘာ ၁**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် အောက်တိုဘာလအတွင်း ရေကြီးမှုကြောင့် သေဆုံးသူ ၁၃ ဦးထိ မြင့်တက်လာပြီး ၁၁ ဦး ပျောက်ဆုံးနေသည်ဟု အစိုးရက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းမှုရပ်တန့်သွားသဖြင့် ရေကြီးရေလျှံမှု အခြေအနေ အနည်းငြိမ်သွားကာ ဟွေအန်းမြို့မှ ဒေသခံများသည် ရေမျက်နှာပြင် ကျဆင်းလာသည်နှင့်အမျှ ပြန်လည်ထူထောင်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

အောက်တိုဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဗီယက်နမ်အလယ်ပိုင်းဒေသတွင် ရေကြီးမှုများဖြစ်ပွားခဲ့ပြီး ယူနက်စကိုစာရင်းဝင် ရှေးဟောင်းအင်ပါယာမြို့တော် ဟွေးနှင့် ဟွေအန်းတို့သည် အဆိုးရွားဆုံးထိခိုက်ခံခဲ့ရကြောင်း၊ ရေကြီးရေလျှံမှုကြောင့် အိမ်အချို့မှာ ခေါင်မိုးထိနစ်မြုပ်ခဲ့ရကြောင်း၊ လက်ရှိတွင် သေဆုံးသူ ၁၃ ဦးရှိကာ ၁၁ ဦး ပျောက်ဆုံးနေပြီး အိမ်ခြေပေါင်း ၁၁၆၀၀၀ ကျော်နှင့် သီးနှံဧရိယာ ၅၀၀၀ ဟက်တာ ရေလွှမ်းမိုးခံခဲ့ရကြောင်း၊ လမ်းများနှင့် ရထားလမ်းများပျက်စီးခဲ့ကာ နေရာအတော်များများတွင် ယာဉ်ကြောပိတ်ဆို့မှုနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်နေကြောင်း ဘေးအန္တရာယ်အေဂျင်စီက အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

Ref : Sputnik News

Trs : KZ

# အိန္ဒိယနိုင်ငံတောင်ဘက်တွင် ပြင်းအား၆ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ကာ အခြေခံအဆောက်အအုံများနှင့် လူနေအိမ်များပျက်စီးခဲ့

**နယူးဒေလီ နိုဝင်ဘာ ၁**



အိန္ဒိယနိုင်ငံ တောင်ဘက်တွင် အောက်တိုဘာ ၃၁ ရက် ည ၈ နာရီ ၅၃ မိနစ်က ပြင်းအား ၆ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ကာ အခြေခံအဆောက်အအုံများနှင့် လူနေအိမ်များ ပျက်စီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ငလျင်သည် အိန္ဒိယနိုင်ငံ တောင်ဘက်မြေအောက် အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြုခဲ့ပြီး တောင်လတ္တီတွဒ် ၄၅ ဒသမ ၂၈ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၈၉ ဒီဂရီတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငလျင်အရှိန်ကြောင့် အခြေခံအဆောက်အအုံနှင့် လူနေအိမ်များစွာထိခိုက်ခဲ့ကြောင်း၊ ထို့ပြင် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေးဓာတ်တိုင်များလည်း ပျက်စီးသွားခဲ့ရကြောင်း၊ ငလျင်သည် ပြင်းအားမများသော်လည်း အက်ကွဲသွားသည့် အဆောက်အအုံများရှိသဖြင့် အဆိုပါ အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးမှုများပြုလုပ်သွားရန်လိုကြောင်း သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတွင် လူသေဆုံးမှုမရှိသော်လည်း ထိခိုက်ဒဏ်ရာရသူ အနည်းငယ်ရှိကြောင်း၊ ငလျင်ကြောင့် ပျက်စီးခဲ့ရသည့်အဆောက်အအုံများကိုလည်း ရှင်းလင်းခြင်းများ ဆောင်ရွက်နေကြောင်း နိုင်ငံအရေးပေါ် ကယ်ဆယ်ရေးအဖွဲ့က တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပြီး ယခုလှုပ်ခတ်ခဲ့သည့်ငလျင်ပြီးနောက် ဒေသခံများကို သတိပြုနေထိုင်ကြရန် အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# သမုဒ္ဒရာ ပူနွေးလာမှုကြောင့် အန္တာတိက ရေခဲပြင်များ လုံးဝအရည်ပျော်နိုင်ကြောင်း သုတေသီများက သတိပေးထား

**လန်ဒန် နိုဝင်ဘာ ၁**

သမုဒ္ဒရာ ပူနွေးလာမှုကြောင့် အန္တာတိကရေခဲပြင်များ လုံးဝအရည်ပျော်နိုင်ကြောင်း အင်္ဂလန်နိုင်ငံ လန်ဒန်မြို့အခြေစိုက် ရေခဲပြင်လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ သုတေသီများက သတိပေးထားကြောင်း ယနေ့သတင်းများအရ သိရသည်။

သိပ္ပံမဂ္ဂဇင်း Nature က ထုတ်ပြန်ထားသော လေ့လာမှုသစ်တစ်ခုအရ သမုဒ္ဒရာအပူချိန်သည် တဖြည်းဖြည်း မြင့်တက်လာခြင်းကြောင့် အန္တာတိကဒေသရှိ အဓိကရေခဲပြင်များ၏ စုစုပေါင်း ၆၀ ရာခိုင်နှုန်းခန့်မှာ ၂၃၀၀ ပြည့်နှစ်တွင် လုံးဝအရည်ပျော်သွားနိုင်ကြောင်း သုတေသီများက သတိပေးခဲ့သည်။

သုတေသီများ၏ အဆိုအရ အန္တာတိကတိုက်၏ ရေခဲပြင်များသည် သမုဒ္ဒရာထဲကရေများ ကုန်းမြေသို့စီးဆင်းခြင်းကို တားဆီးပေးနေသည့် သဘာဝအတားအဆီးများဖြစ်ကြောင်း၊ ထိုရေခဲပြင်များ အရည်ပျော်ကာ ပျက်စီးသွားပါက ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကို ပိုမိုမြင့်တက်စေနိုင်သည်ဟု သတိပေးခဲ့သည်။

ထို့ပြင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု မြင့်မားနေပါက အန္တာတိကရှိ အဓိကရေခဲပြင် ၆၄ ခုရှိသည့်အနက် ၃၈ ခုခန့် အရည်ပျော်လာနိုင်ကြောင်း သိရသည်။

သို့သော် ကမ္ဘာပူနွေးမှုကို ၂ ဒီဂရီစင်တီဂရိတ်အောက်တွင် ထိန်းထားနိုင်ပါက ရေခဲပြင်အများစုသည် မပျက်စီးဘဲ တည်ရှိနေမည်ဟု ခန့်မှန်းထားသည်။

ထို့ပြင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့အခြေစိုက် ရေခဲပြင်လေ့လာစောင့်ကြည့်ရေးအဖွဲ့ သုတေသီများက မတည်မငြိမ်သွားသော ရေခဲပြင်များပြိုကွဲပါက လက်ရှိထိန်းထားနေသော ရေခဲဒေသများကြောင့် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် နောက်ဆုံးတွင် ၁၀ မီတာထိမြင့်တက်လာနိုင်ကြောင်း၊ ကမ္ဘာ့ကမ်းရိုးတန်းများကို ကာကွယ်ရန်အတွက် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျင်မြန်စွာလျှော့ချရန်လိုအပ်ကြောင်း သုတေသီများက တိုက်တွန်းခဲ့သည်။

Ref : Sputnik News

Trs : KZ

# နယူးဇီလန်နိုင်ငံတွင် AI အကူအညီဖြင့် မျိုးသုဉ်းလုနီးပါး ရှားပါး တာကာဟီငှက်များကို ထိန်းသိမ်းစောင့်ရှောက်မှုများဆောင်ရွက်နေ

**ဝယ်လင်တန် နိုဝင်ဘာ ၁**

နယူးဇီလန်နိုင်ငံတွင် AI အကူအညီဖြင့် မျိုးသုဉ်းလုနီးပါး ရှားပါး တာကာဟီငှက်များကို ထိန်းသိမ်းစောင့်ရှောက်မှုများဆောင်ရွက်နေကြောင်း ရှားပါးငှက်မျိုးစိတ်ထိန်းသိမ်းရေးအဖွဲ့က ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

နယူးဇီလန်နိုင်ငံသည် ထိုငှက်မျိုးစိတ်များကို ကာကွယ်ရန် AI နည်းပညာအသစ်များကို အသုံးပြုနေကြောင်း၊ မျိုးသုဉ်းလုနီးပါး ရှားပါး တာကာဟီငှက်များသည် လူအများ ရွှေ့ပြောင်းအခြေချလာမှု၊ အလွန်အကျွံအမဲလိုက်မှု၊ ကျူးကျော်မျိုးစိတ်များ၏ တိုက်ခိုက်ခံရမှုများကြောင့် ငှက်ကောင်ရေ အလျင်အမြန်ကျဆင်းကာ ရှားပါးလာခဲ့ကြောင်း သိရသည်။

မျိုးသုဉ်းလုနီးပါး ရှားပါး တာကာဟီငှက်များသည် မပျံသန်းနိုင်သော ငှက်မျိုးစိတ်များဖြစ်ပြီး ၁၈၉၈ ခုနှစ်အစောပိုင်းကတည်းက ရှားပါးလာသဖြင့် ၁၉၄၈ ခုနှစ်တွင် မျိုးသုဉ်းလုနီးပါး မျိုးစိတ်စာရင်း ကြေညာခဲ့ကြောင်း၊ လက်ရှိတွင် နယူးဇီလန်နိုင်ငံတွင် တာကာဟီငှက်ကောင်ရေ ၅၀၀ ကျော်သာ ရှိကြောင်း သိရသည်။

"ရှားပါး တာကာဟီငှက်လိုဒေသရင်း တောရိုင်းတိရစ္ဆာန်တွေကို ပိုမိုကောင်းမွန်စွာကာကွယ်နိုင်မဲ့ နည်းပညာတွေအသုံးပြုနေပါတယ်။ နိုင်ငံရဲ့ အကျယ်အဝန်းကြီးမားတဲ့ အတွက် ကျူးကျော်မျိုးစိတ်တွေကို ဖယ်ရှားတာဟာ လွယ်ကူတဲ့ အလုပ်မဟုတ်ပါဘူး။ အဲဒီလုပ်ငန်းစဉ်အတွက် နှစ်စဉ် ဒေါ်လာ သန်း ၁၀၀ ကျော်ကုန်ကျမှာပါ။ ဒါကြောင့် အခုအသုံးပြုနေတဲ့ AI နည်းပညာဟာ ပိုအကုန်အကျသက်သာပါတယ်။ ထို AIနည်းပညာဟာ ကျူးကျော်မျိုးစိတ်တွေ ဝင်ရောက်လာမှုကို အသိပေးသွားမှာဖြစ်တဲ့အပြင် တာကာဟီငှက်တွေ ကိုယ်ဝန်ရှိလာတာ၊ မွေးဖွားလာတာ၊ ဘယ်နှစ်ကောင် အသက်ရှင်ကျန်နေတာတွေကို လူပါစရာမလိုဘဲ စောင့်ကြည့်ကာ သတင်းပို့မှုတွေလုပ်ဆောင်ပေးမှာဖြစ်ပါတယ်"ဟု ရှားပါးငှက်မျိုးစိတ်ထိန်းသိမ်းရေးစီမံကိန်းမန်နေဂျာ Brent Beaven က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**

**သာယာလှပ စိမ်းမြမြ**

ဝတ္ထုတိုကဏ္ဍ

# တစ်ပွဲစား စံနက်ကျော်

**မောင်ခြိမ့်**



**အောက်တိုဘာ ၃၁ ရက်မှအဆက်**

"ငါကတော့ လိုက်လာမိတာ မှား...မှားပြီနဲ့ တူတယ်ကွာ"

အောင်ရှိန်းက မေးချင်း တဂတ်ဂတ်ရိုက်နေသည့်ကြားက ညည်းညူလေသည်။

"မင်းကတော့ကွာ ကဲကဲ ဒါလေးချလိုက် ချလိုက်"

လှေဦးခေါင်းထဲမှာ ထည့်ယူလာသော ကောက်ညှင်းအရက် ဦးရည်ကလေးကို ဖိုးနီက လှမ်းပေးလိုက်သည်။

ပုလင်းဖော့ဆို့ကို သွားဖြင့်ကိုက်၍ဖွင့်ကာ အောင်ရှိန်းက နှစ်ငုံ၊ သုံးငုံခန့် မော့ချသည်။ ထိုအခါ အချမ်းပြေ၍ နေသာထိုင်သာရှိသွားပြီး ကြောက်ရွံ့တုန်လှုပ်မှုလည်း ပျောက်သွားကာ–

"လာချင်တဲ့အကောင် လာစမ်းကွ၊ ငါးမန်းကြီးပဲလာလာ၊ မိကျောင်းကြီးပဲလာလာ၊ ဝဲစောင့်ငါးကြီးပဲလာလာ၊ ဆွဲချင်တဲ့အကောင် လာဆွဲစမ်းဟေ့၊ တွေ့ကြပြီပေါ့ကွာ အောင်ရှိန်းတဲ့ကွ"ဟု ကြိမ်းဝါးလေတော့၏။

"နေစမ်းပါအုံးကွ အောင်ရှိန်းရ။ စောစောတုန်းကတော့ ရေအောက်က အကောင်ကြီးကို ကြောက်တယ်ဆိုကွ" ဖိုးနီက စ၏။

"အေး ဟုတ်တယ်။ စောစောတုန်းကတော့ ကြောက်တယ်ကွ၊ အခုမကြောက်တော့ဘူး။ အဘစံနက်ကျော်လဲ ပါတယ်။ မင်းကော၊ ငခွေးကြီးကော၊ ကိုညိုတို့၊ စိန်ကုလားတို့ပါ ပါတယ်ဆိုတော့ ဘာကြောက်စရာရှိတော့လို့လဲကွ"

"ငါတို့ပါလို့တော့ မဟုတ်ပါဘူးကွာ။ ရဲဆေးတင်လိုက်လို့ မင်း မကြောက်တော့တာပါ၊ ဟုတ်တယ်မဟုတ်လား"

ကိုညိုကပြောလျှင် မိုးတွေလေတွေကြားမှာပင် အားလုံးက ဝိုင်း၍ ရယ်ကြတော့သည်။

ထိုစဉ်ခိုက်မှာပင်–

"ဆွဲပဟေ့ ဆွဲပဟ။ ကြည့်ကြည့် ငါတို့လှေသုံးစင်းစလုံးပါသွားပဟ"

ကိုညိုက ထ၍အော်သည်။ ဟုတ်သည် ငါးမျှားချိတ်သံပုံးကြီးများနှင့် လှေဦးမှာတွဲပြီး ချည်ထားသော နိုင်လွန်ကြိုးကြီးများကြောင့် ရေအောက် အတောင်နှစ်ဆယ်လောက်တွင်ချထားသည့် ငါးမျှားချိတ်ကို ရေအောက်က သတ္တဝါကြီးက ဆွဲပြေးလေသည်တွင် လှေပါ ရွေ့၍ပါသွားလေပြီ။

(၄)

ညဦးပိုင်းသို့ရောက်ပြီဖြစ်၍ မြစ်ပြင်တစ်ခွင်လုံး မည်းမှောင်ပြီး ကမ်းနှစ်ဖက်ဆီကြည့်၍ မမြင်ရတော့၊ သူတို့၏သုံးစင်းတွဲလှေကြီးသည် ရေပြင်ကိုဦးတိုက်၍ ရေအောက်ကသတ္တဝါကြီး ဆွဲပြေးရာနောက်သို့ ပါသွားနေသည်။ တဖျန်းဖျန်းကြဲပက်နေသော မိုးစက်တွေက ပါးလျှားသွားလိုက်၊ သိပ်သည်းပြင်းထန်လာလိုက်နှင့် ရှိနေဆဲဖြစ်၏။

"ဟေ့... အားလုံးသတိထားကြ၊ ကိုယ့်လှေပေါ်မှာ ကိုယ် ငြိမ်ငြိမ်နေကြ။ ငါအမိန့်မပေးဘဲ ဘာမှမလုပ်ကြနဲ့။ လှေပဲ့ကိုင်တွေက နိုင်အောင်ထိန်း။ ဘာမှ မကြောက်ကြနဲ့နော်"

အဘဦးစံနက်ကျော်၏အရေးတကြီးသတိပေးနေသံသည် မိုးသံလေသံများကြားမှာပင် ကျယ်လောင်စွာ ပေါ်ထွက်လာနေသည်။

ဖိုးနီနှင့်ကိုညိုတို့က လှေဦးမှာ ဒူးထောက်ထိုင်ရင်း သုံးထောင့်ထိုးဓာတ်မီးများဖြင့် မြစ်ပြင်ဆီ ဝေ့ကာဝိုက်ကာ ထိုး၍ကြည့်သည်။ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ၊ ဖြူဖွေးစူးရှသော လက်နှိပ်မီးရောင်အောက်တွင် မိုးစက်မြားတံများကိုလည်းကောင်း၊ ခေါင်းပေါင်းဖြူဖွေးဖွေးထနေသော ဂယက်လှိုင်းကြီးတွေကိုလည်းကောင်း အတော‌မသတ်မြင်နေရသည်။ ဘေးဘယ်ညာဝှေ့ယမ်းထိုးကြည့်သော်လည်း ကမ်းနှစ်ဖက်ကို မမြင်ရ။ ထို့ကြောင့် သူတို့လှေသုံးစင်းတွဲကြီးကို ရွေ့ရွေ့ပါအောင်ဆွဲပြေးနေသော ရေအောက်သတ္တဝါကြီး၏ ဦးတည်ရာအရပ်သည် အရှေ့လော၊ အနောက်လော၊ တောင်လော၊ မြောက်လော၊ မြစ်ကြောင်းအလျားလိုက်လော၊ ကန့်လန့်ဖြတ်လောမသိ။ ဘာကိုမှ မသိနိုင်၊ မမြင်နိုင်ဖြစ်နေရပေပြီ။

စောစောတုန်းက အရက်ကလေးထွေထွေနှင့် သွေးကြွကာ သတ္တိကောင်းနေသော အောင်ရှိန်းတစ်ယောက် ငြိမ်နေပြီ။ တိတ်နေပြီ၊ ကြောက်ဒူးတွေတဆတ်ဆတ်တုန်နေပြီ။

ကောင်းကင်တစ်ပြင်လုံး အနက်ရောင် ဧရာမထီးကြီးအုပ်မိုးထားဘိသို့ရှိ၏။

"ဟေ့ကောင်တွေ လှေထဲကရေတွေ တစ်စက်မှ မကျန်အောင် ပက်ထုတ်ထားကြကွနော်။ အရေးရယ်အကြောင်းရယ်ကျမှ လှေထဲရေဝင်ပြီး နစ်လို့မဖြစ်ဘူးကွနော်။ မင်းတို့အကောင် ဘယ်လောက်ဆွဲပြေးနိုင်မလဲ ပြေးစမ်းပါစေကွာ။ စံနက်ကျော်တဲ့ကွ တစ်ပွဲစားစံနက်ကျော်ကွနော် ဘာမှတ်နေကြလဲ"

စူးစူးရှရှ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာသော အဘစံနက်ကျော်၏ ကြုံးဝါးသံကြောင့် ငခွေးကြီးတို့၊ ဖိုးနီတို့၊ ကိုညိုတို့တစ်တွေ အားတက်လာကြ၏။ လှေဝမ်းထဲကရေများကို သူ့ထက်ငါ ကောင်း ပက်ထုတ်ကြ၏။ ပြီးလျှင် အဘစံနက်ကျော်၏ လှေဘေးတွင်တွဲချည်ထားသည့် ဝါးပိုးဝါးကြီးများကို မြဲမြဲတွယ်ဖက်ထားကြ၏။

တော်ပါပေ၏။ အမြင်ကျယ်ပါပေ၏။ အတွေ့အကြုံရှိပါပေ၏။ အဘစံနက်ကျော် တော်ပေလို့သာပေါ့၊ နို့မို့ဆိုလျှင် သည်လောက် မှောင်ကြီးမည်းကြီး လှိုင်းကြီးလေထန်ထဲမှာ တွေးဝံ့စရာပင်မရှိ။

သူတို့အသုံးပြုသော အလျားတစ်ဆယ့်လေးတောင်၊ ဝမ်းအကျယ် နှစ်တောင်သာသာ တံငါလှေငယ်ကလေးများသည် သည်လောက်ဒဏ်မခံနိုင်။ ရွာမှမထွက်ခင်ကတည်းက သုံးထွာဆိုင်ခန့်လုံးပတ်ရှိသည့် ဝါးပိုးဝါးနှစ်လုံးကို လှေမှာ ဘယ်ညာမြဲမြဲတွဲထားခဲ့၍သာ။ ထိုဝါးပိုးဝါးနှစ်လုံးကြောင့် လှေမှောက်မှာပူစရာမရှိ။ အကြောင်းကြောင်းကြောင့် မှောက်ဦးတော့ ရေထဲနစ်စရာမရှိ။ အသက်အရွယ်၊ အတွေ့အကြုံ၊ တံငါတို့၏ဝါ၊ သမ္မာကို သူတို့မလေးစား၍ မရ၊ အထင်မကြီး၍ မဖြစ်။

ကိုညို၏ လှေပဲ့ကိုင်က အောင်ရှိန်း၊ ဖိုးနီ၏ လှေပဲ့ကိုင်က ငခွေးကြီး၊ အဘစံနက်ကျော်၏ လှေပဲ့ကိုင်က စိန်ကုလားဖြစ်၏။ လှေဦးစီး ခေါင်းဆောင်သုံးဦးတို့၏ ညာလက်တွေထဲမှာ ငါးထိုးမှိန်းကြီးများကိုယ်စီ၊ ဘယ်လက်များထဲမှာတော့ လက်နှိပ်မီးများကိုယ်စီနှင့် အဘစံနက်ကျော်၏ တိကျပြတ်သားသောအမိန့်ကို တိတိကျကျလိုက်နာကာ လာသမျှဘေး ပြေးတွေ့ရန် အသင့်ဖြစ်နေကြပေပြီ။

ရေအောက်က ဆွဲယူပြေးနေတာ ဘာကောင်နည်း။ သူတို့မသိ၊ ဘယ်အရပ်ဆီဆွဲပြေးလေသနည်း။ ဒါကိုလည်း သူတို့မသိ။ အဘစံနက်ကျော်တော့ သိလိမ့်မည်။

"အဘ ဘာကောင်ကြီးလဲဗျ ဟင်"

စိန်ကုလားက လှေပဲ့ကိုင်ထားရင်း မေးသည်။

"ဟုတ်တယ် အဘရယ် ဘာကောင်ကြီးဆွဲပြေးနေတာလဲဟင်"

အောင်ရှိန်းကလည်း မေး၏။

ဖိုးနီတို့၊ ကိုညိုတို့၊ ငခွေးကြီးတို့ကလည်း သိချင်လိုက်တာမှ အူကို ယားနေတော့သည်။ သို့သော် မမေးရဲ၍သာ နေရ၏။

တစ်ပွဲစားဆိုသောဂုဏ်ပုဒ်သည် ဘယ်ကျောင်း၊ ဘယ်သင်တန်းတက်ပြီးမှ ရလာသည်မဟုတ်။ မြစ်ထဲ၊ ချောင်းထဲ၊ အင်းထဲ၊ အိုင်ထဲတွင် နှစ်ပေါင်းများစွာ ကျင်လည်ကျက်စားလာပြီး ငါးများ၊ ပုစွန်များ၏ သဘောသဘာဝ၊ အလေ့အထ၊ အမူအကျင့်၊ စရိုက်အထွေထွေ၊ နေထိုင်ကျက်စားပုံ၊ ပေါက်ဖွားကြီးပြင်းပုံတို့နှင့် ၎င်းတို့ရှင်သန်နေထိုင်ရာ အင်းအိုင်၊ မြစ်ချောင်းတို့၏ ရေသေ၊ ရေထ၊ ရေတက်ရေကျ၊ လဆန်းပက္ခ၊ လဆုတ်ပက္ခ၊ ကမ်းစပ်၊ သောင်ခုံ၊ စည်းတိမ်၊ ရေဝဲ၊ ရေအိုင်၊ ခွဆုံ၊ ရေစီးရေလာ၊ ညှောင့်ကျင်းအဖုံဖုံတို့ကို သိရှိနားလည်တတ်ကျွမ်းပါမှ၊ တစ်ဖက်ကမ်းခပ်ပါမှ ဘဝတူတံငါများက တရိုတသေ၊ တလေးတစားပေးထားလေ့ရှိသော၊ ရယူရန်ခက်ခဲလှသော ဂုဏ်ထူး၊ ဘွဲ့ထူးကြီးဖြစ်ရလေကား အပျော်တမ်းတံငါ၊ လက်သင်တံငါ၊ ဝါမရင့်တရင့်တံငါများက ရှိန်ကြ၊ လန့်ကြ၊ ဟန့်ကြရသည်မှာ တံငါတို့၏ သဘာဝပင်ဖြစ်သည်မဟုတ်လား။

(၅)

"မကြာခင် သိရတော့မှာပါကွာ။ ကြာကြာစောင့်ရမယ် မထင်ပါဘူး။ တစ်ခုတော့ကြိုပြောထားမကွ။ အခုဆွဲပြေးနေတဲ့ ရေအောက်သတ္တဝါဟာ မြင်နေကျ၊ တွေ့နေကျ၊ မင်းတို့သိနေကျအကောင်တော့ မဟုတ်ဘူးကွ"

လေကြမ်းကြမ်းများ ကွမ်းတစ်ယာညက်ခန့် တိုက်ခတ်လိုက်ပြီးချိန်မှာတော့ မိုးစက်မိုးပေါက်များ ပါးသွားပြီး ထီးမည်းမည်းကြီးအုပ်ထားသကဲ့သို့ နက်မှောင်နေသော ကောင်းကင်ကြီးဆီမှာလည်း ပိတ်ဆီးကာဆိုင်းထားသော မိုးတိမ်တောင်များသည် လေပြင်းနောက်ပါသွားခဲ့လေသဖြင့် ဟိုတစ်မှုန် သည်တစ်ပွင့် ကောင်းကင်အမြင့်မှာ ကြယ်စင်ငွေပွင့်တွေ လှမ်းမြင်နေရပြီ။

"ဟောဟော ရပ်သွားပြီကွ၊ ရပ်သွားပြီကွ"

ကိုညိုက ဝမ်းသာအားရအော်လိုက်သည်။ ဦးစံနက်ကျော်က ဝေဝေဝါးဝါးအလင်းရောင်ထဲမှာပင် လက်တစ်ဖက်ကို ရေထဲအသာချကြည့်လိုက်၏။ ဟုတ်သည် လှေသုံးစင်းတွဲကြီး မရွေ့လျားတော့၊ လက်ကို ရေစီးက တိုးတိုက်မှုမရှိတော့။

ထိုစဉ်မှာပင် ဗွမ်းခနဲဖြောင်းခနဲအသံကြီးတွေ ထွက်လာပြီး ရေစက်ရေမှုန်များ မြစ်ပြင်ပေါ်ဖျန်းဖျန်း မြည်အောင် လွင့်ပျံသွား၏။

"အမယ်လေးဗျ။ ဘာ ဘာကြီးတွေလဲဗျ။ လုပ်ပါအုံးအဘရဲ့"

အောင်ရှိန်းနှင့်စိန်ကုလားတို့၏ အသည်းငယ်ငယ်နှင့်အော်သံထွက်လာ၏။ ဖွေးခနဲ ဓာတ်မီးရောင်တန်းများက အသံကြီးများပေါ်ထွက်လာရာ မြစ်ပြင်ဆီ ပြေးသွားကြသည်။ လား လား လေးထောင့်သံပုံးကြီးများပါလား။ တစ်လုံးပြီးတစ်လုံး ရေပြင်ပေါ်ကြွတက်လာကြလေပြီ။

"ဟား ဟား ဟား ဟား မင်း ဘာတတ်နိုင်သေးတုံးကွ။ မင်းအစွမ်း ဒါအကုန်ပဲလားဟေ့၊ မကြာခင် ငါ့လက်ထဲ မင်းရောက်လာတော့မှာပါကွာ ဟား ဟား ဟား"

အဘစံနက်ကျော်၏ အားရပါးရရယ်လိုက်သံကြီး ပေါ်ထွက်လာပြီးသည့်တိုင်အောင် ဖိုးနီတို့၊ ကိုညိုတို့၊ ငခွေးကြီးတို့က ဘာမှန်းမသိသေး။ နားမလည်နိုင်သေး။

စိန်ကုလားနှင့် အောင်ရှိန်းတို့က အကြောက်ပင်မပြေသေး။ ရေအောက်သတ္တဝါကြီးသည် ဘယ်လိုအကောင်ကြီးပါလိမ့်။ ပထမ ငါးမျှားချိတ်တွင်မိမည်၊ ဆွဲ၍ရုန်း၍ပြေးလျှင် ငါးမျှားကြိုးနှင့်ဆက်တွယ်ထားသည့် သံပုံးကြီးများပါ ရေအောက်သို့နစ်ဝင်သွားခြင်းဖြစ်မည်။ ထိုအလုံပိတ်သံပုံးကြီးများပါ ရေအောက်သို့ နစ်ဝင်သွားအောင် ဆွဲပြေးနိုင်သည်မှာ နည်းနည်းနောနောအင်အားမဟုတ်။ သာမန်အရွယ်အစားတော့မဖြစ်နိုင်။ ယခုတော့ ဆက်မဆွဲနိုင်၊ မရုန်းနိုင်တော့သောအခါ သံပုံးများက ရေပေါ်ပြန်ပေါ်လာခဲ့ပြီ။ ထိုသတ္တဝါကြီး မောနေပြီ၊ ခြေကုန်လက်ပန်းကျနေပြီ။

**ဆက်လက်ဖော်ပြပါမည်။**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၃၉၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၃၉၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၇၉၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၃၉၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ၃၂၇၉၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၉၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ယင်းမာပင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၄၂၀၊ ကနီမြို့နယ်တွင် ၃၁၄၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၄၂၅ ဧက စုစုပေါင်းဧက ၃၉၉၀ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၃၀၀၀၊ ကနီမြို့နယ်တွင် ၁၀၀၉၄ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၈၇၀၀၊ ပုလဲမြို့နယ်တွင် ဧက ၁၀၀၀ စုစုပေါင်း ၃၂၇၉၄ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းတို့ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်တွင် တီလားပီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် တီလားပီးယားငါးများဝယ်ယူအားကောင်းမွန်ပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ဒေသထွက် တီလားပီးယားငါးများ ထွက်ရှိပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် တီလားပီးယားငါးများ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ တီလားပီးယားငါးတွေ အဝယ်လိုက်နေပါတယ်။ ညောင်တုန်းမြို့နယ်ကနေ အခြားဒေသတွေကို ပိဿာချိန်များများတင်ပို့နေရလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒေသထွက် တီလားပီးယားငါးတွေ အရောင်းအဝယ် ကောင်းမွန်နေတာကြောင့် ရေလုပ်ငန်း၊ ငါးလုပ်ငန်းနဲ့ဆက်စပ်သူတွေအားလုံး အဆင်ပြေနေပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။



ညောင်တုန်းမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် တီလားပီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀ မှ ၁၆၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ တီလားပီးယားငါးအမျိုးအစားသည် အရွယ်အစားနှင့် လတ်ဆတ်မှုအပေါ် မူတည်ပြီး ဈေးနှုန်း အနိမ့်အမြင့်ရှိခြင်း ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရမည်းသင်းမြို့နယ် ကတင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ရမည်းသင်း နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်စေရန် ရည်ရွယ်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကတင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကတင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ကတင်ကျေးရွာ၌ အရှည် ၅ ဒသမ ၃၄၉ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ရေပြွန်တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၁ ဒသမ ၆၇ သန်းဖြင့် လင်းလက်ပြည့်စုံအောင် ကုမ္ပဏီက ယခုနှစ် ဇွန် ၁ ရက်က စတင်တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဇင်မာ**

## ထူးမြတ်မဆုံး တန်ဆောင်မုန်း

- မြောက်ပြန်လေညင်း သွေ့ဆင်းသည့်ခါ
  နှင်းမြူပုလဲ ဖွဲဖွဲရွာသွန်းလာ
  မှိုင်းညို့မှုန်ပြာ ဝဠာကိုခွင်း
  နေခြည်နုဖြာ ထိုးထွက်ကာ
  ပြည်ရွာသာဖို့ လင်းသည်နှင့်လေး။

- ညခါထိန်ဝင်း ဖွဲ့သင်းရုံတယ်
  ယုန်မင်းရဟတ် ဘုံကြွတ္တိကာကြယ်
  မြင်ရတင့်တယ် ဝင့်ထည်ပရွှန်း
  မြူတိမ်ကင်းကာ ကောင်းကင်ပြာ
  ရန်တကာအောင်စည်သွန်းသည်နှင့်လေး။

- တောမြိုင်ယံစွန်း မော်ကွန်းတင်သည်
  နှင်းရည်ဆွတ်ဖျန်း တင့်လျှမ်းထိန်ဝေစည်
  ပွင့်ဖတ်လွှာညီ စီရီထူးကဲ
  ခဝဲမာလာ ရနံ့ဖြာ
  လေညာဆန်လို့ စွဲသည်နှင့်လေး။

- ကထိန်ဆင်နွှဲ မင်းပွဲသဘင်
  မသိုးသင်္ကန်း ဆင်မြန်းလှူဒါန်းချင်
  သံဃာ့ဂုဏ်အင် စိတ်တွင်ရည်စူး
  ပြိုင်ဆွဲရာသီ လှပန်းချီ
  မြန်ပြည်ဒေသထူးသည်နှင့်လေး။

- အများကြည်နူး ရဖူးပျော်စေ
  ပွဲသကူပွဲ ဆင်နွှဲလှူမျှဝေ
  ကောင်းမှုထွေထွေ တို့ပြည်တစ်ဝန်း
  ဆီမီးမြိုင်မြိုင် တန်ဆောင်တိုင်
  တူပြိုင်ပူဇော်ဆန်းသည်နှင့်လေး။
- ပေးကမ်းမျှဝေ သဒ္ဓါခြွေ မချို့ရှာသည်။
- အေးချမ်းပါပေ မြန်မာပြည်တို့ဌာနီ။

**စန်းထက်(ဖန်ခါးမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# တိဗက်ကုန်းမြင့်တွင် ဒုံးကျည်တပ်ဖွဲ့များတိုးချဲ့တပ်ဖြန့်ချလျက်ရှိသော တရုတ်နိုင်ငံ

တရုတ်နိုင်ငံ ချင်းဟိုင် (Qinghai) ပြည်နယ်ရှိ ဂိုမတ်(Golmud)မြို့အနီး၌ စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံသစ်များ တိုးချဲ့ဆောက်လုပ်နေမှုကို ဂြိုဟ်တုဓာတ်ပုံများက မှတ်တမ်းတင်နိုင်ခဲ့ခြင်းသည် အဆိုပါဒေသတွင် တရုတ်ဒုံးကျည်တပ်ဖွဲ့တိုးချဲ့တည်ဆောက်လာမှုကို ထင်ဟပ်စေလျက်ရှိသည်။

ကမ္ဘာ့နိုင်ငံများသည် ၂၀၂၁ ခုနှစ်တွင် ဂန်ဆုပြည်နယ်၌ တရုတ်နိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်ရန် အသင့်ပြင်ထားသော မြေအောက်ကျီတစ်ခုကို စတင်တွေ့ရှိပြီးကတည်းက တရုတ်နိုင်ငံအနောက်ပိုင်းရှိ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဒုံးကျည်တပ်ဖွဲ့ (PLARF)အနေအထားကို အလေးထားစောင့်ကြည့်လျက်ရှိသည်။ အထူးသဖြင့် ယူမန်း၊ ဟာမီနှင့်ဇီလန်တိုင်းဒေသတို့၌ ဒုံးကျည်ပစ်လွှတ်ရန် အသင့်ပြင်ထားသော မြေအောက်ကျီများတွေ့ရှိခြင်းကို တရုတ်နိုင်ငံ၏ ဟန့်တားမှုစွမ်းဆောင်ရည်လျင်မြန်စွာ တိုးချဲ့လာမှုအဖြစ်ရှုမြင်ထားရှိသည်။

၂၀၂၄ ခုနှစ်တွင် ပင်တဂွန်စစ်ဌာနချုပ်က တရုတ်နိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် နျူကလီးယားလက်နက် ၁၀၀၀ ထိ တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်းနှင့် အဆိုပါကျည်ထိပ်ဖူးများ ပစ်လွှတ်ရန် ဒုံးကျည်အမျိုးအစားအသစ်များကို သုတေသနပြုတည်ဆောက်လျက်ရှိကြောင်း အကဲဖြတ်ဆန်းစစ်ထားရှိသည်။ တရုတ်နိုင်ငံသည် ယခုနှစ် စက်တင်ဘာ ၃ ရက်တွင်ပြုလုပ်ခဲ့သော စစ်ရေးပြအခမ်းအနား၌ မြေအောက်ကျီအခြေစိုက် DF-31BJ နှင့် DF-61 အသစ်များအပါအဝင် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များကို ခင်းကျင်းပြသခဲ့သည်။

လက်ရှိအချိန်တွင် ဂိုမတ်မြို့အနီး၌ စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံသစ်များကို တွေ့ရှိခြင်းသည် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဒုံးကျည်တပ်ဖွဲ့ (PLARF) တိုးချဲ့နေမှုကိုဖော်ပြလျက်ရှိသည်။ တိဗက်ကုန်းပြင်မြင့် ချင်းဟိုင်ပြည်နယ်တွင်ရှိသော ဂိုမတ်မြို့သည် စစ်ဘက်ဆိုင်ရာ မဟာဗျူဟာမြောက် အုပ်ချုပ်ထောက်ပံ့မှု ဗဟိုချက်မအဖြစ်တည်ရှိနေသည်။ ဂိုမတ်အနေဖြင့် တရုတ်နိုင်ငံ၏ ဒေသတွင်းဟန့်တားမှုစွမ်းဆောင်ရည်တည်ဆောက်မှုအတွက် နေရာသစ်တစ်ခုအနေဖြင့် ပေါ်ထွက်လာကြောင်းကို တာဝေးပစ်ဒုံးကျည်များ သိုလှောင်ပစ်ခတ်မည့်နေရာများ တိုးချဲ့တည်ဆောက်မှုက ဖော်ပြလျက်ရှိသည်။

**တပ်မဟာအသစ်**

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဒုံးကျည်တပ်ဖွဲ့ (PLARF) သည် ဂိုမတ်မြို့အနီး၌ တိုးချဲ့မှုများ လုပ်ဆောင်လျက်ရှိကြောင်းကို ဂြိုဟ်တုဓာတ်ပုံများနှင့် သတင်းအရင်းအမြစ်များက ညွှန်ပြလျက်ရှိသည်။ ၎င်းနေရာသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုံးကျည်တပ်ဖွဲ့ (PLARF) Base 64 အောက်ရှိ တပ်မဟာတစ်ခုနှင့်ဆက်နွှယ်ဖွယ်ရာရှိပြီး တရုတ်နိုင်ငံအနောက်မြောက်ပိုင်းဒေသရှိ ဒုံးကျည်စစ်ဆင်ရေး တာဝန်ထမ်းဆောင်မှုများကို စောင့်ကြည့်သော ဌာနချုပ်တစ်ခုပင်ဖြစ်သည်။ လက်ရှိတည်ဆောက်နေသော အဆောက်အအုံများဖြင့် Base 64 အောက်၌ ဒုံးကျည်တပ်မဟာအသစ်တစ်ခုဖွဲ့စည်းနိုင်ကြောင်း လေ့လာသုံးသပ်သူများက ကောက်ချက်ချထားသည်။

အမှတ် (၆၄၇) ဒုံးကျည်တပ်မဟာနှင့်ဆက်နွှယ်သော လှုပ်ရှားမှုကို ၂၀၂၂ ခုနှစ်ကတည်းက မြင်တွေ့ခဲ့ရသည်။ ဂိုမတ်ဆောက်လုပ်ရေးလုပ်ငန်းခွင်များသည် ဒုံးကျည်တပ်ဖွဲ့များ၏ စွမ်းဆောင်ရည်ကို တရုတ်နိုင်ငံအနောက်ပိုင်းရှိ မတ်စောက်သောနေရာတွင် ဒုံးကျည်စနစ်သစ်များ တပ်ဖြန့်ချထားရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ဒေသ ဖြစ်ဖွယ်ရာရှိသည်။ အမှတ် (၆၄၇) တပ်မဟာသည် ကီလိုမီတာ ၄၀၀၀ ထိ ရောက်ရှိပစ်ခတ်နိုင်သည့် DF-26 ဒုံးကျည်များ တပ်ဖြန့်ချထားသည်ဟု ကျွမ်းကျင်သူများက ယုံကြည်ထားရှိသည်။ Base 64 အောက်၌ တပ်မဟာသစ်တစ်ခုဖွဲ့စည်းသွားမည်ဆိုလျှင် DF-26 ဒုံးကျည်များ တပ်ဖြန့်ချသွားမည်ဖြစ်ပြီး အနာဂတ်တွင် DF-27 ဒုံးကျည်များ တပ်ဖြန့်ချသွားဖွယ်ရာရှိနေသည်။




တရုတ်နိုင်ငံထုတ် DF-26 ဒုံးကျည်ကို တွေ့ရစဉ်။

ဂိုမတ်ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ အထောက်အကူပြုအဆောက်အအုံများစွာနှင့်အတူ ဒေါင်လိုက်ဒုံးကျည်ပစ်လွှတ်ရေးကိရိယာ (TELs) တင်ယာဉ်ကြီးများ ရပ်တန့်ထားရန်ဂိုဒေါင်ကြီးများလည်း ပါရှိသည်။ ထို့ပြင် ပင်မအဆောက်အအုံကြီးနှင့် ဆက်သွယ်ထားသော လမ်းကွန်ရက်များကိုလည်း ဖောက်လုပ်ထားရှိပြီး ဒုံးကျည်ပစ်လွှတ်ရန် ကွန်ကရစ်ခင်းထားသည့် နေရာများနှင့်လည်း ချိတ်ဆက်ထားရှိသည်။

**တပ်ရင်းအခင်းအကျင်း**

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဒုံးကျည်တပ်ဖွဲ့ (PLARF) တပ်ရင်းအခင်းအကျင်းကို လေ့လာမှုအရ အမှတ် (၆၄၇) တပ်မဟာသည် ဆက်သွယ်ရေး၊ နည်းပညာနှင့်တာဝန်ထမ်းဆောင်မှုအထောက်အကူပြုတပ်ဖွဲ့များနှင့်အတူ ဒုံးကျည်ပစ်ခတ်မှု တပ်ရင်း ခြောက်ရင်းထိ ပါဝင်မည်ဖြစ်သည့်အတွက် အမှတ် (၂) အမြောက်တပ်မဖွဲ့စည်းပုံထက်ပင် ပိုမိုကြီးမားသည်။ ဒုံးကျည်ပစ်ခတ်မှုတပ်ရင်းတစ်ရင်းလျှင် ကိုယ်ပိုင်ဒေါင်လိုက်ဒုံးကျည်ပစ်လွှတ်ရေးကိရိယာ (TELs) တင်ယာဉ်ကြီးများနှင့် အထောက်အကူပြုတပ်ဖွဲ့များပါဝင်မည်ဖြစ်သည့်အတွက် PLA ၏ ဒုံးကျည်ပစ်ခတ်မှု တပ်ရင်းများတိုးချဲ့တည်ဆောက်နေမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

ဂိုမတ်တပ်ဖွဲ့ကို တည်ဆောက်နေဆဲဖြစ်သော်လည်း လက်နက်အပြည့်အစုံ တပ်ဆင်ထားသော တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဒုံးကျည်တပ်ဖွဲ့ (PLARF) တပ်မဟာများသည် လက်ရှိအချိန်တွင် ဒုံးကျည်ပစ်ခတ်မှုကိရိယာများကို တပ်ဖြန့်ချထားပြီးဖြစ်သည်။ တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် DF-26 ဒုံးကျည်ပစ်ခတ်မှုကိရိယာ ၂၅၀ ခန့်ပိုင်ဆိုင်ထားရှိသဖြင့် TEL ၃၆ ခုစီရှိသော တပ်မဟာခုနစ်ခုနှင့်ညီမျှကြောင်း၊ ဂိုမတ်တပ်မဟာသည် တာဝန်ထမ်းဆောင်သည့်အချိန်၌ TEL ၂၄ ခုမှ ၃၆ ခုထိတပ်ဖြန့်ချထားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ခန့်မှန်းထားရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် DF-26 ပစ်ခတ်နိုင်သည့် TELs ကိရိယာ ၂၅ ခုတပ်ဖြန့်ချထားသော အန်ဟွေးပြည်နယ် (Anhui) ရှိ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုံးကျည်တပ်ဖွဲ့ (PLARF) တပ်မဟာတစ်ခုကို စစ်ဆေးခဲ့ပြီး အင်ပြည့်အားပြည့်တာဝန်ထမ်းဆောင်နိုင်ရေးလုပ်ဆောင်သွားရန် တိုက်တွန်းခဲ့သည်။ ထို့ကြောင့် အသစ်ဖွင့်လှစ်မည့် ဂိုမတ်တပ်မဟာသည် အစပိုင်းတွင် TELs အနည်းဆုံး တစ်ဒါဇင်ခန့်တပ်ဖြန့်ချသွားမည်ဟု မျှော်မှန်းရပြီး နောက်ပိုင်း TELs ၃၀ ကျော်ထိ တပ်ဖြန့်ချသွားမည်ဖြစ်သည်။

**ဂိုမတ်ဒေသတွင် စစ်ရေးလေ့ကျင့်ခန်းပြုလုပ်မှုနှင့် တပ်ဖြန့်ချထားမှုများ**

ဂိုမတ်၏ မတ်စောက်သောပတ်ဝန်းကျင်ကို စစ်ရေးလေ့ကျင့်မှုအတွက် ကာလရှည်ကြာအသုံးပြုခဲ့သည်။ ဒုံးကျည်တပ်ဖွဲ့များသည် ဂိုမတ်ဒေသတွင် စစ်မြေပြင်လေ့ကျင့်ခန်းများ လုပ်ဆောင်ခဲ့ပြီး ၎င်းလှုပ်ရှားမှုများကို ဒေသအာဏာပိုင်များက အသိအမှတ်ပြုထောက်ပံ့ကူညီခဲ့ကြောင်း ဒေသဆိုင်ရာအစိုးရနှင့် မီဒီယာများက အစီရင်ခံခဲ့သည်။ ဂိုမတ်မြို့ပါတီအတွင်းရေးမှူး ရှောင်ဒုန်က အဆိုပါတပ်ဖွဲ့များကို ဒေသဆိုင်ရာ စီးပွားရေးတည်ဆောက်မှုတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုအတွက် ချီးကျူးပြောကြားခဲ့ပြီး ၎င်းတို့၏ကျွမ်းကျင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး မစ်ရှင်များပြီးမြောက်အောင် ထမ်းဆောင်ရန် တိုက်တွန်းပြောကြားခဲ့သည်။ ထို့ပြင် ဒေသဆိုင်ရာအစိုးရအနေဖြင့် တပ်ဖွဲ့များကို ဆက်လက်ထောက်ပံ့ ကူညီသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။ ဆိုလိုသည်မှာ ၂၀၂၄ ခုနှစ် နွေရာသီတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဒုံးကျည်တပ်ဖွဲ့ (PLARF) များသည် အခြားသောတပ်ဖွဲ့များနှင့်အတူ လေ့ကျင့်မှုများ လုပ်ဆောင်ရန် ဂိုမတ်ဒေသ၌ တပ်ဖြန့်ချထားခဲ့မှုအပေါ် ဒေသအာဏာပိုင်များက လိုအပ်သည်များ ကူညီခဲ့ခြင်းကို ရည်ညွှန်းလိုခြင်းဖြစ်သည်။

တရုတ် (တိုင်ပေ) အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက ဂန်ဆု၊ ချင်းဟိုင်တို့ရှိ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုံးကျည်တပ်ဖွဲ့ (PLARF) တပ်မဟာများသည် စစ်ရေးလေ့ကျင့်မှု တစ်စိတ်တစ်ဒေသအနေဖြင့် ဒုံးကျည်များ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် အစီရင်ခံသွားခဲ့သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် အတွင်းမွန်ဂိုလီးယား၊ ဂန်ဆု၊ ချင်းဟိုင်နှင့် ရှင်ကျန်းဒေသတို့ရှိ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဒုံးကျည်တပ်ဖွဲ့ (PLARF) များသည် ဒုံးကျည်ပစ်ခတ်မှုလေ့ကျင့်ခန်းများကို တစ်ပြိုင်တည်းပြုလုပ်ခဲ့သဖြင့် ချင်းဟိုင်အခြေစိုက် ဂိုမတ်တပ်ဖွဲ့သည် မဟာဗျူဟာမြောက် ရောက်ရှိနိုင်ရန်ရည်မှန်းလျက် အဆိုပါကျည်စစ်ကျည်မှန်များဖြင့်ပြုလုပ်သော စစ်ရေးလေ့ကျင့်မှုများ၌ ပါဝင်လေ့ကျင့်ခဲ့ဖွယ်ရာရှိကြောင်း ဖော်ပြခဲ့သည်။ ထို့ကြောင့် ၂၀၂၄-၂၀၂၅ ကာလအတွင်း ဂိုမတ်ဒေသ၌ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုံးကျည်တပ်ဖွဲ့ (PLARF) ၏ လေ့ကျင့်မှုနှင့်တာဝန်ထမ်းဆောင်မှုများကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ဒေသဆိုင်ရာ အစိုးရများသည် စစ်ရေးလေ့ကျင့်မှုများကို ထောက်ပံ့ကူညီခဲ့ပြီး ဒုံးကျည်တပ်ဖွဲ့စခန်းများ၌ ဥပဒေကြောင်းဆိုင်ရာ ဆွေးနွေးမှုလုပ်ငန်းများသည် အရပ်ဘက်၊ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုကို မီးမောင်းထိုးပြသလျက်ရှိသည်။

**အိန္ဒိယနှင့်အမေရိကန်တို့အတွက် မဟာဗျူဟာမြောက်အပြောင်းအလဲ**

တရုတ်နိုင်ငံအနောက်ပိုင်း၌ DF-26 တပ်မဟာတစ်ခုဖြန့်ကြက်ထားခြင်းသည် မဟာဗျူဟာမြောက် သက်ရောက်မှုများရှိလာနိုင်သည်။ ၎င်းဒုံးကျည်သည် ချင်းဟိုင်ပြည်နယ်မှ ကီလိုမီတာ ၄၀၀၀ ထိ ရောက်ရှိနိုင်သောကြောင့် အိန္ဒိယနိုင်ငံကို ခေါင်းခဲစရာဖြစ်စေလျက်ရှိသည်။

တရုတ်နိုင်ငံသည် DF-26 တပ်ဖွဲ့များကို ဂိုမတ်မှသည် တောင်တရုတ်ပင်လယ်၊ သို့မဟုတ် အနောက်ပစိဖိတ်ဒေသသို့ ရွှေ့ပြောင်းတပ်ဖြန့်ချထားနိုင်သဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုံးကျည်တပ်ဖွဲ့ (PLARF) သည် အမေရိကန်နှင့်၎င်း၏မဟာမိတ်များကို ခိုင်မာအားကောင်းသော ဟန့်တားမှုစွမ်းဆောင်ရည်များဖြင့် ခြိမ်းခြောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် DF-26 တပ်မဟာတစ်ခုထူထောင်ခြင်းသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုံးကျည်တပ်ဖွဲ့ (PLARF) အနေဖြင့် ၎င်း၏ DF-21 ကို ခေတ်မီ DF-26 စနစ်များသို့ အရှိန်အဟုန်ဖြင့်ပြောင်းလဲနေမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

စင်စစ်အားဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုံးကျည်တပ်ဖွဲ့ (PLARF) အခြေခံအဆောက်အအုံများကို PLARF အနီး၌ တိုးချဲ့တည်ဆောက်ခြင်းသည် နိုင်ငံ၏အနောက်ပိုင်းဒေသတွင် ဟန့်တားမှုစွမ်းဆောင်ရည်ခိုင်မာအားကောင်းရေး တရုတ်နိုင်ငံ၏ တွန်းအားပေးဆောင်ရွက်မှုကို မီးမောင်းထိုးပြသလျက်ရှိသည်။ ထိုနေရာ၌ DF-26 နှင့် DF-27 ဒုံးကျည်များ တပ်ဖြန့်ချထားခြင်းသည် တရုတ်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံကို ဖိအားပေးနိုင်မည့်အပြင် ပစိဖိတ်ဒေသရှိ အမေရိကန်တပ်ဖွဲ့များကိုလည်း ခြိမ်းခြောက်မှုဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

– China's Expands Missile Forces in Tibetan Plateau by The Diplomat.

**ဝင်းဇင်(သုတေသန)**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကျောက်မြောင်း နိုင်ဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧကအားလုံးရာနှုန်း ပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းထံမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၀၃၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ တတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၃၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ပဲတီစိမ်း ၄၀၃၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင်ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဒေသမရွေး ပဲတီစိမ်းကို ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

(၂၀၆)

# မိုင်းကိုင်မြို့နယ် နားမွမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းကိုင် နိုင်ဝင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန်ရည်ရွယ်၍ ဟမ်းငိုင်းကျေးရွာအုပ်စု နားမွမ်းကျေးရွာ၌ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်၊ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်း နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက နားမွမ်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နားမွမ်းကျေးရွာ၌ အရှည် သုံးမိုင်ရှိ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းနှင့် အလျား ၂၅ ပေ၊ အနံ သုံးပေ၊ အမြင့် ငါးပေရှိ ရေသားတမံတည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၉၈ ဒသမ ၄၈ သန်း အသုံးပြုပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၃၉ အိမ်၊ လူဦးရေ ၁၅၁ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ရရှိမည်ဖြစ်ကြောင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် နိုင်ဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ငါးရှဉ့်ပိဿာချိန် ၅၂၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များ အရောင်းအဝယ်ကောင်းလာခြင်းသည် ပြည်တွင်းမှ ငါးရှဉ့်များကိုပြည်ပဈေးကွက်သို့ တင်ပို့မှုများပြားလာသည့်အတွက် ဖြစ်ကြောင်း သိရသည်။

"မအူပင်မြို့နယ်က သဘာဝအတွင်းဖမ်းယူရရှိတဲ့ ငါးရှဉ့်တွေ အဓိကထွက်ရှိပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြည်တွင်းဈေးကွက်မှာကို ငါးရှဉ့်တွေက အဝယ်လိုက်နေတာဖြစ်ပါတယ်။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချတာဖြစ်ပါတယ်။ မအူပင်မြို့နယ်ကနေ



တင်ပို့တဲ့ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကတစ်ဆင့် အခြားပြည်တွင်း၊ ပြည်ပ ဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချနေပါတယ်"ဟု မအူပင်မြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။

မအူပင်မြို့နယ်တွင် ပြီးခဲ့သည့် အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ငါးရှဉ့်များ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများအဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မချမ်းဘော့မြို့နယ် ဆင်လွမ်ဒင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မချမ်းဘော့ နိုင်ဝင်ဘာ ၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျော့ကျစေရန် ရည်ရွယ်၍ ဆင်လွမ်ဒင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ဆင်လွမ်ဒင်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစောသီဟနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက ဆင်လွမ်ဒင်းကျေးရွာ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များအကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အဆိုပါ ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၆၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆင်လွမ်ဒင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၃ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၄၅ဦးကို ငွေကျပ် ၂၇ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၂၀ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၂ သန်း ထုတ်ချေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးစောသီဟ ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# မော်လမြိုင်မြို့နယ် ကော့ပေါက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် မြေထိန်းနံရံပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

**မော်လမြိုင် နိုင်ဝင်ဘာ ၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့ပေါက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် မြေထိန်းနံရံပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းလွင်၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းနှင့်ဝန်ထမ်းများက ကော့ပေါက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် မြေထိန်းနံရံ ပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါကျေးရွာ၌ အရှည် ၇၇၅ ပေ၊ အကျယ် ၁၁ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် မြေထိန်းနံရံပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၃၃ ဒသမ ၃၁၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် Silver Diamond Mon ကုမ္ပဏီမှ စက်တင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**သုတ**

**လင်းလက်**

# အောင်မြင်မှုရရှိရန် ရှောင်ကြဉ်ရမည့် အကြောင်းတရားခြောက်ပါး

**❖ အောင်မြင်မှုကိုဖြစ်စေသည့် အကြောင်းတရားများကို ကြိုးစားလေ့လာဖြည့်ဆည်းကြရမည်ဖြစ်သကဲ့သို့ စီးပွားဥစ္စာပျက်စီးစေသော အကြောင်းတရားများကိုလည်း ကြိုးစားရှောင်ရှားရမည်ဖြစ်သည်။ "အရက်သေစာသောက်စားခြင်း၊ အချိန်အခါမဲ့သွားလာတတ်ခြင်း၊ အပျော်သက်သက်သာဖြစ်စေသည့် ပွဲလမ်းသဘင်တို့၌ ပျော်နေတတ်ခြင်း၊ လောင်းကစားခုံမင်စွဲလမ်းခြင်း၊ မကောင်းသည့်မိတ်ဆွေများနှင့် ပေါင်းသင်းမိခြင်း၊ ပျင်းရိခြင်း" စသည့်အကြောင်းတရားခြောက်ပါးသည် ဥစ္စာပျက်ကြောင်းအခြေခံအကြောင်းတရားများသာဖြစ်သဖြင့် အောင်မြင်လိုသည့်သူများ ထာဝရရှောင်ရှားရမည်ဖြစ်ပေသည်။ ❖**

**အကြောင်းကြောင့် အကျိုးဖြစ်**

လူ့ဘောင်လောက၊ လူ့ဘဝတွင် ဖြစ်ပျက်နေသောအရာအားလုံးသည် အခြေခံအကြောင်းတရားများရှိနေပြီးဖြစ်သည်။ တိုးတက်နေသောနည်းပညာများသည် လူသားတို့၏ အပတ်တကုတ်ကြိုးစားအားထုတ်မှုကြောင့်ဖြစ်ပေါ်လာသည့် ရလဒ်များပင်ဖြစ်သည်။ သစ်ပင်တစ်ပင်ရှင်သန်ရန်အတွက် မြေဆီမြေဩဇာအပါအဝင် အခြားသောအကြောင်းတရားများ ပြည့်စုံနေရသည်။ ရှင်သန်ကြီးထွားနေသောသစ်ပင်သည်ပင် အခြေခံအကြောင်းတရားတစ်ခု မပြည့်မစုံဖြစ်သွားသည့်အခါ အပွင့်မပွင့်၊ အသီးမသီးဖြစ်ရသည်။ ပိုးကိုက်ခြင်းဆိုသည့် မကောင်းသည့် အကြောင်းတရားတစ်ခု ဝင်ရောက်နှောင့်ယှက်သည့်အခါတွင်လည်း အခက်အလက်ဝေဆာသည့် သစ်ပင်ဘဝမှ သေဆုံးရသည်ထိဖြစ်တတ်ပြန်သည်။ ဥယျာဉ်မှူးတို့သည် မိမိတို့စိုက်ပျိုးအပ်သော သစ်ပင်တို့ကို ရှင်သန်ကြီးထွားအောင် ပြုစုပျိုးထောင်ရသကဲ့သို့ ပိုးကိုက်ခြင်းကဲ့သို့သော ဆိုးရွားသောအကြောင်းတရားများမဖြစ်ပေါ်ရလေအောင်လည်း ဂရုစိုက်ကြရသည်။

မှန်ကန်သောနည်းလမ်းဖြင့် ကြိုးစားရှာဖွေခြင်းဆိုသည့် အခြေခံအကြောင်းတရားက မရှိမဖြစ်ရှိနေရသည်။ ကြိုးစားရှာဖွေအပ်သောပစ္စည်းဥစ္စာများကို လေလွင့်ဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်တတ်သည့်အလေ့အကျင့်လည်း ရှိရန်လိုသည်။ အကြောင်းကြောင့် အကျိုးဖြစ်သည်ဆိုသည့် လောကနိယာမအရ "ပစ္စည်းဥစ္စာရကြောင်း အကြောင်းတရားများကို ပြည့်စုံအောင်ကြိုးစားရမည်ဖြစ်သကဲ့ ပစ္စည်းဥစ္စာပျက်စီးရခြင်းအကြောင်းတရားများကိုလည်း ရှောင်ရှားရမည်ဖြစ်သည်။ ကြီးပွားချမ်းသာကြောင်း အကြောင်းတရားများကို အပတ်တကုတ် ကြိုးစားအားထုတ်ရှာဖွေနေသည့် မျိုးဆက်သစ်လူငယ်များအတွက် သိထားသင့်သည့် စီးပွားဥစ္စာပျက်စီးကြောင်း အကြောင်းတရားများ ခြောက်ပါးရှိသည်။ ထိုအကြောင်းတရားများကို သိထားခြင်းဖြင့် အကျိုးကျေးဇူးများကာ စီးပွားဥစ္စာတိုးပွားစေမည်သာဖြစ်သည်။

**အကြောင်းတရားခြောက်ပါးကိုရှောင်**

"သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှုငဲ့သဘင်၊ ပျော်ရွှင်အန်လောင်း၊ မကောင်းမိတ်ဖျင်း၊ ပျင်းရိခြင်းကား၊ ယိုယွင်းဥစ္စာပျက်ကြောင်းတည်း"ဟူ၍ ဆရာတော်ဦးဗုဓ်က ဗုဒ္ဓ၏အဆုံးအမများကို ကဗျာစာသားဖြင့် ပြန်လည်ပုံဖော်ထားသည်။ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးစဉ်ကာလ သိင်္ဂါလသတို့သားအား လောကနိယာမဂိဟိဝိနယများကို ဟောကြားခဲ့သည်။ မြတ်စွာဘုရားရှင်က လောကလူ့ဘဝဆောင်ရန်၊ ရှောင်ရန်ကျင့်ဝတ်တရားများကို ဟောကြားရာတွင် ဥစ္စာပစ္စည်းပျက်စီးကြောင်း အကြောင်းတရားခြောက်ပါးကို ရှောင်ရှားရန် ဟောကြားခဲ့သည်။ ထိုအကြောင်းတရားခြောက်ပါးသည် ယနေ့ခေတ်လူငယ်များအတွက်လည်း သတိပြုရှောင်ရှားသင့်သည့် အရာများပင်ဖြစ်သည်။

လောကဇာတ်ခုံပေါ်သို့ အတောင်အလက်စုံလင်စွာဖြင့်ခုန်တက်ကာ သေသပ်လှပစွာ ကပြလိုသည့် လူငယ်တိုင်းအတွက် မကောင်းသည့်အကြောင်းတရားများကို သတိထားရှောင်ရှားကြရန်လိုသည်။ "မူးယစ်မေ့လျော့စေတတ်သည့် သေရည်သေရက်များကိုသောက်စားခြင်း၊ အချိန်အခါမဲ့သွားလာလည်ပတ်ခြင်း၊ အပျော်သက်သက်သာဖြစ်စေသည့် ပွဲလမ်းသဘင်တို့၌ အချိန်ကုန်တတ်ခြင်း၊ လောင်းကစားကိုခုံမင်စွဲလမ်းခြင်း၊ လူတိုင်းသွားလာရန် မသင့်သည့်နေရာများသို့သာ သွားတတ်သည့် မိတ်ဆွေ၊ သူငယ်ချင်းများနှင့် ပေါင်းသင်းခြင်း၊ အပတ်တကုတ်ကြိုးစားအားထုတ်မှုမရှိပျင်းရိခြင်း" စသည့် အကြောင်းတရားခြောက်ပါးသည် လူငယ်များ၏ဘဝကို ပျက်စီးစေသည်ကို သတိပြုမိရန် လိုအပ်ပေသည်။

**မင်္ဂလာတရားနှင့်အညီရှိပါစေ**

လူငယ်ဘဝ အမှားများကို ထာဝရရှောင်ရှားနိုင်ပြီး ဘဝတက်လမ်းကို လှပစွာလျှောက်လှမ်းနိုင်ရေး တည့်မတ်ပေးသည့် မင်္ဂလာတရား ၃၈ ပါးကိုလည်း မြတ်စွာဘုရားရှင်က ဟောကြားထားခဲ့ပြီးဖြစ်သည်။ ဥစ္စာပျက်ကြောင်း အကြောင်းတရားခြောက်ပါးတို့တွင်ပါဝင်သော "အရက်သေစာသောက်စားခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ သူမိုက်ကို ပေါင်းဖော်ခြင်း၊ ပျင်းရိခြင်း"စသည့် အကြောင်းတရားများကို ရှောင်ရှားခြင်းကလည်း မင်္ဂလာတရားများပင်ဖြစ်သည်။ လူမိုက်တို့ကျင်လည်ရာအရပ်သည် မကောင်းသည့်ရပ်ဝန်းများတွင်သာဖြစ်သဖြင့် လူမိုက်တို့နှင့် ဝေးစွာရှောင်နိုင်သော လူငယ်များသည် မကောင်းမှုများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

သေရည်သေရက်သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်းသည် မင်္ဂလာမည်၏။ သေရည်သေရက်သောက်စားခြင်းကို ရှောင်ရှားခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်သည်။ "ဥစ္စာဆုတ်ယုတ်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ အနာရောဂါထူပြောခြင်း၊ အရှိန်အစော်မဲ့ခြင်း၊ လျှို့ဝှက်အပ်သည်ကို ဖော်ပြတတ်ခြင်း၊ ဉာဏ်ပညာနည်းစေခြင်း" စသည့် အကျိုးတရားခြောက်ပါးကိုမဖြစ်စေလိုပါက အရက်သောက်ခြင်း အကြောင်းတရားကိုရှောင်ရှားရမည်ဖြစ်သည်။ အရက်နှင့်အဖျော်ယမကာတို့သည် ဆိုးကျိုးများစွာရှိသည့်အပြင် အလကားလိုသလောက်ရနိုင်သည့်အရာမဟုတ်သဖြင့် မိမိ၏ငွေကြေးများကို ပထမဦးစွာ သုံးစွဲရမည်မှာ အမှန်တရားပင်ဖြစ်သည်။ မူးယစ်သောက်စားပျော်ပါးမိသည့်အခါတွင် အလုပ်ပျက်အကိုင်ပျက်ဖြစ်သည့်အပြင် ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်သဖြင့် စီးပွားဥစ္စာပျက်စီးကြောင်း အခြေခံအကြောင်းတရားဖြစ်နေသည်ကို ငြင်းချက်ထုတ်ရန်မလိုပေ။

**မကောင်းသည့်နေရာများသို့ မရောက်စေလို**

မိတ်ဆွေများနှင့် မူးယစ်သောက်စားပျော်ပါးတတ်သူတို့၏ ကျင်လည်ရာရပ်ဝန်းသည် ကောင်းသည့်ရပ်ဝန်းများမဖြစ်နိုင်ပေ။ အချိန်အခါမဲ့ သွားလာလှုပ်ရှား၍ အမှားများကိုသာ ထပ်တလဲလဲကျူးလွန်မိသည့်နေရာများသာ ဖြစ်တတ်သည်။ မူးယစ်သောက်စား၍ မကောင်းသည့်မိတ်ဆွေများနှင့်ပေါင်းဖက်မိသည့်အခါ အိမ်ပြန်ချိန်မသိ ညလုံးပေါက်ပျော်ပါးမိတော့သည်။ ခေတ်ကာလအရ လူငယ်များ ညလုံးပေါက် ကခုန်ပျော်ပါးနေသည့် နေရာများလည်းရှိလာနေပြီဖြစ်သည်။ ထိုနေရာများတွင် ပျော်ပါးနေသူများသည် "ကိုယ့်သားမယား၊ တခြားဥစ္စာ၊ လုံရာမဲ့ရှောင်း၊ မကောင်းအရာ၊ ရွံ့ရှာလေအပ်၊ ယိုးစွပ်ရောက်မှု၊ ဆင်းရဲစုဟု၊ ခြောက်ခုခါမဲ့ သွားပြစ်တည်း"ဆိုသည့် အပြစ်ခြောက်ပါးကို ခံစားရမည်ဖြစ်သည်။ အပျော်သက်သက်ကိုသာ ဖြစ်စေတတ်သည့် ပျော်ပါးခြင်းမျိုးနှင့်သာ အချိန်ကုန်နေမည်ဆိုပါက ကြိုးစားအားထုတ်မှုများ လျော့နည်းကာ အောင်မြင်မှုပန်းတိုင်တို့နှင့် ဝေးကွာနေမည်သာဖြစ်သည်။ အချိန်အခါမဲ့သွားလာတတ်ပြီး မကောင်းသည့် အပျော်သက်သက်ဖြစ်စေတတ်သည့် နေရာများ၌ လူငယ်များ၏ဘဝကို အချိန်မကုန်မိကြရန်လိုသည်။

အားလပ်ချိန်များတွင် စိတ်လက်ပေ့ါပါးလန်းဆန်းစေသည့်အရာများကို ပြုလုပ်မိတတ်ကြသည်က လူငယ်တို့၏သဘာဝပင်ဖြစ်သည်။ လူငယ်များ၏လက်အတွင်းသို့ မိုဘိုင်းဖုန်းများ ရောက်ရှိလာချိန်တွင် နည်းပညာရေစီးနှင့်အတူ ဂိမ်းများကလည်း လူငယ်များကို ခြိမ်းခြောက်နေပြန်သည်။ မိမိရှာဖွေစုဆောင်းထားသည့် ဥစ္စာပစ္စည်းများကို စလေ့ဂိမ်းများက အချိန်ခဏအတွင်း ယူငင်သွားနိုင်ကြသည်ကို လူငယ်များသတိပြုမိရန်လိုသည်။ "အောင်မူရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိပ်ဆို၊ မလိုထိမ်းမြား"ဆိုသည့် အပြစ်ခြောက်ပါးကိုပင် ဖြစ်စေသဖြင့် လောင်းကစားခြင်းအမှုကို လူငယ်တို့မပြုမိကြရန်လိုသည်။ လောင်းကစားခြင်းဖြင့် ဆုံးရှုံးသွားသောငွေတို့ကိုပြန်မရနိုင်သကဲ့သို့ နိုင်သည့်အခါတွင်လည်း အခြားသူများ၏ ရန်မီးပွားဒေါသတရားများကို ရင်ဆိုင်ရနိုင်သည်။

**ဝီရိယအားကိုးဖို့က အဓိက**

"ပျင်းရင် ဖျင်းတယ်"ဆိုသည့်စကားက ဥစ္စာစီးပွားတိုးပွားရေးအတွက် အပတ်တကုတ်ကြိုးစားအားထုတ်နေသည့်လူငယ်များအတွက် လုံးဝမသက်ဆိုင်ပေ။ ကြိုးစားအားထုတ်ခြင်းဆိုသည့် အကြောင်းကြောင့် အောင်မြင်မှုဆိုသည့် အကျိုးရလဒ်များရရှိမည်ကို လူတိုင်းသိထားသင့်သည်။ ကြိုးစားအားထုတ်မှုအလျဉ်းမရှိဘဲ ထုံထိုင်းမှိုင်းဝေပြီး အပျင်းရောဂါစွဲကပ်နေသည်ဟုဆိုပါလျှင် မြန်မြန်ကုစားကြရန်လိုသည်။ အောင်မြင်မှုကိုလက်ကိုင်ထားနိုင်သည့်လူတိုင်းကို လေ့လာကြည့်မည်ဆိုပါက ဘဝခရီးတစ်လျှောက်လုံးတွင် ကြိုးစားခြင်းဆိုသည့်အရာကို မိမိနှင့်တစ်ပါတည်း ယူဆောင်ထားနိုင်သူများဖြစ်သည်။ မြတ်စွာဘုရားရှင်သည်ပင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရာကာလများကို လွန်မြောက်ပြီးမှသာ အလုံးစုံသိမြင်နိုင်သည့်ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ခြင်းဖြစ်သည်။ သာမန်လူသားတို့အတွက် ဝီရိယအားကိုးကြိုးစားခြင်းဆိုသည့်အကြောင်းတရားမရှိဘဲ စီးပွားဥစ္စာက အစပြု၍ အရာခပ်သိမ်းအောင်မြင်မှုကို မရနိုင်ပေ။

လူပျင်းတို့သည် အရာရာအတွက် ကြိုးစားမှုကို မစတင်မီ စိတ်ပျက်အားလျော့၍ နေတတ်သည်။ "အေးလွန်းသည်၊ ပူလွန်းသည်၊ မိုးချုပ်လွန်းသည်၊ စောလွန်းသည်၊ ဆာလွန်းသည်၊ ဝလွန်းသည်" စသည့် အခြေခံအကြောင်းတရားခြောက်ပါးကို မကျော်လွန်နိုင်ဘဲ အပျင်းရောဂါစွဲကပ်မိကြသည်။ လုပ်သင့်သည့်အလုပ်ကိုလုပ်ရာတွင် သတ်မှတ်ချိန်ဟူ၍မရှိပေ။ ချက်ချင်းလက်ငင်းကြိုးစားအားထုတ်၍ လုပ်ကြည့်ရန်လိုသည်။ မခိုင်လုံသောအကြောင်းတရားများကို ယိုးမယ်ဖွဲ့၍ အပျင်းရောဂါစွဲကပ်၍နေသူများသည် မဖြစ်သေးသောစည်းစိမ်ဥစ္စာများသည် မဖြစ်ကုန်ဘဲ ဖြစ်ပြီးသောစည်းစိမ်ဥစ္စာတို့သည်လည်း လျော့ပါးပျက်စီးတတ်ပေ၏။

**ထာဝရရှောင်ရှား**

ငယ်စဉ်က စာမကြိုးစားခဲ့သူသည် ဆရာဝန်၊ အင်ဂျင်နီယာ စသည့်ဘဝကို ရဖို့ရာမဖြစ်နိုင်ပေ။ ဉာဏ်မည်မျှကောင်းစေကာမူ ကြိုးစားအားထုတ်မှု မရှိခဲ့ပါလျှင် စာမေးပွဲတွင် အမှတ်ကောင်းကောင်းရရန် မလွယ်ပေ။ ဘဝနယ်သို့ တိုးဝင်ရောက်ရှိသည့် အသက်အရွယ်အပိုင်းအခြားကို ပိုင်ဆိုင်ထားသည့် လူငယ်များအတွက်လည်း ထို့အတူပင်ဖြစ်သည်။ ဘဝအရေးသုံးပါးအတွက် မရှိမဖြစ်အရေးပါသည့် ငွေကြေးဥစ္စာတို့ကို ရှာဖွေစုဆောင်းရာတွင်လည်း မှန်ကန်မျှတသည့် ဝီရိယနှင့် ကြိုးစားအားထုတ်မှုတို့ ရှိရန်လိုသည်။ အောင်မြင်မှုကိုဖြစ်စေသည့် အကြောင်းတရားများကို ကြိုးစားလေ့လာဖြည့်ဆည်းကြရမည်ဖြစ်သကဲ့သို့ စီးပွားဥစ္စာပျက်စီးစေသောအကြောင်းတရားများကိုလည်း ကြိုးစားရှောင်ရှားရမည်ဖြစ်သည်။

"အရက်သေစာသောက်စားခြင်း၊ အချိန်အခါမဲ့သွားလာတတ်ခြင်း၊ အပျော်သက်သက်သာဖြစ်စေသည့် ပွဲလမ်းသဘင်တို့၌ ပျော်နေတတ်ခြင်း၊ လောင်းကစားခုံမင်စွဲလမ်းခြင်း၊ မကောင်းသည့်မိတ်ဆွေများနှင့်ပေါင်းသင်းမိခြင်း၊ ပျင်းရိခြင်း" စသည့် အကြောင်းတရားခြောက်ပါးသည် ဥစ္စာပျက်ကြောင်း အခြေခံအကြောင်းတရားများသာဖြစ်သဖြင့် အောင်မြင်လိုသည့်သူများ ထာဝရရှောင်ရှားရမည်ဖြစ်ပေသည်။ ဥစ္စာပျက်ကြောင်း အကြောင်းတရားများကို ထာဝရရှောင်ရှားခြင်းဖြင့် ကောင်းသည့်အကျိုးတရားများကို ခံစားကာ လောကလူ့ရွာတွင် စီးပွားဥစ္စာများတိုးပွား၍ အောင်မြင်သည့်သူများ ဖြစ်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။

**ကိုးကား**

- **ဗုဒ္ဓဘာသာကောင်းတစ်ယောက်။**
- **သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ၂၀၀၅။**
- **နေ့စဉ်ထုတ်သတင်းစာများ။**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ပျားနှင့်ပင့်ကူ

ဒီတစ်ပတ်မှာတော့ တူလေးနဲ့ တူမလေးတို့ကို ဦးဦးက **"ပျားနှင့်ပင့်ကူ"**ဆိုတဲ့ ပုံပြင်လေး ပြောပြချင်ပါတယ်ကွယ်။


ဟိုးရှေးရှေးတုန်းက တောအုပ်တစ်ခုရဲ့အလယ်မှာ စမ်းချောင်းလေးတစ်ခုရှိသတဲ့ကွယ်။ အဲဒီစမ်းချောင်းကလေးရဲ့ဘေးနားမှာ ဆီးပင်တွေဝန်းရံနေတဲ့ ပဲစင်းငုံစိုက်ခင်းကြီး တစ်ခင်းလဲရှိသတဲ့ကွယ်။ ဆီးပင်တွေမှာ ဆီးပွင့်တွေက လှိုင်လှိုင်ပွင့်ပြီး ဆီးသီးအကင်းကလေးတွေကလဲ သီးလို့နေတာပေါ့ကွယ်။ အဲဒီဆီးပင်ကြီးတစ်ပင်မှာတော့ ပျားအုံကလေးတစ်အုံဖွဲ့လို့နေသတဲ့ကွယ်။ ပျားကောင်ကလေးတွေဟာ ဆီးပွင့်လေးတွေဆီကနေ ဝတ်ရည်စုပ်ယူပြီး နေထိုင်ကြသတဲ့။ ပဲစင်းငုံခင်းကြီးကတော့ ပွင့်ချိန်မရောက်သေးတော့ အရွက်နုတွေနဲ့ ယိမ်းနွဲ့လို့နေတာပေါ့ကွယ်။

နောက်ပြီး အဲဒီပဲစင်းငုံခင်းရဲ့ အလယ်၊ ပဲပင်တွေကြားထဲမှာ ပင့်ကူတစ်ကောင်ကလဲ အစာရှာဖွေစားသောက်နေထိုင်သတဲ့။ သူ့ရဲ့မျိုးနွယ်ကတော့ ပိုးမွှားတွေကို ချုံခိုတိုက်ခိုက်တတ်တဲ့ မျိုးနွယ်ပဲဖြစ်တယ်။

ပျားဘုရင်မကြီးဟာ ပျားအပေါင်းကို နေ့စဉ်ဆုံးမစကားတွေပြောသတဲ့။ အန္တရာယ်နဲ့တွေ့ရင် ဘယ်လိုမျိုး ရှောင်တိမ်းရမယ်၊ စည်းလုံးညီညွတ်ရမယ်ဆိုတာတွေ အမြဲပြောလေ့ရှိသတဲ့ကွယ်။ ပြီးတော့ သူတို့ပျားအသိုက်အမြုံလေးထဲမှာ ဖော်ဖော်နဲ့ နော်နော်ဆိုတဲ့ အရွယ်ရောက်ခါစ ပျားကလေးနှစ်ကောင်လဲရှိသတဲ့ကွယ်။ ပျားလေးနှစ်ကောင်ဟာ အားအင်ပြည့်ဖြိုးခါစ ပျားလေးတွေဖြစ်တဲ့အတိုင်း အရာရာကို စူးစမ်းချင်စိတ်ရှိကြသတဲ့ကွယ်။ သူတို့နှစ်ကောင်မှာ ပျားကလေး ဖော်ဖော်က ပျားဘုရင်မကြီးရဲ့စကားတွေကို လေးလေးစားစား နားထောင်လေ့ရှိပေမဲ့ ပျားကလေး နော်နော်ကတော့ ပျားဘုရင်မကြီးရဲ့ ပြောစကားတွေကို မကြားဟန်ပြုပြီး အမြဲရှောင်နေလေ့ရှိသတဲ့ကွယ်။ သူတို့ဟာ ပျားအလုပ်သမားအဖွဲ့ထဲမှာ ရှေ့ပြေးပျားကလေးတွေဖြစ်ကြသတဲ့ကွယ်။

တစ်ခါတုန်းက သူတို့ရဲ့ပျားအုံဟာ နေရာရွှေ့ပြောင်းဖို့အတွက် နေရာသစ်ကို ရှာဖွေခဲ့ကြသတဲ့ကွယ်။ အဲဒီတုန်းက ပျားကလေး နော်နော်ဟာ သူရှာတွေ့ထားတဲ့နေရာကိုတင်ပြခဲ့သတဲ့။ ပျားကလေး ဖော်ဖော်ကလဲ လက်ရှိသူတို့နေတဲ့ ဆီးပင်ရဲ့နေရာကို တင်ပြခဲ့တာပေါ့ကွယ်။

အဲဒီမှာ သူတို့နှစ်ကောင်ဟာ ငြင်းကြ၊ ခုံကြ၊ ခေါင်းချင်းတိုက်ကြ၊ ကိုယ်ချင်းတွန်းကြနဲ့ အတော်ပြိုင်ဆိုင်ခဲ့ကြသတဲ့။ နောက်ဆုံး ပျားအများရဲ့ဆုံးဖြတ်ချက်နဲ့ ပျားကလေး ဖော်ဖော်က အနိုင်ရရှိခဲ့တာပေါ့



ကွယ်။ ဒါကြောင့်လဲ သူတို့နှစ်ကောင် ပြိုင်ဆိုင်ကြတာ မဆန်းပါဘူးကလေးတို့ရေ။

နေရောင်ဖြာတဲ့ နံနက်ခင်းတစ်ခုမှာတော့ ပဲစင်းငုံခင်းရဲ့ အလယ်မှာရှိတဲ့ ပဲပင်လေးတစ်ပင်မှာ အပွင့်ဝါဝါလေးတွေ စတင်ပွင့်လန်းလို့လာတယ်။ အဲဒီပဲပင်လေးရဲ့ အနီးအနားမှာ ပင့်ကူ တစ်ကောင်က ကျက်စားလို့နေသတဲ့ကွယ်။ ပဲပင်ရဲ့အောက်ခြေနားမှာလဲ ပေါင်းမြက်တွေနဲ့ ရှုပ်ထွေးလို့နေသတဲ့ကွယ်။

အဲဒီပဲပင်လေးစပွင့်တာကို ပျားကလေးနှစ်ကောင်စလုံးက သတိထားမိကြသတဲ့ကွယ်။ ဆီးပွင့်တွေချည်းပဲ ပျားပန်းခပ်လာရတာ ငြီးငွေ့နေကြပြီ။ ဒါကြောင့် မွှေးကြိုင်ပြီး အစွမ်းကုန်ပွင့်လန်းနေတဲ့ ပန်းကလေးတွေကို ဝတ်ရည်စုပ်ဖို့ ပျားကလေး နော်နော်က စိတ်ကူးမိတယ်။ ပျားကလေး ဖော်ဖော်ကတော့ "ဒါဟာ အန္တရာယ်ပဲ"လို့ တွေးမိသတဲ့ကွယ်။

ဒါနဲ့ ပျားကလေး နော်နော်က ပဲပင်လေးရှိရာကို ဦးတည်ပျံသန်းသွားတာပေါ့။ ဒီအခါ ပျားကလေး ဖော်ဖော်က မသွားဖို့တားတယ်။ ဒါပေမဲ့ ဘယ်လိုတားတားမရဘူးပေါ့ကွယ်။ ပန်းပွင့်တစ်ပွင့်ပေါ်မှာ အခြားပျားအုံက ရှေ့ပြေးပျားကလေးတစ်ကောင်လဲ ပျားပန်းခပ်နေတာကို တွေ့မြင်နေရသတဲ့ကွယ်။

ပျားကလေးဖော်ဖော်ဟာ သူ့သူငယ်ချင်းကို ပြောမရတဲ့အဆုံး မလှမ်းမကမ်းကနေပဲ စောင့်ကြည့်နေလိုက်သတဲ့ကွယ်။ ပန်းပွင့်လေးအပေါ်ကို ပျားကလေး နော်နော် နားယူလိုက်တဲ့အချိန်မှာ ပဲပင်အောက်က ပျားကလေးတစ်ကောင်ထွက်လာတာကို မြင်လိုက်ရသတဲ့ကွယ်။ ထွက်လာတဲ့ပျားကလေးကတော့ အစောင့်ပျားကလေးပဲဖြစ်တယ်။ ဒီအခါကျမှ အပင်ရဲ့အခြေမှာ အခြားပျားအုံတစ်အုံရှိနေတာကို တွေ့မြင်လိုက်ရသတဲ့ကွယ်။ အစောင့်ပျားကလေးဟာ အနံ့ကွဲပြားနေတဲ့ ပျားကလေး နော်နော်ကို ပျားသူခိုးထင်မှတ်ပြီး စတင်တိုက်ခိုက်ဖို့ ပြင်ဆင်သတဲ့ကွယ်။ ပျားကလေး နော်နော်က သူဟာ ပျားသူခိုးမဟုတ်ကြောင်း ပြန်ပြောတာပေါ့။ ဒါပေမဲ့ အစောင့်ပျားကလေးက လက်မခံဘူးပေါ့ကွယ်။

ပျားကလေး နော်နော်ဟာ စိတ်မထိန်းနိုင်တော့ဘဲ အစောင့်ပျားကလေးကို စတင်တိုက်ခိုက်ပါတော့တယ်။ ဒီအခါ ပန်းပွင့်လေးတွေအပေါ်မှာ ပျားနှစ်ကောင်ရဲ့ တိုက်ပွဲဟာ ပြင်းထန်လို့နေတယ်။ မကြာခင်ပဲ အုံထဲမှာရှိတဲ့ အခြားအစောင့်ပျားတွေ အကူလာဖို့ဟန်ပြင်ကြတယ်။ အစောင့်ပျားတွေ ရောက်မလာခင်မှာပဲ အနားမှာချောင်းမြောင်းနေတဲ့ ပင့်ကူဟာ ပျားနှစ်ကောင်ရဲ့ခန္ဓာကိုယ်ထဲကို အဆိပ်ရည်တွေ ထိုးသွင်းလိုက်ပါတော့တယ်။ ပျားနှစ်ကောင် ငြိမ်ကျသွားပြီး ပင့်ကူက လျင်မြန်စွာ သူတို့ခန္ဓာကိုယ်ကို စုပ်ယူစားသုံးလိုက်ပါတော့တယ်။

သူတို့ကိုကြည့်ပြီး ပျားကလေး ဖော်ဖော်ဟာ အလွန်ဝမ်းနည်းမိသတဲ့ကွယ်။ ပျားဘုရင်မကြီးကလဲ ပန်းပွင့်တဲ့ ရာသီကိုရောက်တိုင်း ပျားကလေး နော်နော်ရဲ့အကြောင်းကို ပြန်လည်ပြောပြပြီး ဆုံးမလေ့ရှိသတဲ့ကွယ်။

ကဲ. . . ပုံပြင်လေးကတော့ ဒါပါပဲကလေးတို့ရေ။ ဒီပုံပြင်လေးကိုနားထောင်ပြီး ကလေးတို့ရဲ့ဘဝမှာ ဆရာသမား၊ လူကြီးမိဘတွေရဲ့ ဆိုဆုံးမစကားတွေကို အမြဲအလေးထား လိုက်နာပြီး ကလေးတို့ရဲ့ မိသားစု၊ ပတ်ဝန်းကျင်မှာ အချင်းချင်းအငြင်းမပွားဘဲ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနေတတ်မှသာ ရန်သူတွေ ကြားဝင်လို့မရနိုင်ဘူးဆိုတာကို ဒီပုံပြင်လေးက မီးမောင်းထိုး ဖော်ပြလိုက်တာဖြစ်လို့ ကလေးတို့ သတိပြုဆင်ခြင်နိုင်ကြပါစေကွယ်။

**ဆလိုင်းသန်းဇော်ဝင်း**

## တို့ကျောင်းကထိန်ပွဲ နှစ်စဉ်နွှဲ

À တို့ကျောင်းမှာလေ နှစ်စဉ်နွှဲတဲ့
ကထိန်ပွဲတော် ကျင်းပတယ်၊
မိဘဆရာ တပည့်များနှင့်
အကြိုသွားလို့ လှည့်ပွဲမယ်။

À ဒိုးပတ်အိုးစည် အဆိုအကနှင့်
စည်းလုံးကြလို့ စည်ကားတယ်၊
စုပေါင်းညီညာ သဒ္ဓါစွမ်းနှင့်
ကထိန်သင်္ကန်း ဆက်ကပ်မယ်။
ကပ်မယ်ကပ်ကွယ်။ ။



**အလင်္ကာ(ပွင့်ဖြူ)**

## ပျားသကာလို စကားချို

À ပျားသကာလို စကားချို
ယဉ်ကျေးလိမ္မာပို၊
တမာလိုခါး ဆိုစကား
တို့များဖယ်ရှောင်ရှား။

À နှလုံးသားလေး အလှဆင်
ပြုံးပန်းဝေဆာလွင်၊
တန်ဖိုးမြှင့်တင် ဘဝလမ်း
ခူးဆွတ်မြတ်အောင်ပန်း။ ။



**ရဲသွေးနီ(တက်ဝန်)**

# ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၀၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၀၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် ဟင်းသီးဟင်းရွက် ၆၁၅၂ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၃၄၁ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၉၆၇ ဧက စုစုပေါင်း ၁၃၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥစတဲ့ သီးနှံတွေဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင် ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ယခုနှစ် ကောလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကိုပိုမိုတိုးချဲ့စိုက်ပျိုးရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဇီးကုန်းမြို့နယ် ကရင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကရင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်နှင့် ဝန်ထမ်းများက ကရင်ကုန်းကျေးရွာရှိ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းမူဘောင်နှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ ရန်ပုံငွေကျပ် ၄၄ ဒသမ ၆ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကရင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၃ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၂ ဦးကိုငွေကျပ် ၃၁ သန်း စုစုပေါင်း အသင်းသား၊အသင်းသူ ၈၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၆သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

# မဲဆန္ဒရှင်တစ်ဦးရှောင်ရန် အချက်များ ( အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း )

- မဲရုံအတွင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်မှအပ မသက်ဆိုင်သည့်ပစ္စည်းများ ယူဆောင်မလာရ၊
- ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြု ရမည်၊ တစ်ကြိမ်ထက်ပို၍ မနှိပ်ရ။ ခလုတ်တစ်ခုထက်ပို၍ ခလုတ်နှစ်ခု၊ သုံးခု တစ်ပြိုင်တည်း မနှိပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင် သော ဆောင်ရွက်မှုတစ်ခုခု မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို တစ်နည်းနည်းဖြင့် အနှောင့် အယှက်ပြုခြင်း မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊
- ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ အတွက် ဆန္ဒမဲမပေးရ၊ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ် ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ၊
- သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊
- သူတစ်ပါးကိုယ်စားမဲမပေးရ။

“ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်”
“လွတ်လပ်မျှတ၊ မဲပေးကြ”

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm










## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိုးကုတ်မြို့၊ မင်းတံတားရပ်၊ ၁၀/၁၃၉ နေ ဦးရဲထွန်းဦး + ဒေါ်မြသီတာတို့၏သား မောင်နိုင်ဦးကို (၉/မကန(နိုင်)၁၃၀၃၈၇)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအားလုံး လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးရဲထွန်းဦး(၉/မတရ(နိုင်)၀၀၀၂၀၆)

ဒေါ်မြသီတာ(၇/ပခန(နိုင်)၀၁၁၁၄၀)

## ပျောက်ဆုံးကြောင်း

ကွတ်ခိုင်မြို့၊ အမှတ်(၃)ရပ်ကွက်နေ ဒေါ်ဝမ်ဆိုက်လိန်း (ဘ) ဦးဝမ်ယုံချိန်(၁၃/ကခန(နိုင်)၁၂၆၇၈၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(M–916464)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–688008243

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ရွှေကူ (၁၈)ရပ်ကွက်နေ ဦးအောင်သိန်း (ဘ) ဦးတာပို(၉/မကန(နိုင်)၀၂၁၅၄၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA–364888)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–776195772

## အဖိုးတန်ရေချိုကို ချွေတာပါ



❖ **ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၂၄ ရက်တွင်ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# သီပေါမြို့၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်ဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်၊ ကျောက်မဲမြို့ ပြည်သူ့ဆေးရုံဖွင့်လှစ်



သီပေါမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နှင့် အနီးတစ်ဝိုက်၌ အစိုးရ၏ အုပ်ချုပ်မှုယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့်ဒေသခံပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပြန်လည် ဆောင်ရွက်နိုင်ရေးတို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ သီပေါမြို့၌ အခြေခံပညာကျောင်းပေါင်း ၁၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ❑

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ပွဲတော်များ စုံလင်စွာ စီစဉ်ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်ထားရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာစီစဉ်ကျင်းပမည်ဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်တွင် ဝတ်ရွတ်အသင်းများရွတ်ဖတ်ပူဇော်ပွဲ၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲနှင့် LED မီးများဖြင့် အလှဆင်ပူဇော်မှုများအပြင် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ၊ ညမီးကျည်နှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ပြိုင်ပွဲများဖြင့် စီစဉ်ကျင်းပမည်ဖြစ်ပြီး မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အလားတူ ညပိုင်းဈေးရောင်းပွဲတော်ကို MSME ထုတ်ကုန်ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒေသထွက်ကုန်များနှင့် ဈေးဆိုင်ခန်းမျိုးစုံ

စာမျက်နှာ ၂၂ ကော်လံ ၄ ☆


# ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း အရှိန်ကြောင့် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၁**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း နိုဝင်ဘာ ၂ ရက်မှ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊

စာမျက်နှာ ၁၇ ကော်လံ ၁ ❖

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ နိုဝင်ဘာ ၁ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် နိုဝင်ဘာ ၂ ရက်မှ ၃ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

**နေပြည်တော် နိုဝင်ဘာ ၁**

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၀ တွင် ဖော်ပြပါရှိပါသည်။ ရတနာပုံ

# ရထားဖြင့် ခရီးသွားပြည်သူများသို့ အသိပေးကြေညာ

စာမျက်နှာ - ၂၁

